# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ကဆုန်လပြည့်ကျော် (၇) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (10-5-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၁၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေး လုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။


၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော် တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ သဘောထားထုတ်ပြန်ချက်** စာမျက်နှာ - ၁၇

**စစ်တွေကုလားတန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းဖွင့်လှစ်နိုင်မှုသည် အိန္ဒိယနိုင်ငံအတွက်သာမက ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွက်ပါ များစွာအကျိုးဖြစ်ထွန်းစေနိုင်မည့် စီမံကိန်း တစ်ခုဖြစ်ပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်နိုင်မည်** စာမျက်နှာ - ၁၆

**သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre - DMC)လုပ်ငန်းဆောင်ရွက်မှု ရှင်းလင်းတင်ပြခြင်းအစည်းအဝေးကျင်းပ** စာမျက်နှာ - ၁၈




## အားကောင်းသော လေဖိအားနည်းရပ်ဝန်း နောက် မြောက်နာရီအတွင်း မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

**နေပြည်တော် မေ ၉**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင် ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသော လေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)သည် စာမျက်နှာ ၁၆ ကော်လံ ၁

## PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်ခြင်း

**(၂၀၂၃ ခုနှစ် မေ ၉ ရက်)**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏တာဝန်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွှဲပြောင်းတာဝန်ထမ်းဆောင်လျက်ရှိပြီး နိုင်ငံတော်ကို စစ်မှန်၍စည်းကမ်း ပြည့်ဝသောဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရန် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည် ချက်(၁၂)ရပ်တို့ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်နေချိန်တွင် ပြည်သူလူထုကို နိုင်ငံရေးဝါဒမှိုင်းတိုက်ပြီး နိုင်ငံတော်ကြီးအလုံးစုံပျက်သုဉ်းရေးဦးတည်ဆောင်ရွက်လိုသူများက ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ(CRPH)၊ အမျိုးသားညီညွတ်ရေးအစိုးရ(NUG)နှင့် NUG၏လက်ဝေခံဖြစ်သည့် ပြည်သူ့ကာကွယ် ရေးအဖွဲ့(PDF)အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းများကို ဥပဒေမဲ့တရားမဝင်ဖွဲ့စည်း၍ လက်နက်ကိုင်အကြမ်းဖက် လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသဖြင့် နိုင်ငံတော်က အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်အဖွဲ့များအဖြစ် ကြေညာခဲ့ပါသည်။

၂။ အဆိုပါအကြမ်းဖက်အဖွဲ့အစည်းများက အပြစ်မဲ့ပြည်သူများကို အကြောက်တရားဖြင့် ဝါဒမှိုင်းတိုက်၍ ဆွဲဆောင် စည်းရုံးကာ အကြမ်းဖက်အဖွဲ့အစည်းများသို့ ဝင်ရောက်စေခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရှိရာ ဒေသ များသို့စေလွှတ်၍ ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများတက်ရောက်စေခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း များတွင် ပူးပေါင်းပါဝင်စေခြင်းတို့ကို လုပ်ဆောင်စေခဲ့ပြီး လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှုများကို လုပ်ဆောင်စေခဲ့ပါသည်။ စာမျက်နှာ ၁၈ ကော်လံ ၁




ရတနာပုံ
၂၀၁၂ ခုနှစ် မေ ၁၀ ရက်
အယ်ဒီတာ့အာဘော်

# လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းရည်မြင့်မားရေး

နိုင်ငံတစ်နိုင်ငံတွင် လူငယ်များသည် အရေးပါသောအခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ နိုင်ငံတော်အခြေခံမူများတွင် "နိုင်ငံတော်သည် လူငယ်များမျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန်တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရမည်"ဟူ၍ ပြဋ္ဌာန်းထားသည်။

ယနေ့လူငယ်များသည် အနာဂတ်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြရမည့် အင်အားစုများဖြစ်သောကြောင့် လူငယ်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းရည်မြင့်မားရေးတို့ကို ပြုစုပျိုးထောင်မြေတောင်မြှောက်ပေးသွားရန် လွန်စွာအရေးကြီးသည်။

၂၀၁၂ ခုနှစ် နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူများ အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစွာအသုံးချတတ်စေရန်၊ မိမိဝါသနာပါသည့်ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို ဧပြီ ၂၄ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ လူငယ်သင်တန်းသား၊ သင်တန်းသူစုစုပေါင်း ၁၄၀၀ ခန့်တို့ တက်ရောက်လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

နိုင်ငံတော်၏အနာဂတ်သားကောင်းရတနာဖြစ်သည့် မျိုးဆက်သစ်လူငယ်များကို ကာယ၊ ဉာဏ၊ စာရိတ္တနှင့်ပြည့်စုံပြီး အများနှင့်စုပေါင်းနေထိုင်တတ်စေရန်၊ အများအကျိုးဆောင်ရွက်နိုင်စေရန်၊ အနာဂတ်မျိုးဆက်သစ်များဖြစ်လာစေရန် နိုင်ငံတော်က ပြုစုပျိုးထောင်မြေတောင်မြှောက်ပေးလျက်ရှိသည်။

ထိုသို့ မြေတောင်မြှောက်ပေးရာတွင် ရေကြောင်းလူငယ်အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းများကို သင်တန်းစခန်း ၁၁ ခုတွင် အခြေခံစစ်ရေးပြနှင့် အခြေခံရေတပ်သားဘာသာရပ်၊ ရေကြောင်းလမ်းညွှန်အခြေခံသဘောတရားများ၊ အသုံးချရေကြောင်းလမ်းညွှန်နှင့် နက္ခတ္တဗေဒဆိုင်ရာများ၊ ဂျီပီအက်စ်အပါအဝင် ရေကြောင်းသွားလာရေးဆိုင်ရာများ၊ အခြေခံရေတပ်သားအချက်ပြဆက်သွယ်ရေးဆိုင်ရာ၊ အခြေခံရေကူးနှင့် လှေလှော်ရွက်တိုက်နည်းတို့ကို သင်ကြားပေးလျက်ရှိရာ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၇၁၂ ဦး လေ့လာသင်ယူလျက်ရှိသည်။ အလားတူ လေကြောင်းလူငယ်အခြေခံသင်တန်းများကို သင်တန်းစခန်း ၁၇ ခု၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး လေကြောင်းသမိုင်း၊ လေယာဉ်ပျံသန်းမှုအခြေခံသဘောတရား၊ လေယာဉ်တည်ဆောက်မှု အခြေခံသဘောတရား၊ လေယာဉ်စက်အုံတည်ဆောက်မှုအခြေခံများ၊ လေယာဉ်ပုံစံငယ်တည်ဆောက်မှုအခြေခံများ၊ **RC Simulartor** မောင်းနှင်ခြင်း၊ **RC** လေယာဉ်၊ ရဟတ်ယာဉ်မောင်းနှင်ခြင်း၊ အခြေခံစစ်ပညာ (လက်နက်မဲ့)ဘာသာရပ်များကို သင်တန်းသား၊ သင်တန်းသူစုစုပေါင်း ၆၈၀ တို့က လေ့လာသင်ယူလျက်ရှိသည်။

သို့ဖြစ်ရာ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသား၊ ကျောင်းသူလူငယ်များ သင်ယူခွင့်၊ လေ့လာခွင့်ရရှိခဲ့သည့် ရေကြောင်းနှင့်လေကြောင်းဆိုင်ရာအသိပညာရပ်များက အသိပညာ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေနိုင်သကဲ့သို့ အနာဂတ်တွင် နိုင်ငံတော်အတွက် အားထားရသည့် ပညာရှင်များ ပေါ်ထွက်လာစေနိုင်မည်ဖြစ်ရာ နိုင်ငံအကျိုးသယ်ပိုးထမ်းရွက်မည့် မျိုးဆက်သစ်များကို ပြုစုပျိုးထောင်မှုမှ စွမ်းရည်မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အလုပ်သမား ၁၁၄၂၁၄ ဦးကို လူမှုဖူလုံရေးအာမခံမှတ်ပုံတင်ထုတ်ပေးနိုင်ခဲ့




**မန္တလေး မေ ၉**

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်အလိုက် အလုပ်ရုံများနှင့် အလုပ်ဌာနများမှ အလုပ်သမား ၁၁၄၂၁၄ ဦးကို လူမှုဖူလုံရေးအာမခံအကျုံးဝင်မှတ်ပုံတင်ခွင့်ပြုထုတ်ပေးနိုင်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ သိရသည်။

အဆိုပါ လူမှုဖူလုံရေးအာမခံအကျုံးဝင်မှတ်ပုံတင်အလုပ်သမားဝင်ရောက်ရန်အတွက် သက်ဆိုင်သည့်အစိုးရဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းဌာနများမှ အလုပ်ရှင်၊ အလုပ်သမားများက ထားရှိကြကြောင်း၊ ထိုသို့ ထားရှိကြရာတွင် အလုပ်ဌာနပေါင်း ၇၃၆၀ ရှိပြီး အလုပ်သမားဦးရေ ၁၁၄၂၁၄ ဦးကို လူမှုဖူလုံရေးအာမခံအကျုံးဝင်မှတ်ပုံတင် ခွင့်ပြုထုတ်ပေးနိုင်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိ ဦးသန်းနိုင်ဦးက ပြောပြသည်။

"ပြီးခဲ့တဲ့ဘဏ္ဍာနှစ်မှာ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ အလုပ်ရုံတွေနဲ့ ဌာနတွေက လူမှုဖူလုံရေးအာမခံ အကျုံးဝင်မှတ်ပုံတင်ကို စိတ်ပါဝင်စားစွာ ထားရှိကြပါတယ်။ အာမခံထားရှိတဲ့အတွက်လဲ အကျိုးခံစားခွင့်တွေရရှိပါတယ်။ အလုပ်ရှင်၊ အလုပ်သမား လူမှုဖူလုံရေးကို လက်ရှိ အကျိုးခံစားနေရတာထက် ပိုပြီး အကျိုးခံစားခွင့်ရရှိအောင် လူမှုဖူလုံရေးကို အကျုံးဝင်မှတ်ပုံတင်ပေးတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်အတွင်းမှာလဲ အလုပ်သမားအယောက် ၁၁၀၀၀၀ ကျော်ကို အကျုံးဝင်မှတ်ပုံတင် ခွင့်ပြုထုတ်ပေးနိုင်ခဲ့ပါတယ်။ အခုလို အာမခံလုပ်ထားတာ သာမန်အချိန်မှာ မသိသာပေမဲ့ လူမှုအခက်အခဲကြုံတွေ့ရချိန်မှာတော့ အလွန်ကို အားထားရတယ်။ အာမခံထားရှိတဲ့အခါမှာလဲ အလုပ်ရှင်၊ အလုပ်သမားတွေရဲ့ ဝင်ငွေထဲကမှ လုပ်ငန်းအလုပ်ရှင်ဌာနက သုံးရာခိုင်နှုန်း၊ အလုပ်သမားတွေက နှစ်ရာခိုင်နှုန်း စုစုပေါင်း ငါးရာခိုင်နှုန်းဖြစ်တဲ့ငွေကို လစဉ်ပေးသွင်းရတာဖြစ်ပါတယ်"ဟု ဦးသန်းနိုင်ဦးက ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လူမှုဖူလုံရေးရုံးသို့ အာမခံအကျုံးဝင်မှတ်ပုံတင် ထားရှိကြသော အလုပ်ဌာနများမှာ အလုပ်သမားငါးဦးအထက်ရှိသည့် စက်ဖြင့် သို့မဟုတ် လက်ဖြင့်လုပ်သည့် စက်မှုလက်မှုအလုပ်ဌာနများ၊ ပြည်သူ့ဘဏ်အလုပ်ဌာန၊ သမဝါယမအလုပ်ဌာန၊ ပုဂ္ဂလိကအလုပ်ဌာန၊ ဖက်စပ်ဌာနများနှင့် အခြားအလုပ်ဌာနများဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ သိရသည်။

(၁၈၅)

# မန္တလေးစျေးကွက်အတွင်း သကြားအရောင်းအဝယ်ကောင်းလာပြီး တစ်ပိဿာလျှင် ငွေကျပ် ၃၁၀၀ ဖြင့် စျေးကောင်းရရှိ

**မန္တလေး မေ ၉**

မန္တလေး စျေးကွက်အတွင်း သကြားအရောင်းအဝယ်ကောင်းလာပြီး တစ်ပိဿာလျှင် ငွေကျပ် ၃၁၀၀ ဖြင့် စျေးကောင်းရရှိနေကြောင်း သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း(မန္တလေး) ဒုတိယဥက္ကဋ္ဌ ဦးဝင်းငွေက ပြောပြ၍ သိရသည်။

ပြည်တွင်းမှထွက်ရှိသည့် သကြားကို တရုတ်နိုင်ငံဘက်ကလည်း ဝယ်ယူမှုများရှိကြောင်း၊ ယခုလတ်တလော ပြည်ပမှကုန်သည်များ သကြားဝယ်ယူမှုများပြားလာသည့်အပြင် ပြည်တွင်းစျေးကွက်အတွင်း၌ပါ သကြားဝယ်ယူမှု များပြားလာခြင်းကြောင့် သကြားစျေးကောင်းရရှိလာကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးကနေထွက်ရှိတဲ့ အရည်အသွေးကောင်းမွန်တဲ့သကြားတွေကို အခုလတ်တလော တရုတ်နိုင်ငံဘက်ကနေ စျေးကောင်းပေးပြီး ဝယ်ယူမှုတွေရှိပါတယ်။ မန္တလေးစျေးကွက်ထဲမှာတော့ သကြားက အရောင်းအဝယ်အကောင်းဆုံးအနေအထားမှာရှိနေပါတယ်"ဟု ဦးဝင်းငွေက ပြောပြသည်။

မန္တလေးစျေးကွက်အတွင်း သကြားစျေးကွက်အနေအထားအရ မေလ ပထမပတ်က သကြားတစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀ ခန့်သာ ပေါက်စျေးရှိခဲ့သော်လည်း မေ ၈ ရက်ပေါက်စျေးအရ သကြားတစ်ပိဿာလျှင် ငွေကျပ် ၃၁၀၀ ထိစျေးရှိပြီး စျေးကောင်းရရှိနေကြောင်း သိရသည်။

"သကြားကတော့ အရောင်းအဝယ်ကောင်းနေပေမဲ့ ကုန်ကြမ်းလက်ကျန်နည်းပါးသွားတာမျိုးတွေ တော့မရှိပါဘူး။ နောက်ပိုင်းဒီထက်ပိုပြီး အရောင်းအဝယ်ထပ်ကောင်းလာရင်တော့ သကြားလက်ကျန်က စျေးကွက်ထဲရှားသွားနိုင်ပါတယ်"ဟု ဦးဝင်းငွေက ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေးတိုင်းဒေသကြီး ခရိုင်လေးခရိုင်၌ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် ဝင်ငွေတိုးတက်စေရေး စီမံကိန်းများဆောင်ရွက်နေ

**မန္တလေး မေ ၉**

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်လေးခရိုင်၌ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် ဝင်ငွေတိုးတက်စေရေးစီမံကိန်းများကို မေလ ပထမပတ်မှစ၍ ဆောင်ရွက်နေပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြ၍ သိရသည်။

အဆိုပါစီမံကိန်းသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်၊ ရမည်းသင်းခရိုင်၊ ညောင်ဦးခရိုင်တွင် ကျေးရွာတစ်ရွာထုတ်ကုန်တစ်ခုစီမံကိန်း၊ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရေးစီမံကိန်း၊ အမျိုးသမီးများအတွက် ဝင်ငွေတိုးတက်ရရှိရေးစီမံကိန်း၊ ခေတ်မီစံပြကျေးရွာများဖော်ဆောင်ပြီး ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးရေးစီမံကိန်းများကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

"အဲဒီစီမံကိန်းလေးခုကို ဒီဘဏ္ဍာနှစ်မှာ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာပါ။ အခုလ ပထမပတ်မှာဆိုရင် ကျေးရွာတွေကို ကွင်းဆင်းဆောင်ရွက်နေပါပြီ။ ကျေးရွာလူထုတွေနဲ့ တွေ့ဆုံပြီး ကော်မတီဖွဲ့မယ်။ အလုပ်လုပ်ကိုင်မဲ့သူတွေကို စိစစ်ရွေးချယ်မယ်။ သင်တန်းတွေပေးသွားမယ်။ လုပ်ငန်းဆောင်ရွက်နိုင်မဲ့ အရင်းအနှီး စက်ပစ္စည်းတွေ ပံ့ပိုးပေးမယ်။ ထုတ်ကုန်ပစ္စည်းထုတ်လုပ်ပြီး စျေးကွက်မှာ ရောင်းချနိုင်ဖို့အတွက် ချိတ်ဆက်ဆောင်ရွက်ပေးမယ်။ ကျေးလက်နေပြည်သူတွေကို အသေးစားထုတ်ကုန်လုပ်ငန်းတွေ ဖန်တီးပေးနိုင်ဖို့နဲ့ မိသားစုဝင်ငွေတိုးပွားလာစေဖို့ ရည်ရွယ်ပြီးတော့ စီမံကိန်းလေးခုလျာထားပြီး ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာပါ။ ကျေးလက်နေပြည်သူတွေ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရေးနဲ့ လုပ်ငန်းရှင်တွေပေါ်ထွက်ရေးကို ဆောင်ရွက်ပေးသွားမှာပါ"ဟု ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကလေးဝမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဖွင့်

**ကလေးဝ မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးတွင် အထောက်အကူပြုနိုင်ရန်၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းဖြင့် ကျွမ်းကျင်လုပ်သားများ လေ့ကျင့်ပျိုးထောင်ပေးရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံဆိုင်ကယ်ပြင်သင်တန်းဖွင့်ပွဲကို မေ ၈ ရက် နံနက် ၉ နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကလေးဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုင်နီလာထွေးက အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံဆိုင်ကယ်ပြင်သင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများနှင့် မိသားစုအတွက် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရှာဖွေနိုင်သည်ထိ ကြိုးစားသင်ယူသွားကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်မိုင်နီလာထွေးက သင်တန်းသားများကို သင်တန်းဆိုင်ရာ အထောက်အကူပြု ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ကလေးဝမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ သင်တန်းသား ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြဆရာ နှစ်ဦးက အခြေခံဆိုင်ကယ်ပြုပြင်နည်းပညာများကို စာတွေ့၊ လက်တွေ့ဖြင့် မေ ၈ ရက်မှ ၂၁ ရက် ၁၄ ရက်ကြာ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ကလေးဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုင်နီလာထွေးက ပြောပြ၍ သိရသည်။

**အေးသူ**




မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၂၇ လမ်းနှင့် ၂၈ လမ်းကြားနေ ကျန်ရစ်သူမိသားစုက ဦးငွေမောင်-ဒေါ်အိမ်ရတို့အား ရည်စူး၍ ဆေးပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးမိုးလွင်၊ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏ၊ တွဲဖက်အတွင်းရေးမှူး ဦးချွန်၊ အဖွဲ့ဝင် ဦးဝင်းမြင့်နှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်မြို့သို့ ယခုနှစ် ဧပြီလအတွင်း ဆန်နှင့်ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၂၉၅၅၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ပုသိမ် မေ ၉**

ဧရာဝတီတိုင်းဒေသကြီးမှ ဆန်နှင့်ဆန်ကွဲများကို ရန်ကုန်မြို့သို့ ယခုနှစ် ဧပြီလအတွင်း ၂၄ ပြည်ဝင် အိတ်ရေ ၂၉၅၅၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပုသိမ်မြို့ ဆန်နှင့်စပါးရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်ချိုချိုလွင်က ပြောပြ၍ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးမှ ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်စပါးများကိုဝယ်ယူကြိတ်ခွဲကာ ရန်ကုန်မြို့သို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပြီးခဲ့သည့် မတ်လအတွင်းက ဆန်နှင့်ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ စုစုပေါင်း ၁၈၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ ဆန်နှင့်ဆန်ကွဲတစ်တင်းခွဲ အိတ်ရေ ၂၉၅၅၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဧရာဝတီတိုင်းဒေသကြီးကနေ လစဉ် ရန်ကုန်ကို ဆန်နဲ့ဆန်ကွဲတွေ တင်ပို့ရောင်းချနေပါတယ်။ ဒီလို တင်ပို့ရောင်းချနေရာမှာ အခုနှစ် ဧပြီလအတွင်း ဆန်နဲ့ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၂၉၅၅၀၀ ထိ တင်ပို့ရောင်းချထားရပါတယ်။ ဆန်နဲ့ဆန်ကွဲတွေအရောင်းအဝယ်သွက်လာပေမဲ့ ဈေးကတော့သိသိသာသာ တက်လာတာမျိုး မရှိသေးပါဘူး။ လက်ရှိ ပုသိမ်ကနေ ရန်ကုန်မြို့ကို ဆန်နဲ့ဆန်ကွဲအိတ်တွေကို ကုန်တင်ကားတွေနဲ့ အများဆုံး တင်ပို့ရောင်းချနေပါတယ်။ အခုလို ဆန်နဲ့ဆန်ကွဲတွေအရောင်းအဝယ်ကောင်းလာတာကြောင့် ကုန်တင်ကုန်ချလုပ်သားတွေ၊ ကုန်သည်တွေ၊ တောင်သူတွေ အဆင်ပြေလာတာတွေ့ရပါတယ်။ ဆန်နဲ့ဆန်ကွဲကို ၂၄ ပြည်ဝင် အိတ်တွေပဲအများဆုံး တင်ပို့ရောင်းချနေပါတယ်"ဟု ပုသိမ်မြို့ ဆန်နှင့်စပါးရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်ချိုချိုလွင်က ပြောပြသည်။

ယခုနှစ် ဧပြီ ၁ ရက်မှ ယနေ့ထိ ဖျာပုံပေါ်ဆန်းမွှေးတစ်အိတ်လျှင် ငွေကျပ် ၇၉၀၀၀၊ ညော်မထတစ်အိတ်လျှင် ငွေကျပ် ၅၈၀၀၀၊ ရက် ၉၀ တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀၊ မနောသုခတစ်အိတ်လျှင် ငွေကျပ် ၅၅၅၀၀၊ သီးထပ်ရင်တစ်အိတ်လျှင် ငွေကျပ် ၅၆၀၀၀၊ ထိုင်းဘေးကျားတစ်အိတ်လျှင် ငွေကျပ် ၅၇၀၀၀၊ နံ့ကားတစ်အိတ်လျှင် ငွေကျပ် ၆၁၅၀၀၊ ဧရာမင်းတစ်အိတ်လျှင် ငွေကျပ် ၆၆၀၀၀၊ ဆင်းသုခတစ်အိတ်လျှင် ငွေကျပ် ၆၃၅၀၀၊ ပုသိမ်ပေါ်ဆန်းမွှေးတစ်အိတ်လျှင် ငွေကျပ် ၆၃၀၀၀၊ ကျားပုံတစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀၊ ဆန်ကွဲတစ်အိတ်လျှင် ငွေကျပ် ၃၅၅၀၀ ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မလှိုင်မြို့နယ် သရက္ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မလှိုင် မေ ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သက္ကယ်ကျင်းအုပ်စု သရက္ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် အသင်းသား၊ အသင်းသူများကိုတွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများကို ပြောကြားသည်။

ဆက်လက်၍ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်စိုးဝင်းက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများကိုရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၃ ဒသမ ၈၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သရက္ကန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀ ကို ငွေကျပ် ၂၂ ဒသမ ၃၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးကိုငွေကျပ် ၂၀ ဒသမ ၆၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုညဒသမ ၈၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၁ ဦးကို ငွေကျပ် ၄၃ ဒသမ ၈၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# မြေပုံမြို့နယ် အုန်းချောင်းကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရေး စစ်ဆေး

**မြေပုံ မေ ၉**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိစေရန်ရည်ရွယ်၍ အုန်းချောင်းကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း အကောင်ထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မြေပြင်အခြေအနေများကို မေ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်လှမြင့်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ အုန်းချောင်းကျေးရွာ၌ အရှည် ပေ ၁၅၈၄၀ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ အလျား ၂၅ ပေ၊ အနံ ငါးပေ၊ အမြင့် သုံးပေရှိ ရေတားတမံတည်ဆောက်ခြင်းနှင့် အလျား ၁၅ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ခြောက်ပေရှိ ရေစုကန်တည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်နိုင်ရေး ကျေးရွာရှိ ရပ်မိရပ်ဖများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လက်ရှိရေသုံးစွဲမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးမောင်လှမြင့်က စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မြေပုံမြို့နယ် အုန်းချောင်းကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၅ ဒသမ ၂၃၀ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအခါ အဆိုပါလုပ်ငန်းများ စတင်အကောင်ထည်ဖော်ဆောင်ရွက်နိုင်ရေး တင်ဒါလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း မြေပုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်လှမြင့်က ပြောပြ၍ သိရသည်။

**ကိုသန်း**



# သရေခေတ္တရာမှရရှိခဲ့သည့် ပျူဒင်္ဂါးများ

**မောင်သာ(ရှေးဟောင်းသုတေသန)**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့မှ အရှေ့ဘက် ငါးမိုင်အကွာတွင်တည်ရှိသည့် သရေခေတ္တရာမြို့ဟောင်းသည် ပျူခေတ်အထောက်အထားများစွာကို တွေ့ရှိခဲ့သည့် ထင်ရှားသော ယဉ်ကျေးမှုနယ်မြေတစ်ခုဖြစ်ကာ ယူနက်စကိုအဖွဲ့က အသိအမှတ်ပြုထားသည့် ကမ္ဘာ့အမွေအနှစ်ဒေသတစ်ခုလည်းဖြစ်သည်။ သရေခေတ္တရာကို ၁၉၀၇ ခုနှစ်တွင် ပထမဆုံးတူးဖော်ခဲ့ပြီး ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်သုတေသနပြုမှုများကို ခေတ်အဆက်ဆက်ဆောင်ရွက်ခဲ့ကြကာ ပျူယဉ်ကျေးမှုဆိုင်ရာရုပ်ဝတ္ထုများကို ဖော်ထုတ်နိုင်ခဲ့သည်။

ရှေးဟောင်းဒင်္ဂါးများကို သရေခေတ္တရာအပြင် မြစ်သားမြို့နယ် ပင်လယ်မြို့ဟောင်း(မိုင်းမောမြို့ဟောင်း)၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌လည်း တွေ့ရှိခဲ့သည်။ ဒင်္ဂါးများသည် တံဆိပ်ခတ်နှိပ်ထားသည့် ငွေပြားအဝိုင်းလေးများဖြစ်ကြပြီး ပုံသဏ္ဌာန်များက တစ်ခုနှင့်တစ်ခု ဆင်တူယိုးမှားဖြစ်သည်။ ဒင်္ဂါးအများစုကို ပျူမြို့ဟောင်းများဖြစ်ကြသည့် သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းမှရရှိခဲ့သဖြင့် ၎င်းတို့ကို ပျူဒင်္ဂါးများဟု ယေဘုယျအားဖြင့် သတ်မှတ်ခဲ့သည်။ မြန်မာနိုင်ငံအတွင်း တွေ့ရှိခဲ့သည့်ဒင်္ဂါးများတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက္ကသာရွာမှရရှိခဲ့သည့် ဒင်္ဂါးများသည် အရေအတွက် အများဆုံးဖြစ်ပေသည်။

ပျူဒင်္ဂါးများကို ငွေဖြင့်သာ အများဆုံးပြုလုပ်ကြသော်လည်း ၁၉၉၉ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်အတွင်းမှရရှိခဲ့သည့် အရွယ်စုံ ဒင်္ဂါး ၃၆ ပြားသည် သီရိဝစ္ဆအမှတ် လက္ခဏာပါရှိသည့် ပျူခေတ်လက်ရာ ရွှေဒင်္ဂါးများဖြစ်ကြသည်။ အဖျောက်ကျေးရွာမှ ဆရာတော် ဦးတေဇဝန္တသိဒ္ဓိသည် ရှေးဟောင်းဘုရားပြုပြင်ရာမှ ရွှေဒင်္ဂါးများနှင့်အတူ ငွေဒင်္ဂါးအကြီး ၁၀ ပြား၊ အလတ်တစ်ပြားနှင့် အသေး ၂၈၈ ပြားကို တွေ့ရှိခဲ့ပြီး နိုင်ငံတော်သို့ အပ်နှံခဲ့သည်။

**သရေခေတ္တရာ ဒင်္ဂါးများ**

သရေခေတ္တရာကို တည်ထောင်ခဲ့ချိန်တွင် ဗိဿနိုး၊ ဟန်လင်း၊ မြေဝတီနှင့် ဝေသာလီတို့သည် ခေတ်ပြိုင်မြို့ပြများဖြစ်ခဲ့ကြသည်။ ပျူမြို့များနှင့် ရခိုင်မြို့များသည် ကူးလူးဆက်ဆံမှုများရှိခဲ့ဟန်ရှိကာ ပျူဒင်္ဂါးနှစ်ချပ်ကို ၁၉၈၅ ခုနှစ်တွင် တောင်ကုတ်မြို့နယ်မှ ရရှိခဲ့ကြောင်း မြန်မာနိုင်ငံရှိ ရှေးဟောင်းဒင်္ဂါးများစာအုပ်တွင် ဖော်ပြထားသည်။

သရေခေတ္တရာဒေသအတွင်းမှ ရရှိခဲ့သည့် ဒင်္ဂါးများသည် တစ်ခုနှင့်တစ်ခု ပုံစံကွဲပြားနေကြကာ ယေဘုယျအားဖြင့် လေးမျိုးခွဲခြားနိုင်သည်။

သရေခေတ္တရာ ဒင်္ဂါးပထမအမျိုးအစား၏ မျက်နှာတွင် အတွင်း၌ ဒေါင်လိုက် ဖောက်ထိုးအနေအထားဖြစ်နေသည့် ခရုသင်းပုံ တစ်ခုပါရှိသည့် သီရိဝစ္ဆကို မြင်တွေ့ရသည်။ သီရိဝစ္ဆ၏ ဘေးနှစ်ဖက်တွင် ဗိန္ဒုပြောက် တစ်ခုစီပါရှိသည်။ ဒင်္ဂါး၏ ကျောဘက်တွင် ဘဒ္ဒပီဌနှင့် ဗိန္ဒုပြောက်များပါရှိပြီး ၎င်းဒင်္ဂါးများကို ၁၉၂၆ -၁၉၂၇ ခုနှစ်တွင် သရေခေတ္တရာ ခင်ဘကုန်းမှ တူးဖော်ရရှိခဲ့သည်။

သရေခေတ္တရာဒင်္ဂါး ဒုတိယအမျိုးအစား၏ မျက်နှာပေါ်တွင် အတွင်း၌ စေတီလုံးတစ်ဆူပါရှိသည့် သီရိဝစ္ဆပုံပါရှိသည်။ ၎င်းစေတီလုံးကို အပေါ်အောက်ဆင့်နေသည့် ဗိန္ဒုပြောက်လေးခုစီက ဘေးနှစ်ဖက်တွင် ရံထားသည်။ ဒင်္ဂါးပြား၏ အပေါ်ပိုင်းယာဘက်တွင် နေပုံနှင့် ဝဲဘက်တွင် လပုံ၊ ဒင်္ဂါးပြားယာဘက် အလယ်တွင် ခရုသင်းနှင့် ဝဲဘက်အလယ်တွင် ဝရဇိန်လက်နက်တို့ပါရှိပြီး ဒင်္ဂါးပြားအောက်ပိုင်းတွင် လှိုင်းတွန့်သုံးခုပါရှိသည်။ ဒင်္ဂါးပြား၏ ကျောဘက်အနားပတ်လည်ကို ဗိန္ဒုပြောက်များစီထားကာ မျက်နှာပြင်ပေါ်၌ ဘဒ္ဒပီဌပုံကို မြင်တွေ့ကြရသည်။ ၎င်းဒင်္ဂါးများကို ၁၉၁၁-၁၉၁၂ ခုနှစ်တွင် သရေခေတ္တရာ၊ ဘောဘောကြီးစေတီအနီးမှ တူးဖော်ရရှိခဲ့သည်။



**သရေခေတ္တရာ ပျူဒင်္ဂါးများကိုတွေ့ရစဉ်။**

တတိယအမျိုးအစားဒင်္ဂါးသည် ဒုတိယအမျိုးအစားဒင်္ဂါးနှင့်ဆင်တူသယောင်ရှိသော်လည်း သီရိဝစ္ဆအတွင်း၌ စေတီလုံးမပါရှိဘဲ အပေါ်အောက်ဆင့်နေသည့် ဗိန္ဒုပြောက် သုံးလုံးတန်းသုံးခုကို တွေ့ရှိရသည်။ ဒင်္ဂါး၏ ကျောဘက်တွင် ဗိန္ဒုပြောက် အနားပတ်လည်အတွင်း၌ ဘဒ္ဒပီဌကို ထည့်သွင်းပြုလုပ်ထားသည်။ ၎င်းဒင်္ဂါးများကို ခင်ဘကုန်းအပါအဝင် သရေခေတ္တရာနယ်မြေအတွင်းမှ အများအပြားရရှိခဲ့ရာ ၁၉၁၄ ခုနှစ်တွင် သရေခေတ္တရာနယ် မှော်ဇာအနောက်ဘက်မှ ဒင်္ဂါး ၇၁ ပြား၊ ငါးခုအိုင်ရွာအနီးမှ ဒင်္ဂါး ၁၁၂ ပြားရရှိခဲ့သည့်အနက် ဒုတိယအမျိုးအစားနှင့် တတိယအမျိုးအစားဒင်္ဂါးများပါဝင်ခဲ့သည်။

စတုတ္ထအမျိုးအစား ဒင်္ဂါးများ၏ မျက်နှာစာပေါ်ရှိ သီရိဝစ္ဆ၏ အထက်ဝဲယာတွင် နေနှင့်လပုံရှိသည်။ ဘေးဝဲယာတွင် စကြာပုံနှင့်ဘဒ္ဒပီဌပါရှိပြီး အောက်ပိုင်းတွင် ဗိန္ဒုပြောက်သုံးလုံးနှင့်အထက်တွင် ဗိန္ဒုပြောက်တစ်လုံးကိုထည့်သွင်းပြုလုပ်ထားသည်။ ကျောဘက်တွင် ဗိန္ဒုပြောက်ပတ်လည် အနားအတွင်းတက်နေဝန်းပုံပါရှိကာ ဖြာထွက်နေသည့် ရောင်ခြည်တန်းတစ်ခုစီကြား၌ ဗိန္ဒုပြောက်တစ်ခုစီထည့်သွင်းထားသည်။ ၎င်းဒင်္ဂါးတစ်ပြားကို သရေခေတ္တရာ ခင်ဘကုန်းမှရရှိခဲ့ပြီး ဟန်လင်းတွင်၎င်းဒင်္ဂါးပုံစံများကို အများအပြားတွေ့ရှိခဲ့ရသဖြင့် ဟန်လင်းဒင်္ဂါးဟု လူသိများခဲ့သည်။

သရေခေတ္တရာမှတွေ့ရှိခဲ့သည့် ပျူဒင်္ဂါးများ၏ ကျောဘက်တွင်ပါရှိသော ဘဒ္ဒပီဌလက္ခဏာများသည် တစ်ခုနှင့်တစ်ခု မတူညီကြချေ။ ပထမပုံစံဒင်္ဂါးတွင် ပါရှိသည့် ဘဒ္ဒပီဌသည် သေးငယ်သော စက်ဝိုင်းတစ်ခုကို အလယ်တွင်ထား၍ နှစ်ထပ်သုံးထောင့်ချွန်းနှစ်ခုကို စက်ဝိုင်း၏ အပေါ်နှင့်အောက်တွင် ထိပ်တိုက်ထားသည်။ ဒုတိယအမျိုးအစားဒင်္ဂါးတွင် အလယ်ရှိ စက်ဝန်းကို နှစ်ထပ်ပွင့်ဖတ်များဖြင့် ဆက်ထားသည်။ အပေါ်ပိုင်းရှိ သုံးထောင့်ချွန်းကို အောက်ပိုင်းရှိ ဖြန့်ထားသော ယပ်တောင်တစ်ခုနှင့် ထိပ်ချင်းဆိုင်ထားသည့် ပုံသဏ္ဌာန်ကို မြင်ကြရသည်။

တတိယအမျိုးအစားဒင်္ဂါးတွင် ဒင်္ဂါးအလယ်ရှိ စက်ဝိုင်းကို သုံးထောင့်ချွန်းနှစ်ခုက ထိပ်တိုက်ထားကာ ၎င်းသုံးထောင့်ချွန်းနှစ်ခု၏ အနားများသည် ဖြောင့်တန်းမနေဘဲ အနည်းငယ် ကွေးညွတ်နေကြသည်။ ဘဒ္ဒပီဌ၏အောက်တွင် မျဉ်းကြောင်းများ ထည့်သွင်းထားရာတွင် တစ်ခုနှင့်တစ်ခုတူညီမှုမရှိချေ။ ပထမအမျိုးအစားဒင်္ဂါး၏ အောက်ခြေမျဉ်းနှစ်ခုသည် ဖြောင့်တန်းနေသော်လည်း ဒုတိယအမျိုးအစားဒင်္ဂါးတွင် ပါရှိသည့် မျဉ်းတိုအထူငါးကြောင်းသည် ကွေးနေပြီး စက်ဝိုင်းခြမ်းပုံပြုလုပ်ထားသည်။ တတိယအမျိုးအစားဒင်္ဂါး၏မျဉ်းများသည်လည်း အနည်းငယ်ညွတ်နေကြပေသည်။ စတုတ္ထအမျိုးအစားတွင် မျဉ်းကြောင်းများမပါရှိချေ။

သရေခေတ္တရာ ဒင်္ဂါးများအားလုံး၏ ကျောဘက်တွင် ဒင်္ဂါး၏ အနားပတ်လည်ကို ဗိန္ဒုပြောက်များဖြင့် နှုတ်ခမ်းသတ်ထားပြီး စတုတ္ထဒင်္ဂါးသည် ဗိန္ဒုပြောက်နှစ်ထပ်ပုံဖြစ်သည်။

**သရေခေတ္တရာဒင်္ဂါးများ၏ ထူးခြားချက်များ**

သရေခေတ္တရာမှတွေ့ရှိခဲ့သည့် ပထမအမျိုးအစားဒင်္ဂါးတွင် သီရိဝစ္ဆအတွင်း၌ ခရုသင်းကို ဖောက်ထိုးထည့်သွင်းထားခြင်းသည် ထူးခြားချက်တစ်ရပ်ဟု ယူဆနိုင်သည်။ ၎င်းဒင်္ဂါးကို အရှေ့တောင်အာရှနှင့်ဝေသာလီတွင် တွေ့ရှိရသော ခရုသင်းပုံပါရှိသည့် ဒင်္ဂါးများအနက် အစောဆုံးလက်ရာ ပျူဒင်္ဂါးဖြစ်နိုင်ကြောင်း သုံးသပ်ကြသည်။

ခရုသင်း၏အမြီးသည် လက်ဝဲဘက်သို့ ကွေးနေကာ လူတစ်ဦး လက်မကွေးထားပုံနှင့် တူညီနေသည်။ ဒင်္ဂါးထိပ်တွင်ပါရှိသည့် ဥကင်သည် အပေါ်သို့ ချွန်တက်နေကာ ခရုသင်း၏ ဝဲယာနှစ်ဖက်ရှိပုံသည် နဂါးပါးပျဉ်းဖြန့်ထားသည့် အသွင်ဖြစ်သည်။ ပါးပျဉ်းအောက် ခြေတစ်ဖက်စီတွင်ပါရှိသည့် အလုံးပြောက်နှစ်ခုသည် နေနှင့်လကို ရည်ညွှန်းထည့်သွင်းထားခြင်းဟု ယူဆကြသည်။

ဒင်္ဂါး၏ကျောဘက်တွင် ဗိန္ဒုပြောက် ၄၅ လုံးပါရှိပြီး ဘဒ္ဒပီဌ၏ သိမ်နေသည့် ခါးနေရာကို ဖဲကြိုးဖြင့်စည်းထားဟန်ရှိကာ ဘေးနှစ်ဖက်ရှိပုံကို တချို့က မြွေပါးပျဉ်းဖြန့်ထားသည်ဟု ယူဆကြသကဲ့သို့ တချို့က ဖဲပြားလွင့်နေပုံဟု ယူဆကြသည်။ ဘဒ္ဒပီဌအပေါ်တွင်ရှိသည့် ဗိန္ဒုပြောက်ငါးခုသည် ဤဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူမည့် ဗုဒ္ဓဘုရားရှင် ငါးဆူကို ရည်ရွယ်ခဲ့သလောဟု စဉ်းစားနိုင်ကြပေသည်။

ဒုတိယအမျိုးအစားဒင်္ဂါးတွင်ပါရှိသည့် သီရိဝစ္ဆပုံသည် ပထမဒင်္ဂါးထက်ပိုမိုပြည့်စုံသည်။ သီရိဝစ္ဆထိပ်ရှိ ဥကင်ဝဲဘက်တွင် လကိုကိုယ်စားပြုသည့် ရိုးရိုးစက်ဝိုင်းတစ်ခုကိုသာ ထည့်သွင်းထားသော်လည်း ယာဘက်ရှိ နေပုံကို ဖော်ညွှန်းရာတွင် ရောင်ခြည်တန်းများဖြာထွက်နေသည်။ သီရိဝစ္ဆအလယ်ရှိ စေတီလုံးသည် သရေခေတ္တရာရှိ ဘောဘောကြီးစေတီနှင့် ပုံသဏ္ဌာန်တူညီနေကာ ဒင်္ဂါး၏ယာဘက်တွင်ပါရှိသည့် ခရု သင်းပုံကိုလည်း ဖောက်ထိုးပြုလုပ်ထားသည်။ အောက်ခြေရှိ မျဉ်းကွေးသုံးချောင်းအနက် အောက်ဆုံးမျဉ်းသည် လှိုင်းထနေသည့်ပုံဖြစ်သည်။

ဒင်္ဂါးပြား၏ ကျောဘက်အနားပတ်လည်ကို စက်ဝိုင်းမျဉ်းနှစ်ထပ်ဖြင့် အနားသတ်ထားပြီး မျဉ်းနှစ်ထပ်ကြားတွင် ဗိန္ဒုပြောက်များ ထည့်သွင်းထားသည်။ ၎င်းဒင်္ဂါး၏ ထူးခြားချက်မှာ ဘဒ္ဒပီဌ၏အပေါ်တွင် ဗိန္ဒုပြောက်ငါးခုကို တန်းလျက်ပြုလုပ်ထားခြင်းဖြစ်သည်။ ဗိန္ဒုပြောက်များသည် အရွယ်မတူညီကြဘဲ အလယ်မှအပြောက်သည် အကြီးဆုံးဖြစ်သည်။ ဘဒ္ဒပီဌ၏အောက်တွင် တုံးတိုငါးခုကို ဒင်္ဂါးအနားအတိုင်း ကွေးလျက်တန်းစီထားရာ လခြမ်းပက်လက်ပုံနှင့် တူနေသည်။

သရေခေတ္တရာ ပျူဒင်္ဂါးများတွင် တတိယအမျိုးအစားဒင်္ဂါးများကို အများဆုံးတွေ့ရှိရသည်။ ဒင်္ဂါး၏ ရှေ့မျက်နှာသည် သီရိဝစ္ဆအတွင်း ထည့်သွင်းထားသည့် အရာမှလွဲ၍ ဒုတိယအမျိုးအစားနှင့် အားလုံးနီးပါး တူညီသည်။ ဒုတိယအမျိုးအစားတွင် သီရိဝစ္ဆအတွင်း၌ စေတီလုံးတစ်ဆူပုံကို ထည့်သွင်းထားပြီး တတိယအမျိုးအစားတွင် ဗိန္ဒုသုံးလုံးဆင့် သုံးတန်း ထည့်သွင်းထားသည်။ စေတီတော်နေရာတွင် အလုံးကိုးလုံးကို ထည့်သွင်းထားရာ ဗုဒ္ဓဂုဏ်တော်ကိုးပါးကို ရည်ညွှန်းသလောဟု တွေးဆဖွယ်ရှိပေသည်။

၎င်းဒင်္ဂါး၏ ကျောဘက်တွင် ဗိန္ဒုပြောက်အလုံး ၅၀ ပါရှိသည်။ ဘဒ္ဒပီဌ၏အပေါ်တွင် မီးညွန့်တက်နေသည့် ဆီမီးခွက်ငါးခုပုံကို မြင်ကြရပြီး မည်သည့်အဓိပ္ပာယ်ဆိုသည်ကို မခန့်မှန်းနိုင်ကြပါချေ။ အောက်ခြေမျဉ်းနှစ်ကြောင်းသည် အောက်ဘက်သို့ အနည်းငယ်စီ ကွေးနေကြသည်။

သရေခေတ္တရာတွင် တွေ့ရှိရသည့် ဒင်္ဂါးများအနက် စတုတ္ထအမျိုးအစားဖြစ်သည့် ဒင်္ဂါးများကို ဟန်လင်းတွင် အများဆုံးတွေ့ရှိရသည်။ ၎င်းဒင်္ဂါး၏ ရှေ့မျက်နှာရှိ သီရိဝစ္ဆအတွင်း၌ အစက်အပြောက်သုံးခုပါရှိကာ ၎င်းအစက်သုံးခု၊ ဥကင်ထိပ်တွင်ရှိသည့် အစက်နှင့်အောက်ဆုံးတွင်ရှိသည့် အစက်တို့သည် ဒေါင်လိုက်အချိုးညီစွာ ငါးလုံးတစ်တန်းတည်း တည်ရှိနေကြသည်။ ၎င်းဒင်္ဂါးပေါ်မှ သီရိဝစ္ဆပုံသည် အခြားဒင်္ဂါးများတွင် တွေ့ရှိရသည့်သီရိဝစ္ဆပုံများနှင့် အနည်းငယ်ကွဲလွဲနေသည်။ ဒင်္ဂါး၏ကျောဘက်တွင် စက်ဝိုင်းနှစ်ထပ်ကြား၌ ဗိန္ဒုပြောက် ၄၈ လုံးပါရှိပြီး နေရောင်ခြည်တန်း ၁၄ တန်းကြားတွင် ဗိန္ဒုပြောက် ၁၄ လုံး ထည့်သွင်းထားသည်။

**သီရိဝစ္ဆနှင့်ဘဒ္ဒပီဌ**

ပျူဒင်္ဂါးများကို မျက်နှာဘက်တွင် သီရိဝစ္ဆ၊ ကျောဘက်တွင် ဘဒ္ဒပီဌ သို့မဟုတ် တက်နေဝန်းပုံ အမှတ်အသားများကို အခြေခံလျက် အမျိုးအစားများခွဲခြားထားရာ သရေခေတ္တရာတွင် ဒင်္ဂါးလေးမျိုး၊ ဟန်လင်းတွင် ဒင်္ဂါးသုံးမျိုးနှင့် ဗိဿနိုးတွင် ဒင်္ဂါးနှစ်မျိုးတွေ့ရှိရကြောင်း ရှေးဟောင်းသုတေသနပညာရှင် ဦးမြင့်အောင်က သုံးသပ်ခဲ့သည်။

သီရိဝစ္ဆ၏ ရှေ့ပြေးအမှတ်လက္ခဏာများကို အိန္ဒိယနိုင်ငံရှိ ဆန်ချီစေတီ တုရိုဏ်တိုင်များ၊ မိဂဒါဝုန်မှ ကျောက်ဆစ်လက်ရာများ၊ အမရဝတီစေတီရှိ ဗုဒ္ဓခြေတော်ရာနှင့် ဂျိန်းဘာသာ အဆောက်အအုံများတွင် တွေ့ရှိနိုင်သည်။ သီရိဝစ္ဆဟူသည့် ဝေါဟာရသည် သက္ကတဘာသာစကားလုံး ဗြိဝတ္တမှ ဆင်းသက်လာပြီး မြတ်နိုးဖွယ် သီရိနတ်သမီးဟု အဓိပ္ပာယ်ရှိသည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ရေဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၇၉၀၁ ဧက စိုက်ပျိုးပြီးစီး

**ရေဦး မေ ၉**

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်တွင် နွေစပါး ၇၉၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ရေဦးမြို့နယ်တွင် နွေစပါးဧက ၄၀၂၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၉၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ရေဦးမြို့နယ်မှာ နွေစပါးဧက ၄၀၂၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ နွေစပါး ၇၉၀၁ ဧက စိုက်ပျိုးပြီးစီးပါပြီ။ နွေစပါးစိုက်ပျိုးမှုကို မနှစ်ကထက်ပိုစိုက်ပျိုးနိုင်အောင် ဆောင်ရွက်နေပါတယ်။ ဒီနှစ် နွေစပါးဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်နေပါတယ်"ဟု ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ပြီးခဲ့သည့်နှစ်က နွေသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် နွေစပါး ၄၅၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးတောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းများ ပညာပေးခြင်း၊ နွေသီးနှံများအချိန်မီစိုက်ပျိုးနိုင်ရန် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက ရေဦးမြို့နယ်တွင် မိုးစပါးစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် မေလမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ မိုးစပါးဧက ၈၂၀၀၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ (၂၀၆)



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် နွေစပါးစိုက်ခင်းကိုတွေ့ရစဉ်။

➤ စာမျက်နှာ ၄ မှအဆက်

ဗိဿနိုးနတ်မင်းက ကြင်ယာတော် လက်ချီမီးနတ်သမီးကို ချစ်မြတ်နိုးလှသဖြင့် ရင်ဘတ်ပေါ်တွင်ဆွဲထားသည့် တံဆိပ်ဟုဆိုကြသည်။

သီရိဝစ္ဆနတ်သမီးပုံသည် ခြေနှစ်ဖက်ကိုကွေး၍ လက်နှစ်ဖက်ကိုမြှောက်ကာ ကြော့ကြော့မော့မော့ ထိုင်နေသည့်ဟန်ဖြစ်ကာ သီရိဝစ္ဆသည် ကျက်သရေမင်္ဂလာခညောင်းသော၊ သန့်ရှင်းသောအဓိပ္ပာယ်ကို ဆောင်သည့် အမှတ်လက္ခဏာဟု ယူဆကြသည်။ ဗုဒ္ဓခြေတော်ရာ ၁၀၈ ကွက်တွင်ပါရှိသည့် အိမ်မွန်ဟုခေါ်ဆိုသည့် မွန်မြတ်သောနေရာသည် သီရိဝစ္ဆအမှတ်လက္ခဏာဖြစ်သည်။

ဘဒ္ဒပီဌသည်လည်း ဗုဒ္ဓ၏စက်လက္ခဏာ ၁၀၈ ကွက်တွင်ပါရှိကာ ပလ္လင်နှင့်ဆင်တူသည့် သဏ္ဍာန်ရှိသည်။ ဒေါက်တာမစ်ချင်နာ(Dr.M Michiner)က ဘဒ္ဒပီဌကို ဟိန္ဒူဘုန်းကြီးများ ဓမ္မရွတ်ဆိုရာတွင် ထိုင်သောခုံဟုဆိုကြောင်းနှင့် ဘဒ္ဒပီဌသည် သျှိဝနတ်မင်းကြီး၏ အဆောင်အယောင်တစ်ခုဖြစ်သည့် ပလုတ်တုတ်နှင့်ဆင်တူကြောင်း မြန်မာနိုင်ငံရှိ ရှေးဟောင်းဒင်္ဂါးများစာအုပ်တွင် ဖော်ပြထားသည်။

သရေခေတ္တရာမှ တွေ့ရှိရသည့် ဒင်္ဂါးများအပါအဝင် မြန်မာနိုင်ငံအတွင်းတွေ့ရှိခဲ့သည့် ရှေးဟောင်းဒင်္ဂါးများတွင် ပြုလုပ်သည့် ခုနှစ်သက္ကရာဇ်ကို ခတ်နှိပ်ထားခြင်းမရှိသကဲ့သို့ ကမ္ပည်းစာတစ်ခုခုကို ထည့်သွင်းထားခြင်းလည်း မရှိချေ။ ရှေးဟောင်းဒင်္ဂါးများကို ဘာသာရေးဆိုင်ရာ အဆောင်အယောင်အဖြစ် သုံးစွဲခဲ့သည် သို့မဟုတ် ငွေကြေးအဖြစ်သုံးစွဲခဲ့သည်ဆိုသည့်အချက်ကို အခိုင်အမာ မသိရှိကြသေးပါချေ။

ပျူခေတ်ကာလတွင် ဒင်္ဂါးများကို တွေ့ရှိခဲ့ရသော်လည်း ပျူခေတ်နောက်ပိုင်း ထွန်းကားခဲ့သည့် ပုဂံခေတ်တွင် ဒင်္ဂါးများပြုလုပ်ခဲ့သည့် အထောက်အထားများကို မတွေ့ရှိရဘဲ ကုန်းဘောင်ခေတ်ဘိုးတော်ဘုရားလက်ထက် ခရစ်နှစ် ၁၇၈၂ ခုနှစ်တွင် ကျားတံဆိပ်ဒင်္ဂါးနှင့် ငါးတံဆိပ်ဒင်္ဂါးများကိုသွန်းလုပ်ခဲ့သည်။

သရေခေတ္တရာ ဒင်္ဂါးများအပါအဝင် ပျူခေတ်ဒင်္ဂါးများသည် ပျူယဉ်ကျေးမှုသမိုင်းဆိုင်ရာ ခိုင်မာသောအထောက်အထားများ ဖြစ်ကြသဖြင့် သုတေသီများနှင့်ဒင်္ဂါးစုဆောင်းသူများက အလွန်စိတ်ဝင်စားခဲ့ကြပေသည်။

**ကိုးကား**

- **ရှေးဟောင်းမြန်မာ့မြို့တော်များ(ဦးအောင်သော်နှင့် ငါးဦး)**
- **မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု သုတေသန(ဦးမြင့်အောင်)**
- **မြန်မာနိုင်ငံရှိ ရှေးဟောင်းဒင်္ဂါးများ(ထွန်းရွှေခိုင်၊ မဟာဝိဇ္ဇာ)**

# မင်္ဂလာရွာ

\- ရွာအမည်က မင်္ဂလာ
လွန်စွာ မင်္ဂလာရှိ၊
ရွာအဝင် တမာတန်းနဲ့
ထာဝစဉ် ဖြာလန်းသကွဲ့
သာဆန်းလေဘိ။

\- ရွာလမ်းမ ယခင်ခါ
အမြင်မှာ မလှပ၊
နွံဗွက်တွေ ခါးတစ်ဝက်သို့
ကျွံလျက်နေ တအားပျက်လို့
သွားခက်လေစွ။

\- ရွာလယ်လမ်း ယခုခါ
ပြုပါပြင်ပါ၍၊
အင်္ဂတေ တမာတန်းဖြင့်
အခင်းတွေ ဘယာမသန်းတော့
ရွာလမ်းချောမွေ့။

\- ရွာ့တောင်ဘက် တစ်ခေါ်မှာ
ကျောင်းတော်သာ အထက၊
အနာဂတ်ရင်သွေးတို့
ပညာတတ် ယဉ်ကျေးဖို့
သင်ပေးညွှန်ပြ။

\- ဘုန်းကြီးကျောင်း ရွာဦးမှာ၊
ရွာလည်မှာ စာကြည့်ခန်း
ဂုဏ်လျှမ်းပကာ၊
အားကစားကွင်း ဆေးခန်းမှာ
အေးချမ်းစွာ သာယာဘိ၊
မင်္ဂလာအဖြာဖြာလက်လို့
အကြင်နာစာနာလျက်
ရွာကျက်သရေရှိ။ ။

**ခင်ဖုန်းကြည်(မိုင်းပွန်)**

# သရက်ချောင်းမြို့နယ်၌ သံဂဟေဆက်သင်တန်းဖွင့်

**သရက်ချောင်း မေ ၉**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သံဂဟေဆက်သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှိုင်အေးက အမှာစကားပြောကြားပြီး သရက်ချောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကောင်းမြတ်ထက်က အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သံဂဟေဆက်သင်တန်းဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများနှင့် ရှေ့ဆက်ဖွင့်လှစ်သွားမည့် သင်တန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြများက သင်တန်းတွင်ပို့ချပေးမည့် ဘာသာရပ်များ၊ လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဦးလှိုင်အေးနှင့် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၂ ဦး တက်ရောက်ကြပြီး သင်တန်းကို ယနေ့မှ မေ ၂၃ ရက်ထိ အခမဲ့ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ သင်တန်းတွင် အခြေခံသံဂဟေဆက်နည်းအမျိုးမျိုးကို ကျွမ်းကျင်နည်းပြများက စာတွေ့၊လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

## နိုင်ငံတကာ သတင်းများ

# ဒုတိယကမ္ဘာစစ် စစ်အောင်ပွဲနေ့အထိမ်းအမှတ် ရင်ပြင်နီစစ်ရေးပြပွဲ၌ သမ္မတပူတင် မိန့်ခွန်းပြောကြား



**မော်စကို မေ ၉**

ဒုတိယကမ္ဘာစစ်အတွင်း နာဇီတပ်များကို အောင်ပွဲရယူမှုအထိမ်းအမှတ်အဖြစ် စစ်အောင်ပွဲနေ့စစ်ရေးပြချီတက်ပွဲကို ရုရှားနိုင်ငံ မော်စကိုမြို့၌ ယနေ့တွင် ကျင်းပခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မော်စကိုမြို့ ရင်ပြင်နီ၌ ကျင်းပခဲ့သော စစ်အောင်ပွဲနေ့စစ်ရေးပြချီတက်ပွဲသို့ ရုရှားသမ္မတပူတင် ကိုယ်တိုင် တက်ရောက်ခဲ့ကြောင်း သိရသည်။

ယူကရိန်းပြဿနာကို အကြောင်းပြု၍ အနောက်အုပ်စုကို ရင်ဆိုင်ရာတွင်ရုရှားပြည်သူများ သွေးစည်းညီညွတ်မှုရှိကြောင်း စစ်အောင်ပွဲနေ့မိန့်ခွန်း၌ သမ္မတပူတင်က ပြောကြားခဲ့သည်။

အမိနိုင်ငံ၏ အနာဂတ်ကို အဆုံးအဖြတ်ပေးနိုင်မည့် စစ်ပွဲများသည် မျိုးချစ်စစ်ပွဲ၊ ပြည်သူအားလုံးပါဝင်သည့် မြင့်မြတ်သော စစ်ပွဲများဖြစ်လာတတ်ကြောင်း သမ္မတပူတင်က ရင်ပြင်နီမိန့်ခွန်း၌ ပြောကြားခဲ့သည်။

ထို့ပြင် သမ္မတပူတင်သည် စစ်အောင်ပွဲနေ့မိန့်ခွန်းတွင် ယူကရိန်းရောက်ရုရှားတပ်ဖွဲ့ဝင်များအား သူရဲကောင်းများအဖြစ် ဂုဏ်ပြုခဲ့သည်။

အမေရိကန်နိုင်ငံနှင့်အနောက်အုပ်စုနိုင်ငံများသည် ဒုတိယကမ္ဘာစစ်အတွင်း နာဇီတပ်များအပေါ် ပြတ်ပြတ်သားသား အောင်ပွဲခံရာတွင် ဆိုဗီယက်ပြည်ထောင်စုပါဝင်ခဲ့သော အခန်းကဏ္ဍကို မေ့လျော့နေကြောင်း စစ်အောင်ပွဲနေ့မိန့်ခွန်း၌ သမ္မတပူတင်က ပြောကြားခဲ့သည်။ KKO

# တရုတ်နိုင်ငံနှင့် ကနေဒါနိုင်ငံတို့ သံတမန်များ အပြန်အလှန်နှင်ထုတ်

**ပေကျင်း မေ ၉**

ကနေဒါနိုင်ငံက တရုတ်သံတမန်တစ်ဦးအား နှင်ထုတ်ထားမှုကို တုံ့ပြန်သည့်အနေဖြင့် တရုတ်နိုင်ငံကလည်း ကနေဒါသံတမန်တစ်ဦးကို ယနေ့တွင် နှင်ထုတ်ထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ကနေဒါအစိုးရသည် တိုရွန်တိုမြို့အခြေစိုက် ကျောက်ဝေအမည်ရှိ တရုတ်သံတမန်တစ်ဦးကို မေ ၈ ရက်တွင် နှင်ထုတ်ခဲ့သည်။

ဝေဂါလူမျိုးစုအပေါ် တရုတ်အစိုးရ ဆက်ဆံပုံနှင့်ပတ်သက်၍ ဝေဖန်လေ့ရှိသည့် ကနေဒါလွှတ်တော်အမတ်တစ်ဦးကို ခြိမ်းခြောက်ရန် ကြိုးစားခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် အဆိုပါ တရုတ်သံတမန်ကို ကနေဒါနိုင်ငံက နှင်ထုတ်ခဲ့ခြင်းဖြစ်သည်။

သို့သော် ကနေဒါနိုင်ငံ၏ အဆိုပါလုပ်ရပ်ကို လက်သင့်ခံနိုင်ဖွယ်မရှိသော လုပ်ရပ်အဖြစ် တရုတ်နိုင်ငံက ဝေဖန်ထားပြီး ကနေဒါသံတမန်တစ်ဦးကို မေ ၁၃ ရက်တွင် တရုတ်နိုင်ငံမှ ထွက်ခွာရန် ညွှန်ကြားခဲ့ကြောင်း သိရသည်။

ကနေဒါအစိုးရ၏ လုပ်ရပ်ကို ရှေ့ဆက်လက်တုံ့ပြန်ခွင့် တရုတ်နိုင်ငံတွင်ရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားသည်။

ကနေဒါနှင့် တရုတ်နိုင်ငံတို့ကြား ဆက်ဆံရေးသည် ဟွာဝေးကုမ္ပဏီအမှုဆောင်အရာရှိ မင်ဝန်ကျိုး ကနေဒါနိုင်ငံ၌ ဖမ်းဆီးခံခဲ့ရသည့် ၂၀၁၈ ခုနှစ်မှစ၍ တင်းမာခဲ့ရကြောင်း သိရသည်။

KKO

# ယူကရိန်းသမ္မတကို သမ္မတရှီကျင့်ဖျင်ဖုန်းခေါ်ဆိုမှု အပြုသဘောဆောင်ကြောင်း ဥရောပသမဂ္ဂသံအမတ်ကြီး ပြောကြား

**ပေကျင်း မေ ၉**

တရုတ်သမ္မတ ရှီကျင့်ဖျင်က ယူကရိန်းသမ္မတနှင့် ဖုန်းခေါ်ဆိုဆွေးနွေးခဲ့မှုကိုအလွန်အပြုသဘောဆောင်သည့်လုပ်ရပ်အဖြစ် ဥရောပသမဂ္ဂ၏ တရုတ်နိုင်ငံဆိုင်ရာသံအမတ်ကြီးကယနေ့တွင် သုံးသပ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံကို စစ်ရေးအရ တိုက်ခိုက်ခဲ့ပြီးနောက်ပိုင်းပထမဆုံးအကြိမ်အဖြစ် တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ပြီးခဲ့သည့်လအတွင်းက ယူကရိန်းသမ္မတဇီလန်စကီးနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တရုတ်သမ္မတနှင့် ယူကရိန်းသမ္မတဇီလန်စကီးတို့၏ ဖုန်းခေါ်ဆိုဆွေးနွေးပွဲသည် ယူကရိန်းနိုင်ငံလပေါင်းအတန်ကြာ တောင်းဆိုထားသော အဓိကရည်မှန်းချက်များထဲတွင်အပါအဝင်ဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်အနေဖြင့် ယူကရိန်းသမ္မတနှင့် ဖုန်းခေါ်ဆိုဆွေးနွေးခဲ့မှုသည် ယူကရိန်းပဋိပက္ခအဆုံးသတ်နိုင်ရေးအတွက် အလွန်အပြုသဘောဆောင်သောလုပ်ဆောင်ချက်ဖြစ်ကြောင်းတရုတ်နိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး ဂျော်ဂျီတိုလီဒိုအယ်လ်ဘီနာနာက ပေကျင်းမြို့၌ ကျင်းပခဲ့သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။





ထို့ပြင် ယူကရိန်းပြဿနာအတွက် တရားမျှတသည့်ငြိမ်းချမ်းရေးသဘောတူညီချက်ရယူနိုင်ရေးအတွက် ဆက်လက်ကူညီရန်လည်း ဥရောပသမဂ္ဂ သံအမတ်ကြီးက တရုတ်နိုင်ငံကို တိုက်တွန်းခဲ့သည်။

ပဋိပက္ခအဆုံးသတ်ရေးအတွက် အဖြေရှာရန် ကြိုးစားသည့်အနေဖြင့် ယူကရိန်းနိုင်ငံသို့ အထူးကိုယ်စားလှယ်များစေလွှတ်မည်ဟု ယူကရိန်းသမ္မတနှင့်ဖုန်းခေါ်ဆိုဆွေးနွေးစဉ် တရုတ်သမ္မတရှီကျင့်ဖျင်က ပြောကြားထားကြောင်း သိရသည်။

KKO

# ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းကို လုံခြုံရေးတပ်ဖွဲ့ဝင်များ ဖမ်းဆီး

**အစ္စလာမ်မာဘတ် မေ ၉**

ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းကို အစ္စလာမ်မာဘတ်မြို့ တရားလွှတ်တော်ရုံး၌ ယနေ့တွင် ဖမ်းဆီးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပါကစ္စတန်အစိုးရက အီမရန်ခန်းကို ဖမ်းဆီးခဲ့မှုကြောင့် ပါကစ္စတန်ပြည်တွင်း၌ နိုင်ငံရေးမငြိမ်သက်မှုများ ထပ်မံပေါ်ပေါက်လာနိုင်သည်။

ပါကစ္စတန် ပြည်တွင်းမီဒီယာများ၏ အဆိုအရ ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းသည် အဂတိလိုက်စားမှု ပြဿနာတစ်ရပ်နှင့် ပတ်သက်ဆက်နွှယ်နေမှုဖြင့် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရသည်။

တရားလွှတ်တော်ရုံး၌ အီမရန်ခန်း ဖမ်းဆီးခံရမှုကို တရားရုံးတော်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက တိုက်ခိုက်မှုအဖြစ် အီမရန်ခန်း၏ ပါကစ္စတန် တီရစ်ခ်အီးအင်းဆက်ဖ်(ပီတီအိုင်)ပါတီက ဝေဖန်ထားသည်။

အီမရန်ခန်းသည် လွှတ်တော်၏ အယုံအကြည်မရှိအဆိုကြောင့် ပြီးခဲ့သည့်နှစ် ဧပြီလတွင် ဝန်ကြီးချုပ်ရာထူးမှ ဖယ်ရှားခံခဲ့ရပြီးနောက်ပိုင်း စွဲချက်ပေါင်း ၁၀၀ ကျော်နှင့် ရင်ဆိုင်နေရသည်။

အီမရန်ခန်းသည် ဝန်ကြီးချုပ်ရာထူးသက်တမ်း ငါးနှစ်အနက် လေးနှစ်အတွက် တာဝန်ယူခဲ့ပြီးနောက် ရာထူးမှဖယ်ရှားခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

KKO



# နယ်ချဲ့ဝါဒီများကို ရုရှားအောင်ပွဲခံလိမ့်မည်ဟု မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ပြောကြား

**ပြုံယမ်း မေ ၉**

နယ်ချဲ့ဝါဒီများနှင့်စစ်ခင်းရာတွင် ရုရှားနိုင်ငံအနေဖြင့်အောင်ပွဲခံလိမ့်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ယနေ့တွင် ပြောကြားခဲ့သည်။

ဒုတိယကမ္ဘာစစ် စစ်အောင်ပွဲနေ့အထိမ်းအမှတ်အဖြစ် ရုရှားသမ္မတပူတင်ထံ ပေးပို့ခဲ့သော ပေးစာ၌ မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်က အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ရုရှားနိုင်ငံအနေဖြင့် မိမိ၏ဒေသတွင်းတည်ငြိမ်မှုတို့ကို ဆက်လက်အကာအကွယ်ပေးနိုင်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်၏ ပေးစာ၌ ဖော်ပြထားသည်။

မြောက်ကိုရီးယား နိုင်ငံသည် ရုရှားနိုင်ငံနှင့် ဆက်ဆံရေးခိုင်မာသည့်နိုင်ငံဖြစ်ပြီး ယူကရိန်းပြဿနာ၌ ရုရှားနိုင်ငံဘက်မှရပ်တည်နေသောနိုင်ငံဖြစ်သည်။

ထို့ပြင် ရုရှားနိုင်ငံက ယူကရိန်းနယ်မြေများအား ရုရှားအချုပ်အခြာအောက် ထည့်သွင်းမှုကိုလည်း မြောက်ကိုရီးယားနိုင်ငံက အသိအမှတ်ပြုထားသည်။

ရုရှားနိုင်ငံသည် ဒုတိယကမ္ဘာစစ်အတွင်း နာဇီတပ်များအပေါ် အောင်ပွဲခံမှု အထိမ်းအမှတ်အဖြစ် နှစ်စဉ် မေ ၉ ရက်တိုင်းစစ်အောင်ပွဲနေ့စစ်ရေးပြချီတက်ပွဲများ ကျင်းပလေ့ရှိကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## ISRO က ယခုနှစ် ဇူလိုင်လအတွင်း အိန္ဒိယနိုင်ငံ၏ တတိယမြောက် လလေ့လာရေးမစ်ရှင်နှင့် ပထမဆုံးသော နေလေ့လာရေးမစ်ရှင်တို့ကိုလွှတ်တင်ရန် စီစဉ်



**ဒေလီ မေ ၉**

အိန္ဒိယအာကာသအေဂျင်စီ (ISRO) သည် ယခုနှစ် ဇူလိုင်လ အတွင်း အိန္ဒိယနိုင်ငံ၏ တတိယ မြောက် လလေ့လာရေးမစ်ရှင်နှင့် ပထမဆုံးသော နေလေ့လာရေး မစ်ရှင်တို့ကို လွှတ်တင်ရန်စီစဉ်ထား ကြောင်း Hindustan Times သတင်းဝက်ဘ်ဆိုက်က မေ ၈ ရက် တွင် ရေးသားတင်ပြထားသည်။

ISRO အနေဖြင့် ယခုနှစ် ဇူလိုင်လအတွင်း ချန်ဒရာယန်း-၃ လလေ့လာရေးအာကာသယာဉ်နှင့် အဒိတြ-အယ်လ်-၁ အမည်ရှိ နေ လေ့လာရေးယာဉ်တို့ကို ရှေ့ဆင့် နောက်ဆင့် လွှတ်တင်ရန်စီစဉ်ထား ကြောင်း ISRO တာဝန်ရှိသူများက ပြောကြားသည်။

လက်ရှိအချိန်တွင် ISRO သိပ္ပံ ပညာရှင်များသည် အထက်ပါ အာကာသယာဉ် နှစ်စင်းလုံးကို အပြီးသတ်စမ်းသပ်မှုများ ပြုလုပ် ထားပြီးဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ၎င်း၏ပထမ ဆုံး လလေ့လာရေးအာကာသယာဉ် ဖြစ်သည့် ချန်ဒရာယန်း-၁ ကို ၂၀၀၈ ခုနှစ်က အောင်မြင်စွာ လွှတ်တင်ခဲ့သည်။

အလားတူ ၂၀၁၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံသည် ချန်ဒရာယန်း-၂ လဆင်းယာဉ်ကို လွှတ်တင်ခဲ့ရာ လွှတ်တင်မှု အောင်မြင်ခဲ့သော် လည်း ၎င်းအာကာသယာဉ်မှာ လ မျက်နှာပေါ်သို့အဆင်း ပျက်ကျခဲ့ရ ကြောင်း သိရသည်။

ချန်ဒရာယန်း-၃ မစ်ရှင်တွင်မူ လဆင်းယာဉ် ဂျက်တွန်းကန်အား စနစ်ယာဉ်နှင့် လမျက်နှာပြင်လေ့ လာရေးယာဉ်တစ်စင်းတို့ဖြင့် ဖွဲ့စည်း ထားကြောင်း သိရသည်။

KKO

## အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က ဟာရီကိန်းမုန်တိုင်းလေ့လာရေးဂြိုဟ်တုနှစ်စင်း လွှတ်တင်ခဲ့

**ဝါရှင်တန် မေ ၉**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့်အာကာသစီမံခန့်ခွဲ ရေးအေဂျင်စီ(နာဆာ)သည် ဟာရီ ကိန်းမုန်တိုင်းလေ့လာရေးဂြိုဟ်တု နှစ်စင်းကို မေ ၈ ရက်တွင် လွှတ်တင်ခဲ့ကြောင်း Phys.org သတင်းဝက်ဘ်ဆိုက်က ရေးသား တင်ပြထားသည်။

ထရိုးပစ်-၃ နှင့် ၄ အမည်ရှိ အဆိုပါဂြိုဟ်တု နှစ်စင်းကို Rock-et Lab ကုမ္ပဏီ၏ အီလက်ထရွန် ဒုံးပျံဖြင့် နယူးဇီလန်နိုင်ငံမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဂြိုဟ်တုနှစ်စင်းသည် ဟာရီကိန်း မုန်တိုင်းများအပေါ် တစ်နာရီလျှင် တစ်ကြိမ်ကျ ဖြတ် ကျော်ပျံသန်းနိုင်ကြောင်း သိရသည်။

ဟာရီကိန်းမုန်တိုင်းများကို စောင့်ကြည့်ရေးအတွက် လက်ရှိ အသုံးပြုနေသော ဂြိုဟ်တုများမှာ



ဟာရီကိန်းမုန်တိုင်းများအပေါ်မှ ခြောက်နာရီလျှင် တစ်ကြိမ်သာ ဖြတ်ပျံနိုင်သည်။

နာဆာအဖွဲ့သည် ပြီးခဲ့သည့်နှစ် ကလည်း ထရိုးပစ်ဂြိုဟ်တုနှစ်စင်းကို Rocket Lab ၏ အက်စထရာဒုံးပျံ ဖြင့် လွှတ်တင်ခဲ့သော်လည်း အောင် မြင်မှုမရှိခဲ့ပေ။

လွှတ်တင်ပြီး မကြာမီမှာပင် အက်စထရာဒုံးပျံ၏စနစ်များ ချို့ ယွင်းမှုကြောင့် အထက်ပါဂြိုဟ်တု နှစ်စင်းမှာ သတ်မှတ်ပတ်လမ်းပေါ် သို့မရောက်ဘဲ ပျောက်ဆုံးခဲ့ရ ကြောင်း သိရသည်။

KKO

## အားတီးမစ်-၂ မစ်ရှင်အတွင်း အာကာသယာဉ်မှူးများက လကမ္ဘာဝန်းကျင်၌ လေဆာရောင်ခြည်ဆက်သွယ်ရေးစနစ်ကို စမ်းသပ်မည်

**ဝါရှင်တန် မေ ၉**

အားတီးမစ်-၂ အာကာသယာဉ် မှူးများသည် လကမ္ဘာဝန်းကျင်၌ လေဆာရောင်ခြည်ဆက်သွယ်ရေး စနစ်ကို စမ်းသပ်မည်ဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက် က မေ ၈ ရက်တွင် ရေးသား တင်ပြထားသည်။

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့်အာကာသစီမံခန့်ခွဲ ရေးအေဂျင်စီ (နာဆာ)သည် အား တီးမစ်-၂ မစ်ရှင်အတွင်း လကမ္ဘာ ဝန်းကျင်မှတစ်ဆင့် ကမ္ဘာမြေဆီ သို့ ပုံရိပ်အရည်အသွေးမြင့် ဗီဒီယို ဖိုင်များပေးပို့ရေးအတွက် လေဆာ ရောင်ခြည် ဆက်သွယ်ရေးနည်းပညာ ကိုစမ်းသပ်အသုံးပြုရန် စီစဉ်ထား ကြောင်း သိရသည်။

နာဆာအဖွဲ့သည် ရှေးယခင်က အာကာသဟင်းလင်းပြင်အတွင်းမှ တစ်ဆင့် ကမ္ဘာမြေဆီသို့ သတင်း အချက်အလက်များ ပေးပို့ရေး အတွက် ရေဒီယိုအချက်ပြလှိုင်းစနစ် ကို အဓိကသုံးစွဲခဲ့သည်။

သို့ရာတွင် လေဆာရောင်ခြည် သည် အာကာသယာဉ်များကပေးပို့ နိုင်သည့် အချက်အလက်ပမာဏကို မြှင့်တင်ပေးနိုင်သည်ဖြစ်ရာ လေ ဆာရောင်ခြည် ဆက်သွယ်ရေးစနစ် ကို အားတီးမစ်-၂ မစ်ရှင်ဖြင့် စမ်းသပ်ရန် နာဆာက စီစဉ်ထား ခြင်းဖြစ်သည်။

နာဆာအဖွဲ့သည် အားတီးမစ်-၁ စမ်းသပ်မစ်ရှင်ကို အောင်မြင် စွာ လွှတ်တင်ခဲ့ပြီးနောက် အားတီး မစ်-၂ မစ်ရှင်ကို ၂၀၂၄ ခုနှစ် အတွင်း လွှတ်တင်ရန် စီစဉ်ထား ကြောင်း သိရသည်။

အားတီးမစ်-၂ မစ်ရှင်အတွင်း အာကာသယာဉ်မှူးများလိုက်ပါမည့် အိုရီယွန်အာကာသလူသယ်ယာဉ် သည် လကမ္ဘာကိုကျော်လွန်ပျံသန်း ပြီးနောက် ကမ္ဘာမြေသို့ပြန်လာ မည်ဖြစ်ကြောင်း သိရသည်။ KKO

# HEALTH

## အူမကြီးကင်ဆာရောဂါ ရှေ့ပြေးလက္ခဏာလေးမျိုး သုတေသနပညာရှင်များက ဖော်ထုတ်တင်ပြထား

**နယူးယောက် မေ ၉**

လူငယ်ပိုင်းများ၌ ပေါ်ထွက် လာတတ်သည့် အူမကြီးကင်ဆာ ရောဂါ ရှေ့ပြေးလက္ခဏာ လေးမျိုး ကို သုတေသနပညာရှင်များက ဖော်ထုတ်တင်ပြထားကြောင်း The Daily Mail သတင်းစာက မေ ၈ ရက်တွင် ရေးသားတင်ပြထားသည်။

အူမကြီးကင်ဆာရောဂါကို တစ်ချိန်က သက်ကြီးရောဂါအဖြစ် မှတ်ယူထားကြသော်လည်း ယခု အခါ လူငယ်ပိုင်းများတွင်လည်း ဖြစ်ပွားနှုန်း မြင့်မားလာကြောင်း သိရသည်။

သို့ဖြစ်ရာ အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ်မှ သုတေသန ပညာရှင်များသည် လူငယ်ပိုင်းများ ၏ အူမကြီးကင်ဆာ ရှေ့ပြေး လက္ခဏာများကို လေ့လာဖော် ထုတ်ခဲ့ကြသည်။

လေ့လာတွေ့ရှိချက်အရ လူငယ် ပိုင်းများ၌ အူမကြီးကင်ဆာရှာဖွေ မတွေ့ရှိမီ နှစ်နှစ်အလိုတွင် ရောဂါ ရှေ့ပြေးလက္ခဏာ လေးမျိုးကို အတွေ့ရများသည်ဟု အမေရိကန် သုတေသနပညာရှင်များက ပြော ကြားကြောင်း သိရသည်။

လူငယ်ပိုင်းများတွင် အူမကြီး ကင်ဆာ ရှေ့ပြေးလက္ခဏာများ အဖြစ် ဗိုက်နာဗိုက်အောင့်ခြင်း၊ စအိုသွေးယိုခြင်း၊ ဝမ်းပျက်ဝမ်းလျှော ဖြစ်ခြင်း၊ သံဓာတ်ချို့တဲ့မှုကြောင့် သွေးအားနည်းခြင်းတို့ ပေါ်လာ တတ်ကြောင်း သုတေသနပညာရှင် များ၏အဆိုအရ သိရသည်။

အမေရိကန် သုတေသနပညာ ရှင်များသည် အူမကြီးကင်ဆာဖြစ် ခါစ လူနာပေါင်း ၅၀၇၅ ဦးကို လေ့လာစောင့်ကြည့်ခဲ့ပြီးနောက် အထက်ပါရောဂါ ရှေ့ပြေးလက္ခဏာ လေးမျိုးကို ရှာဖွေဖော်ထုတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ KKO

## နှလုံးရုတ်တရက်ဖောက်သော လူနာများအတွက် Beta Blocker ဆေးဝါးများရေရှည်သုံးစွဲရန်မလို

**စတော့ဟုမ်း မေ ၉**

အပျော့စား နှလုံးရုတ်တရက် ဖောက်မှုနှင့် ရင်ဆိုင်ခဲ့ရသော လူနာများအတွက် Beta Blocker ဆေးဝါးများ ရေရှည်သုံးစွဲရန် လိုအပ်ဖွယ်မရှိကြောင်း Health Day News ဆေးပညာသတင်း ဝက်ဘ်ဆိုက်က မေ ၈ ရက်က ရေးသားတင်ပြထားသည်။

နှလုံးဖောက်ထားသော်လည်း နှလုံး၏ သွေးသစ်ထုတ်ပေးနိုင်စွမ်း ပုံမှန်ရှိနေဆဲ ဖြစ်သူများအတွက် Beta Blocker အုပ်စုဝင်ဆေးများ ကို သုံးစွဲခြင်းဖြင့် မည်သည့်အကျိုး ထူးမျှမရှိကြောင်း ဆွီဒင်သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက် အရ Beta Blocker ဆေးသုံးစွဲသူ လူနာများ၏ နှလုံးတစ်ကျော့ပြန် ဖောက်နိုင်ခြေမှာ သုံးစွဲသူလူနာ များနှင့် ခြားနားမှုမရှိကြောင်း ဆွီဒင် သုတေသနပညာရှင်များက ပြောကြားသည်။

Beta Blocker ဆေးသည် ကမ္ဘာပေါ်၌ အသုံးအများဆုံး ဆေးဝါးများထဲတွင်ပါဝင်ပြီး စိတ် ဖိအားဟော်မုန်းများ၏ အကျိုး ဆက်ကို ပိတ်ပင်ခြင်းဖြင့် နှလုံး ကျန်းမာရေးကို ထိန်းပေးနိုင် ကြောင်း သိရသည်။

ရှေးယခင်က ဆေးပညာရှင်များ သည် နှလုံးဖောက်လူနာများကို Beta Blocker ဆေးဝါးများဖြင့် ဆက်လက်ကုသပေးလေ့ရှိသည်။

Beta Blocker ဆေးများသည် နှလုံးဖောက်လူနာများ၏ နှလုံးခုန် နှုန်းကို နှေးကွေးစေပြီး နှလုံးကြွက် သားများ အလွယ်တကူကျုံ့နိုင် ဆန့်နိုင်မှုကို အထောက်အကူပေး ကြောင်း သိရသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# AT&T Byron Nelson ပြိုင်ပွဲမှ အမေရိကန်ကစားသမားဂျော်ဒန်စပိုက် နုတ်ထွက်

**တက္ကဆက် မေ ၉**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် မေ ၁၁ ရက်၌ ကျင်းပသွားမည့် AT&T Byron Nelson ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း အမေရိကန်ဂေါက်သီးရိုက် ကစားသမား ဂျော်ဒန်စပိုက်က ထုတ်ပြန်သွားခဲ့သည်ဟု GM သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျော်ဒန်စပိုက်သည် ဘယ်ဘက်လက်ကောက်ဝတ်ဒဏ်ရာရနေသည့်အတွက် ပြိုင်ပွဲမှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ကြောင်းလည်း ထုတ်ပြန်ခဲ့သည်။

လက်ကောက်ဝတ်ဒဏ်ရာသည် ဂေါက်သီးရိုက်ကစားသမားများအား အဓိကဒုက္ခပေးနေသည့် ဒဏ်ရာအမျိုးအစားဖြစ်ပြီး လက်ကောက်ဝတ်ဒဏ်ရာရရှိပါက ကာလရှည်အနားယူရသည့် အခြေအနေဖြင့်လည်းရင်ဆိုင်ကြရသည်။

အဆိုပါ လက်ကောက်ဝတ်ဒဏ်ရာကြောင့်ပင် AT&T Byron Nelson ဂေါက်သီးရိုက်ပြိုင်ပွဲအပြီးတွင် ကျင်းပသွားမည့် PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲနှင့်လည်း လွဲချော်ရဖွယ်ရှိနေသည်။

ဂျော်ဒန်စပိုက်သည် လက်ကောက်ဝတ်ဒဏ်ရာနှင့် ပတ်သက်ပြီး ဆေးစစ်မှုခံယူခဲ့ရာတွင်လည်း ဆရာဝန်က အနားယူရန်ညွှန်ကြားခဲ့သလို လက်ကောက်ဝတ်ကိုလည်း ပြင်းပြင်းထန်ထန်လှုပ်ရှားမှုမပြုလုပ်ရန် ညွှန်ကြားခဲ့ကြောင်းလည်း ဂျော်ဒန်စပိုက်က ပြောကြားခဲ့သည်။

ဂျော်ဒန်စပိုက်က "လက်ကောက်ဝတ်နာနေလို့ ဆရာဝန်ဆီဆေးစစ်မှုခံယူခဲ့ပါတယ်။ ဆရာဝန်က အသေးစိတ်စစ်ဆေးပြီးတဲ့နောက် ဒဏ်ရာအခြေအနေကြောင့် အနားယူရမှာဖြစ်သလို လက်ကောက်ဝတ်ကိုလဲ ပြင်းပြင်းထန်ထန် လှုပ်ရှားမှုမလုပ်ဖို့ ညွှန်ကြားခဲ့ပါတယ်။ ဒါကြောင့် ဂေါက်သီးရိုက် လေ့ကျင့်တာတွေ၊ ပြိုင်ပွဲဝင်တာတွေကို ခဏနားရမှာပါ။ AT&T Byron Nelson ဂေါက်သီးရိုက် ပြိုင်ပွဲဆိုတာ ကျွန်တော့်ရဲ့ ကစားသမားဘဝအတွက် အရေးပါတဲ့ပြိုင်ပွဲတစ်ရပ်ဖြစ်သလို ကျွန်တော့်ရဲ့ဇာတိမှာ ကျင်းပတဲ့ ပြိုင်ပွဲလဲဖြစ်ပါတယ်။ နှစ်စဉ်နှစ်တိုင်းလဲ ပါဝင်ယှဉ်ပြိုင်ဖြစ်ခဲ့တယ်။ တခြားပြိုင်ပွဲတွေလိုမဟုတ်ဘဲ ပြိုင်ပွဲမှာ ကျွန်တော့်ဆွေမျိုးသားချင်းတွေ၊ မိတ်ဆွေသူငယ်ချင်းတွေကအစလာရောက်အားပေးကြတယ်။ ဒါကြောင့် တခြားပြိုင်ပွဲကို လွဲချော်တာထက် ဒီပြိုင်ပွဲကို လွဲချော်ရတာ စိတ်မကောင်းဖြစ်မိပါတယ်။ ဒဏ်ရာအခြေအနေက ဘယ်ကာလထိ အနားယူရမလဲဆိုတာကိုလဲ မသိရသေးပါဘူး" ဟုပြောကြားခဲ့ကြောင်း သိရသည်။ AZL



# စီးရီးအေပြိုင်ပွဲပြီးဆုံးရန် လေးပွဲအလိုတွင် ဆမ့်ဒိုးရီးယားအသင်း စီးရီးဘီသို့တန်းဆင်းခဲ့ရ



**ရောမ မေ ၉**

စီးရီးအေ အမှတ်ပေးပွဲစဉ် (၃၄) အဖြစ် အူဒီးနီးစ်အသင်းနှင့် ဆမ့်ဒိုးရီးယားအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ဆမ့်ဒိုးရီးယားအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် ပြိုင်ပွဲပြီးဆုံးရန် လေးပွဲအလိုတွင် စီးရီးဘီသို့ တန်းဆင်းခဲ့ရကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆမ့်ဒိုးရီးယား အသင်းသည် စီးရီးအေ အမှတ်ပေးပြိုင်ပွဲ ၃၃ ပွဲ ကစားအပြီးတွင် သုံးပွဲနိုင်၊ ရှစ်ပွဲသရေ၊ ၂၂ ပွဲ ရှုံးနိမ့်ခဲ့ပြီး ရမှတ် ၁၇ မှတ်ဖြင့် အမှတ်ပေးဇယားအောက်ဆုံးတွင် ရပ်တည်နေကာ တန်းဆင်းဇုန်မှ လွတ်မြောက်ရန် မျှော်လင့်ချက် ရှိနေသော်လည်း ပွဲစဉ် ၃၄ အပြီးတွင် အဆင့်(၁၉)မှ ခရီမိုနန်စီအသင်းက စပီဇီယာအသင်းကို နှစ်ဂိုး ဂိုးမရှိ၊ အဆင့်(၁၈)မှ ဗီရိုနာအသင်းက လက်ချီအသင်းကို တစ်ဂိုး ဂိုးမရှိတို့ဖြင့် အနိုင်ရခဲ့သည့်အပြင် ၎င်းတို့အသင်းအနေဖြင့် အူဒီးနီးစ်အသင်းကို နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့သောကြောင့် ပြိုင်ပွဲပြီးဆုံးရန် လေးပွဲအလိုတွင် စီးရီးဘီသို့တန်းဆင်းခဲ့ရကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဆမ့်ဒိုးရီးယားအသင်းသည် အိမ်ရှင် အူဒီးနီးစ်အသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာ၊ ထိရောက်သည့်ဂိုးပေါက် ခြိမ်းခြောက်မှုများဖြင့် ဖိအားပေးနိုင်ခဲ့သော်လည်း ပွဲအစကိုးမိနစ်နှင့် ၂၃ မိနစ်တို့တွင် အူဒီးနီးစ်အသင်း၏ ဦးဆောင်မှုကို ခံခဲ့ရပြီး ချေပဂိုးရရှိရန် အစွမ်းကုန်ကြိုးစားခဲ့သော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိသဖြင့် နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး ၂၀၁၂-၂၀၁၃ ဘောလုံးရာသီနောက်ပိုင်း ဆယ်စုနှစ်တစ်ခုအကြာတွင် စီးရီးအေမှ ပထမဆုံးအကြိမ် တန်းဆင်းခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ ML

# ကေတီတေလာဖြင့် မကျေပွဲစဉ်ထိုးသတ်ရန် ပြင်ဆင်သွားမည်ဖြစ်ကြောင်း ဆာရန်နို ပြောကြား

**ဆန်ဂျွာအန် မေ ၉**

WBA၊ WBC၊ IBF၊ WBO လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အိုင်ယာလန်လက်ဝှေ့မယ် ကေတီတေလာနှင့် မကျေပွဲပြန်လည်စီစဉ်မည်ဖြစ်ကြောင်း WBA၊ WBC၊ IBF၊ WBO၊ IBO ဖယ်သာဝိတ်တန်းချန်ပီယံ ပွာတိုရီကို လက်ဝှေ့မယ် ဆာရန်နိုက ထုတ်ဖော်ပြောကြားခဲ့သည်ဟု Irish Boxing သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆာရန်နိုသည် ဖယ်သာဝိတ်တန်းတွင် ပြိုင်ဘက်ကင်းချန်ပီယံအဖြစ် ရပ်တည်နေသည့် လက်ဝှေ့သမားတစ်ဦးဖြစ်သော်လည်း ၂၀၂၂ ခုနှစ် ဧပြီလတွင် WBA၊ WBC၊ IBF၊ WBO လိုက်ဝိတ်တန်းကမ္ဘာ့ချန်ပီယံဆုအတွက် ကေတီတေလာအား စိန်ခေါ်ထိုးသတ်ခဲ့ကြောင်း သိရသည်။

ဖယ်သာဝိတ်တန်းတွင် ပြိုင်ဘက်ကင်းချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့ပြီး လိုက်ဝိတ်တန်းတွင်မူ ကေတီတေလာအား အသာစီးရယူနိုင်ခဲ့ခြင်းမရှိသော်လည်း ဆာရန်နိုက ကေတီတေလာအား ပြန်လည်စိန်ခေါ်သွားရန် စီစဉ်နေကာ ပြင်ဆင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

သို့သော်လည်း ဆာရန်နိုသည် WBA၊ WBC၊ IBF၊ WBO၊ IBO ဖယ်သာဝိတ်တန်း လက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် ဩဂုတ် ၅ ရက်တွင် အမေရိကန်လက်ဝှေ့မယ် ဟီတာဟက်ဒီနှင့် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် ထိုးသတ်ရမည်ဖြစ်သည်။

အလားတူ ကေတီတေလာသည်လည်း မေ ၂၀ ရက်တွင် WBA၊ WBC၊ IBF၊ WBO လိုက်ဝိတ်တန်း လက်ရှိချန်ပီယံဆုကာကွယ်ပွဲစဉ်ကို အိုင်ယာလန်နိုင်ငံ ဒပ်ဘ်လင်မြို့တွင် ဗြိတိန်လက်ဝှေ့မယ်ချန်တယ်လာနှင့် ထိုးသတ်ရမည်ဖြစ်သည်။

ဆာရန်နိုအနေဖြင့် ကေတီတေလာအား မကျေပွဲအတွက် စိန်ခေါ်လိုပါက ဩဂုတ်လတွင် ထိုးသတ်သွားရမည့် ဟီတာဟက်ဒီနှင့်ပွဲစဉ်ကို အနိုင်ထိုးသတ်နိုင်ရန် လိုအပ်နေသည်။

ထို့ပြင် ကေတီတေလာနှင့် ချန်တယ်လာတို့ပွဲစဉ်မှ ရလဒ်ကိုလည်း စောင့်ကြည့်သွားရမည်ဖြစ်သလိုမကျေပွဲစီစဉ်နိုင်သည့် အခြေအနေမျိုးဖြစ်ပေါ်လာပါက အမြန်ဆုံးစီစဉ်သွားမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# ဗီလာရီးရဲလ်အသင်းနှင့်သဘောတူညီမှုရခဲ့သည့် တိုက်စစ်မှူး ဘာရီတန် ဘလက်ဘန်းအသင်းမှ ထွက်ခွာမည်ဟုပြောကြား



**မက်ဒရစ် မေ ၉**

ဥရောပကလပ် အသင်းများ ခေါ်ယူရန် စိတ်ဝင်စားနေသည့် တိုက်စစ်မှူး ဘာရီတန်က စပိန်ကလပ် ဗီလာရီးရဲလ်အသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိခဲ့ပြီးနောက် ဘလက်ဘန်းအသင်းမှ ထွက်ခွာမည်ဟု ပြောကြားခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၄ နှစ်ရှိ ဘာရီတန်သည် ယခုနှစ်ဘောလုံးရာသီ ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဘလက်ဘန်းအသင်း တိုက်စစ်ပိုင်းကို ဦးဆောင်နေသူဖြစ်ပြီး အမှတ်ပေးပြိုင်ပွဲ ၄၃ ပွဲပါဝင်ခဲ့ရာတွင် သွင်းဂိုး ၁၄ ဂိုးနှင့် ဂိုးဖန်တီးမှုလေးကြိမ်ထိ ပြုလုပ်နိုင်ခဲ့သောကြောင့် ဗီလာရီးရဲလ်အသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့ရာ ငါးနှစ်စာချုပ်ဖြင့် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဘလက်ဘန်းအသင်းနှင့် တိုက်စစ်မှူး ဘာရီတန်တို့၏စာချုပ်သက်တမ်းမှာ လာမည့်ဇွန် ၃၀ တွင် ကုန်ဆုံးမည်ဖြစ်သောကြောင့် ဗီလာရီးရဲလ်အသင်းအနေဖြင့် ၎င်းအား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်မည်ဖြစ်ပြီး လုပ်ခလစာနှင့်ပတ်သက်၍ တရားဝင် ထုတ်ပြန်ခြင်းမရှိသေးကြောင်း သိရသည်။

ဘလက်ဘန်း အသင်းနည်းပြက "တိုက်စစ်မှူး ဘာရီတန်ဟာ ရာသီကုန်မှာ အသင်းကထွက်ခွာမှာ သေချာပါတယ်။ သူဟာဘလက်ဘန်းအသင်းကို ပျော်ရွှင်မှုတွေနဲ့ အဆုံးသတ်ပေးခဲ့သူပါ။ ဘာကြောင့်လဲဆိုရင် သူဟာ အသင်းအတွက် အရေးကြီးချိန်မှာ အဓိကဂိုးတွေကို သွင်းယူပေးခဲ့တာ အားလုံးတွေ့ရမှာပါ။ အခုပွဲစဉ်မှာလဲ မီဝေါလ်အသင်းကို သူ့ရဲ့သွင်းဂိုးတွေနဲ့ ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ အခုလို အသင်းအတွက်အစွမ်းကုန်ကြိုးစားပေးတဲ့သူကို အသင်းကိုယ်စား ကျေးဇူးတင်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ML


## အားကစားသတင်း အတိုအထွာများ

- ဆောက်သမ်တန်အသင်းသည် နော်တင်ဟမ်အသင်းကို လေးဂိုးသုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် လက်ကျန်ပွဲကစားရန် သုံးပွဲအလိုတွင် ပရီးမီးယားလိဂ်မှ တန်းဆင်းရန် သေချာလျက်ရှိကြောင်း သိရသည်။
- မန်ယူအသင်းက ဂိုးသမားဒီဂီယာနှင့် စာချုပ်သက်တမ်းတိုးရန် နီးစပ်နေသော်လည်း ပွဲထွက်ခွင့်အတွက် အာမခံချက်ပေးရန် ငြင်းဆိုခဲ့ကြောင်း သိရသည်။
- စပါးအသင်းက ရှက်ဖီးလ်(U) အသင်းတိုက်စစ်မှူး အန်ဒီရီကို ခေါ်ယူရန် ကစားသမားနှင့်ဆွေးနွေးမှု ပြုလုပ်နေကြောင်း သိရသည်။ ML

# ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းက မလေးရှားအသင်းကို ဂိုးပြတ်အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်အဆင့်တက်ရောက်

**ရန်ကုန် မေ ၉**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဆီးဂိမ်းပြိုင်ပွဲ)အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် မြန်မာအမျိုးသမီးအသင်းနှင့် မလေးရှားအမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအမျိုးသမီးအသင်းက ငါးဂိုးတစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။



အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက မြန်မာအမျိုးသမီး အသင်းက မလေးရှားအမျိုးသမီး အသင်းကို ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် သုံးမိနစ်နှင့် မိနစ် ၄၀ တွင် ဂျူလိုင်ကျော်ကလည်းကောင်း၊ ပွဲချိန် ၂၉ မိနစ်တွင် ခင်မာလာထွန်းက လည်းကောင်း မြန်မာအမျိုးသမီးအသင်းအတွက် သွင်းဂိုးများသွင်းယူပြီး ပထမပိုင်းအပြီးတွင် မြန်မာအမျိုးသမီးအသင်းက သုံးဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း မြန်မာအမျိုးသမီးအသင်းက ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၆၃ မိနစ်နှင့် ၈၃ မိနစ်တို့တွင် ဆန်းသော်သော်က မြန်မာအမျိုးသမီးအသင်းအတွက် သွင်းဂိုးများ ထပ်မံသွင်းယူနိုင်ခဲ့ပြီး မလေးရှားအမျိုးသမီးအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၅၉ မိနစ်တွင် ဆာရက်အင်တန်က သွင်းယူပေးနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် မြန်မာအမျိုးသမီးအသင်းက မလေးရှားအမျိုးသမီးအသင်းကို ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် အုပ်စုပွဲစဉ်သုံးပွဲကစားခဲ့ရာ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ်ခြောက်မှတ်ဖြင့် အုပ်စု(က)တွင် အုပ်စုဒုတိယနေရာမှ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီး အုပ်စု (ခ)မှ အုပ်စုပထမ ရရှိမည့်အသင်းနှင့် မေ ၁၂ ရက် မြန်မာစံတော်ချိန် ည ၇ နာရီတွင် ကစားရမည်ဖြစ်ကြောင်း သိရသည်။ STA

# ဆီးဂိမ်းပြိုင်ပွဲ ဘီလီယက်အားကစားနည်း အင်္ဂလိပ်ဘီလီယက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ပေါက်စ ရွှေတံဆိပ်ဆွတ်ခူး




**ရန်ကုန် မေ ၉**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ဆီးဂိမ်းပြိုင်ပွဲ ဘီလီယက်အားကစားနည်း အင်္ဂလိပ်ဘီလီယက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် မြန်မာဘီလီယက်ကစားသမား ပေါက်စနှင့်စင်ကာပူ ဘီလီယက်ကစားသမား ပီတာဂေးလ်ခရစ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပေါက်စကအနိုင်ရရှိခဲ့ပြီး မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ဆွတ်ခူးပေးနိုင်ခဲ့ကြောင်း သိရသည်။

ဆီးဂိမ်းပြိုင်ပွဲ ဘီလီယက်အားကစားနည်း အင်္ဂလိပ်ဘီလီယက် အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် ပေါက်စသည် ကွာတားဖိုင်နယ်အဆင့်မှ စတင်ကစားခဲ့ရခြင်းဖြစ်ပြီး ကွာတားဖိုင်နယ်အဆင့်တွင် ဗီယက်နမ် ဘီလီယက်ကစားသမား ဗန်ငုရင်ထရန်ကို လည်းကောင်း၊ ဆီမီးဖိုင်နယ်အဆင့်တွင် ထိုင်းဘီလီယက်ကစားသမား ယူတာပေါ့ကို လည်းကောင်းအသီးသီး အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲအဆင့်တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ အာဆီယံထိပ်တန်းဘီလီယက်ကစားသမားတစ်ဦးဖြစ်သည့် ပီတာဂေးလ်ခရစ်သည်လည်း ကွာတားဖိုင်နယ်အဆင့်တွင် ဗီယက်နမ်ဘီလီယက်ကစားသမား ငုယင်ထရောင်၊ ဆီမီးဖိုင်နယ်အဆင့်တွင် ထိုင်းဘီလီယက်ကစားသမား ပရာပွတ်ကိုလည်းကောင်းအသီးသီး အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲအဆင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ပေါက်စနှင့် ပီတာဂေးလ်ခရစ်တို့သည် ဆီးဂိမ်းပြိုင်ပွဲ ဘီလီယက်အားကစားနည်း အင်္ဂလိပ်ဘီလီယက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် နှစ်ကြိမ်တွေ့ဆုံခဲ့ဖူးပြီး ပြီးခဲ့သည့် (၃၁) ကြိမ်မြောက်တွေ့ဆုံမှုတွင်လည်း ပေါက်စအနိုင်ရရှိခဲ့ကာ ရွှေတံဆိပ်ဆွတ်ခူးခဲ့သကဲ့သို့ ယခုအခါတွင်လည်း ထပ်မံအနိုင်ရရှိခဲ့သဖြင့် ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ STA

# ရေးဗားပလိပ်အသင်းနှင့် ဘိုကာဂျူနီယာအသင်းတို့ပွဲစဉ်တွင် ကစားသမားခြောက်ဦးထိ ထုတ်ပယ်ခံရ

**ဗျူနိုဲ့စ်အေရိစ် မေ ၉**

အာဂျင်တီးနားလိဂ်ပွဲစဉ်အဖြစ် ကစားခဲ့သည့် ရေးဗားပလိပ်အသင်းနှင့် ဘိုကာဂျူနီယာအသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် နှစ်ဖက်အသင်းကစားသမားများ အကြီးအကျယ် ခိုက်ရန်ဖြစ်ပွားခဲ့သည့်အတွက် အမိကရျဏ်းထိန်းသိမ်းသည့် ရဲတပ်ဖွဲ့ဝင်များ ဝင်ရောက်ထိန်းသိမ်းခဲ့ရသကဲ့သို့ ကစားသမားခြောက်ဦးထိ ထုတ်ပယ်ခံခဲ့ရကြောင်း The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပွဲပြီးဆုံးခါနီးအချိန်တွင် ရေးဗားပလိပ်အသင်းက ပင်နယ်တီ ကန်သွင်းခွင့်ရရှိခဲ့ပြီးနောက် မီဂွယ်ဘော်ဂျာက ရေးဗားပလိပ်အသင်းအတွက် ပင်နယ်တီကန်သွင်းခဲ့ပြီးနောက် ရေးဗားပလိပ်အသင်းမှတင်ပါလာနှင့် ဘိုကာဂျူယာအသင်းဂိုးသမား ရိုမီရိုတို့ အချင်းများခဲ့ကြခြင်းဖြစ်သည်။

ထို့နောက် အဆိုပါအချင်းများမှုတွင် နှစ်ဖက်ကစားသမားများလည်း ပါဝင်လာခဲ့ပြီးနောက် ကွင်းလယ်ဒိုင်လူကြီးက ထိန်းသိမ်းခဲ့သော်လည်း မထိန်းသိမ်းနိုင်ခဲ့သည့်အတွက် အမိကရျဏ်းရဲတပ်ဖွဲ့ဝင်များကဝင်ရောက်ကာ ဖျန်ဖြေခဲ့ရခြင်းဖြစ်သည်။

အမိကရျဏ်းရဲတပ်ဖွဲ့ဝင်များက ဝင်ရောက်ထိန်းသိမ်းခဲ့ပြီးနောက် အခြေအနေအားလုံး တည်ငြိမ်သွားခဲ့သည့်အချိန်၌ အချင်းများမှုတွင် ပါဝင်ပတ်သက်သည့် ဘိုကာဂျူနီယာအသင်းမှ နည်းပြအဖွဲ့ဝင်နှစ်ဦးအပြင် ကစားသမားများဖြစ်ကြသည့် ဂွယ်မီရန်တီရယ်၊ ဖာနန်ဒက်၊ ဗာလင်တီနီတို့ကို အနီကတ်ပြထုတ်ပယ်ခဲ့ပြီး ရေးဗားပလိပ်အသင်းမှလည်း ဇီခီနို၊ ရီယွန်နှင့် ဂိုမက်ဇ်တို့ကို အနီကတ်ပြထုတ်ပယ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ STA

# ဒီကလန်ရိုက်၏နေရာတွင် ဂန်ဒိုဇီနှင့်အစားထိုးမည်ဟု ဝက်စ်ဟမ်းအသင်း အတည်ပြုပြောကြား

**လန်ဒန် မေ ၉**

ဝက်စ်ဟမ်း အသင်းသည် ကွင်းလယ်ပိုင်းတွင် ခြေစွမ်းပြသနေသည့် ဒီကလန်ရိုက်ကို လာမည့်နွေရာသီတွင် ရောင်းချမည်ဖြစ်သောကြောင့် ၎င်း၏နေရာတွင် မာဆေးအသင်းမှ ထွက်ခွာမည့် ဂန်ဒိုဇီနှင့် အစားထိုးသွားမည်ဟု အတည်ပြု ပြောကြားခဲ့ကြောင်း The Athletic သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

ကွင်းလယ်ကစားသမား ဒီကလန်ရိုက်သည် ဝက်စ်ဟမ်းအသင်းနှင့် လာမည့် ၂၀၂၄ ခုနှစ်တွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်ပြီး အသင်းအနေဖြင့် သက်တမ်းတိုးရန် အကြိမ်ကြိမ်ဆွေးနွေးခဲ့သော်လည်း ၎င်းအနေဖြင့် ငြင်းပယ်ခဲ့သဖြင့် ပရီးမီးယားလိဂ်ပြိုင်ဘက်များဖြစ်သည့် အာဆင်နယ်၊ မန်ယူနှင့် နယူးကာဆယ်အသင်းတို့က ခေါ်ယူရန် အပြိုင်ကမ်းလှမ်းနေသောကြောင့် အသင်းတာဝန်ရှိသူများက ၎င်းအား အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်မလွှတ်ရေးအတွက် လာမည့်နွေရာသီတွင် ရောင်းချမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

အသက် ၂၄ နှစ်ရှိ ကွင်းလယ်ကစားသမား ဒီကလန်ရိုက်သည် ယခုနှစ် ဘောလုံးရာသီပြိုင်ပွဲစုံတွင် ပုံစံကောင်းပြသနိုင်ခဲ့ပြီး အမှတ်ပေးပွဲ ၃၄ ပွဲတွင် သုံးဂိုးသွင်းယူ၍ ဂိုးဖန်တီးမှုသုံးကြိမ်ထိ ပြုလုပ်နိုင်ခဲ့သဖြင့် ထိပ်သီးကလပ်အသင်းများက အပြိုင်ကမ်းလှမ်းလာသောကြောင့် အသင်းအနေဖြင့် ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း ၁၀၀ အနည်းဆုံးသတ်မှတ်၍ ရောင်းချသွားမည်ဖြစ်ပြီး ၎င်း၏နေရာတွင် ကွင်းလယ်ကစားသမား ဂန်ဒိုဇီနှင့် အစားထိုးရန်အတွက် မာဆေးအသင်းနှင့် ဆွေးနွေးမှုပြုလုပ်လျက်ရှိသည်။ ML

# 2023 Laureus Breakthrough of the Year Award ကို စပိန်ကစားသမား အယ်ကာရက်ဇ် ဆွတ်ခူး

**လန်ဒန် မေ ၉**

ဗြိတိန်အခြေစိုက် Laureus Sport for Good Foundation က အားကစားကဏ္ဍအသီးသီးမှ ထူးချွန်မှုအပေါ်မူတည်ပြီး ဆုရွေးချယ်ချီးမြှင့်လျက်ရှိရာ ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပသွားခဲ့သည့် ဆုပေးပွဲအခမ်းအနားတွင် ယခုနှစ်အတွက် အတိုးတက်ဆုံးသော အားကစားသမားဆု ဖြစ်သည့် 2023 Laureus Breakthrough of the Year Award ကို စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်က ဆွတ်ခူးခဲ့ကြောင်း Tennis Infinity သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်သည် ၂၀၂၂ ခုနှစ် တင်းနစ်ရာသီမှစတင်၍ လျင်လျင်မြန်မြန်တိုးတက်လာသည့် ကစားသမားတစ်ဦး ဖြစ်သကဲ့သို့ ၂၀၂၂ ခုနှစ်အတွင်း ဂရန်းစလန်းဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီး ကမ္ဘာ့အဆင့် (၁) နေရာသို့ပင် ရောက်ရှိခဲ့သည်။

ကမ္ဘာ့အဆင့်(၁) နေရာကို ရရှိခဲ့သည့် အသက်အငယ်ဆုံးသော တင်းနစ်ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ထားသည့် အယ်ကာရက်ဇ်သည် 2023 Laureus Breakthrough of the Year Award ဆုကို ဆန်ခါတင်စာရင်းတွင် ပါဝင်ခဲ့သော ကာဇက်စတန်တင်းနစ်မယ်ရှိုင်ဘာကီနာ၊ မော်ရိုကိုအမျိုးသားလက်ရွေးစင် ဘောလုံးအသင်း၊ အမေရိကန် အလှပြစကိတ်စီးသမားနသန်ချန်း၊ အမေရိကန်ဂေါက်သီးရိုက်ကစားသမား ရှက်ဖလာနှင့် နိုင်ဂျီးရီးယား ပြေးခုန်ပစ် ကစားသမားတိုဘီအမူဆန်တို့ကို ကျော်ဖြတ်ပြီးရွေးချယ်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ AZL



# နွေရာသီဓာတ်စာမရန်းသီးနှင့် ကျန်းမာရေး

ပေါက်ပေါက်

မရန်းပင်သည် ရာသီဥတုနှင့် ရေမြေအနေအထား အရ သဘာဝအတိုင်းရှင်သန်ပေါက်ရောက်နိုင်သော နှစ်ရှည်သီးနှံပင်ဖြစ်သည်။ မရန်းပင်သည် သရက်မျိုးရင်းဝင် ANACARDIACEAE အုပ်စု၌ ပါဝင်ပြီး ရုက္ခဗေဒအရ Bouea Macrophylla Griffith ဟုခေါ်သည်။ အင်္ဂလိပ်အမည် Marian Plum, Plum Mango၊ Gandaria ဟု အမျိုးမျိုးခေါ်ကြသည်။ မရန်းပင်တို့ စတင်ပေါက်ရောက်ရာအရပ်ဒေသသည် အရှေ့တောင်အာရှနိုင်ငံများဖြစ်ကြပြီး ထိုင်း၊ လာအို၊ မြန်မာနှင့် မလေးရှားနိုင်ငံတို့တွင် အများအပြား တွေ့ရသည်။ မြန်မာနိုင်ငံရာသီဥတု၏ နွေရာသီတွင် မရန်းသီးရင့်မှည့်ပြီး ရာသီပေါ်သီးနှံဖြစ်သည်။

**မရန်းသီးစားဖွယ်ရာ**

မရန်းသီးတွင် အချဉ်သီး(အဖြူးသီး) နှင့် အချိုသီးဟူ၍ အမျိုးအစားနှစ်မျိုးရှိသည်။ အချဉ်သီး (အဖြူးသီး)ကို အဆီများသောအသား၊ ငါးဟင်းလျာများချက်ပြုတ်ရာတွင် အသုံးပြုကြသကဲ့သို့ မရန်းသီးထောင်း၊ မရန်းသီးငါးပိကြော်၊ မရန်းသီးငါးပိချက်၊ မရန်းသီးသုပ်၊ မရန်းသီးဆားရည်စိမ်၊ မရန်းချဉ်ပေါင်းတို့တွင်လည်း ခံတွင်းမြိန်လှသည်။ ထို့ပြင် မရန်းချဉ်သီးမှည့်ကို အရည်ညှစ်၍ ခေါက်ဆွဲသုပ်၊ ကြာဆံသုပ်၊ ငါးဖယ်သုပ်၊ အသုပ်စုံ စသည့်လက်သုပ်စုံများတွင် ထည့်၍ သုပ်စားကြသည်။ မရန်းသီးကိုနေပူလှန်း၍ ရလာသောမရန်းခြောက်ကို ဖန်ပုလင်းထဲ လေလုံအောင်သိမ်းထားပါက နှစ်ပေါက်အောင်ခံသည်။ မရန်းခြောက်ကို ချဉ်ရည်ဟင်းချက်ရာတွင်လည်း ကောင်း၊ မရန်းယိုထိုး၍လည်းကောင်း အသုံးပြုကြသည်။ မရန်းချိုသီးကို သူချည်းသက်သက် သရေစာသစ်သီးတစ်မျိုးအဖြစ်စားသုံးကြသကဲ့သို့ ဖျော်ရည်အဖြစ်လည်း သောက်သုံးနိုင်သည်။

**မရန်းသီးနှင့် ကျန်းမာရေး**

၁၀၀ ဂရမ်အလေးချိန်ရှိသော မရန်းသီး၏ အာဟာရပြုဓာတ်များကို လေ့လာကြည့်ရာ ခွန်အား ၄၇၊ ပရိုတင်း သုည ဒသမ ၄ ဂရမ်၊ အမျှင် ၁ ဒသမ ၅ ဂရမ်၊ ကစီဓာတ် ၁၁ ဒသမ ၃ ဂရမ်၊ ဘီတာကယ်ရိုတင်း ၂၃၀ မိုက်ခရိုဂရမ်၊ ဗီတာမင်ဘီဝမ်း သုည ဒသမ ၁၁ မီလီဂရမ်၊ ဗီတာမင်ဘီတူး သုည ဒသမ ၀၅ မီလီဂရမ်၊ ဗီတာမင်ဘီသရီး သုည ဒသမ ၅ မီလီဂရမ်၊ ဗီတာမင်စီ ၁၀၀ မီလီဂရမ်၊ ကယ်လ်စီယမ် ၉ မီလီဂရမ်၊ မီးစုန်း ၄ မီလီဂရမ်နှင့် သံဓာတ် သုည ဒသမ ၃ မီလီဂရမ်တို့ အသီးသီးပါရှိနေကြောင်း တွေ့ရသည်။

- မရန်းသီးတွင် ကယ်လ်စီယမ်နှင့် မီးစုန်းဓာတ်များ မြင့်မားစွာပါရှိနေ၍ အရိုးနှင့် သွားများကို ကျန်းမာခိုင်ခံ့စေပါသည်။
- ဦးနှောက်စွမ်းဆောင်ရည်၏ ၇၀ ရာခိုင်နှုန်းအတွက် ရေဓာတ်များများလိုအပ်သည်။ ထို့ကြောင့် ရေဓာတ်မြင့်မားစွာပါဝင်သော မရန်းသီးကို စားပေးသင့်သည်။
- လူတချို့တွင် Scurvy ခေါ် ဟင်းသီးဟင်းရွက်အစားနည်း၍ ဗီတာမင်စီဓာတ်ချို့တဲ့မှုကြောင့်ဖြစ်ပေါ်လာသော သွေးရောဂါတစ်မျိုးကို ခံစားရတတ်သည်။ ချဉ်သောမရန်းသီး သို့မဟုတ် မရန်းသီးအဖြူးစားပေးခြင်းဖြင့် ထိုရောဂါမဖြစ်အောင် ရှောင်ရှားနိုင်သည်။
- မကြာခဏတံတွေးထွက်သူများ မရန်းသီးစားပါက ခံတွင်းရှင်းစေသည်။ မရန်းသီးကို သုပ်စားခြင်း၊ ချက်စားခြင်း စသည်ဖြင့် ပြုလုပ်စားသုံးပါက ခံတွင်းပျက်ခြင်းနှင့် ခံတွင်းအရသာမပေါ်ခြင်းတို့ကို သက်သာပျောက်ကင်းစေနိုင်သည်။
- မရန်းသီးသည် သွေးကြောင့်ဖြစ်သောရောဂါများ၊ အဖျားဟောင်းနှင့် ကိုယ်တွင်းပူလောင်ခြင်း၊ ကြွက်သားများနှင့် အရိုးဆစ်များနာကျင်ကိုက်ခဲခြင်းတို့ကို သက်သာပျောက်ကင်းစေပါသည်။
- ဝမ်းကိုက်ခြင်း၊ မီးယပ်ဝမ်းသွားခြင်းများအတွက် မရန်းသီးဆားရည်စိမ်အရည်သောက်ပေးခြင်း သို့မဟုတ် ဆားရည်စိမ်မရန်းသီးကို သုပ်စားပေးခြင်းဖြင့် ဝမ်းကိုက်ပိုးများကို သေစေနိုင်သည်။
- မရန်းသီးစားသုံးခြင်းက အူနံရံများကို အာဟာရစုပ်ယူမှုကောင်းစေရန်နှင့် ဝမ်းမှန်စေပြီး ကိုယ်တွင်းအဆိပ်အတောက်များကို ဖယ်ရှားပေးရန် အထောက်အပံ့ဖြစ်စေသည်။
- အသည်းအဆီပုံးသောရောဂါများကို ပျောက်ကင်းစေရန်နှင့် အဆီများသောသားငါးများတွင် မရန်းသီးထည့်၍ ချက်ပြုတ်ခြင်းဖြင့် ပိုလျှံနေသောအဆီများကို ချေဖျက်နိုင်သည်။
- မရန်းသီးထဲတွင် သဘာဝအလျောက်ပါရှိနေကြသော Quercetin၊ Isoquercitrin၊ Astragalin၊ Fisetin၊ Gallic အက်စစ်နှင့် Methylgallat စသော အင်ဂိုင်းများက ဓာတ်တိုးဆန့်ကျင်ပစ္စည်းဓာတ်ပေါင်းစုများအဖြစ် အစွမ်းထက်မြက်ကာ အူမကြီးကင်ဆာ၊ ရင်သားကင်ဆာ၊ သွေးကင်ဆာနှင့် ဆီးကျိတ်ကင်ဆာရောဂါများဖြစ်မလာအောင် ကြိုတင်ကာကွယ်ပေးနိုင်သည်။
- မရန်းသီးတွင် အမျှင်၊ Pectin နှင့် ဗီတာမင်စီတို့မြင့်မားစွာပါရှိနေ၍ ခန္ဓာကိုယ်တွင်းရှိ မကောင်းသော ကိုလက်စထရောများကို ကျဆင်းစေသည်။
- မရန်းချိုသီးတစ်ခွက်စာပမာဏထဲမှ ဗီတာမင်အေ ၂၅ ရာခိုင်နှုန်းရရှိနိုင်ပြီး ၎င်းပမာဏမှာ အရွယ်ရောက်ပြီးသူတစ်ဦးအတွက် တစ်နေ့တာလိုအပ်နေသော ဗီတာမင်အေပမာဏနှင့် ထပ်တူညီမျှသည်။ ဗီတာမင်အေကြွယ်ဝသော မရန်းသီးကိုစားပေးခြင်းဖြင့် အမြင်အာရုံကောင်းလာစေကာ မျက်စိခြောက်ခြင်း၊ မျက်ရည်အိတ်ခန်းခြင်းနှင့် ကြက်မျက်သင့်ရောဂါတို့မဖြစ်အောင် ကာကွယ်ထားနိုင်သည်။
- မရန်းသီးထဲတွင် Tartaric အက်စစ်၊ Malic အက်စစ်နှင့် Citric အက်စစ်များ ပါရှိနေကြပြီး ၎င်းအက်စစ်များက ခန္ဓာကိုယ်ကြီးတစ်ခုလုံး၏ အယ်လ်ကာလီကို ထိန်းသိမ်းပေးသဖြင့် မရန်းသီးစားပါက ပေါ့ပါးသွက်လက်ခြင်းကိုဖြစ်စေသည်။
- သွေးတိုးရောဂါရှိသူများ မရန်းသီးစားပေးသင့်ပါသည်။
- မရန်းသီးတွင် ဗီတာမင်နှင့် အာဟာရပြုဓာတ်များ အမြောက်အမြားပါရှိနေကြသဖြင့် မရန်းသီးစားပြီးနောက် အာသာပြေရောင့်ရဲတင်းတိမ်မှုကိုဖြစ်ပေါ်စေကာ နောက်ထပ်အစာစားချင်စိတ်ကို ခုခံပေးသည်။ ထို့ပြင် အမျှင်များသောအသီးဖြစ်သောကြောင့် ကယ်လိုရီလောင်မြိုက်သွားကာ ကိုယ်အလေးချိန်လျော့ကျစေရန် အထောက်အပံ့ဖြစ်သည်။
- မရန်းသီးတွင် အမျှင်ဓာတ်နှင့် ရေဓာတ်ပါဝင်၍ ဆီးချိုရောဂါဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်သည်။ အသီးသာမက အရွက်ကလည်း ဆီးချိုသွေးချိုအဆင့်ကို ပုံမှန်ဖြစ်စေအောင် ထိန်းညှိပေးနိုင်သည်။ ထို့ကြောင့် နာတာရှည်ဆီးချိုရောဂါရှိသူများအနေဖြင့် အင်ဆူလင်ပမာဏကို ထိန်းချုပ်နိုင်ရန်အတွက် မရန်းပင်အရွက်ငါးရွက် သို့မဟုတ် ခြောက်ရွက်ကို ပြုတ်၍ ညသိပ်အအေးခံထားပြီး နောက်တစ်နေ့ နံနက်အိပ်ရာထတွင် ၎င်းဆေးရည်ကို တစ်ကျိုက်တည်းကုန်အောင်သောက်ပေးပါ။
- မရန်းသီးက အမျိုးသားခွန်အားကိုသန်မာစေသဖြင့် ကာမအားတိုးဆေးအဖြစ် စားသုံးနိုင်ပါသည်။ ထို့ကြောင့် အချို့နိုင်ငံများတွင် မရန်းသီးကို love fruit ဟုခေါ်ကြသည်။
- မရန်းသီးတွင်ပါဝင်သော အာဟာရဓာတ်များက အဆုတ်၏လုပ်ဆောင်ချက်များကို ကောင်းမွန်စေသည်။
- မရန်းသီးထဲတွင်ပါရှိနေသော အင်ဇိုင်းဓာတ်များက ပရိုတင်းကိုဖြိုခွဲပေးပြီး အမျှင်ဓာတ်များကလည်း အစာခြေစနစ်ဖြစ်စဉ်ကို ကူညီပေးသည်။ ထိုဖြစ်စဉ်များကြောင့် အစာကြေညက်လွယ်စေသည်။
- မရန်းသီးတွင် ဦးနှောက်နှင့် အာရုံကြောလုပ်ဆောင်မှုစွမ်းရည်ကိုမြင့်တက်စေသည့် Beta-Carotene ဓာတ်ကြွယ်ဝစွာပါရှိနေသဖြင့် အာရုံစူးစိုက်မှုအားကို ကောင်းမွန်စေပြီး အရွယ်မတိုင်ခင် သတိမေ့လျော့ခြင်းကို ကာကွယ်ပေးနိုင်သည်။
- မရန်းသီးစားပါက သံဓာတ်စုပ်ယူမှုအား ကောင်းစေသဖြင့် သွေးအားနည်းရောဂါရှိသူများ၊ မကြာခဏ သွေးပေါင်ကျတတ်သူများအတွက် မရန်းသီးက တစ်ဖက်တစ်လမ်းက ကောင်းကျိုးပြုသည်။
- ရိုးရာကုထုံးများတွင် မရန်းစေ့ကို ဝမ်းပိတ်ဆေးများဖော်စပ်ရာ၌ အသုံးပြုလေ့ရှိသည်။



**လုပ်ငန်းခွင်ရေးရာအတွက် အရေးပါသောမရန်းသီး**

- မရန်းသီးတွင် ပရိုတင်းနှင့် ဗီတာမင်စီကြွယ်ဝစွာပါဝင်နေသဖြင့် အရေပြားဆဲလ်များအသစ်ဖြစ်ပေါ်စေရန်နှင့် ကော်လာဂျင်ထွက်ရှိအောင် အကောင်းဆုံးအားဖြည့်ပေးသည်။ ထိုဖြစ်စဉ်များက အရွယ်တင်နုပျိုစေရန်မှ မတအရေပြားပေါ်ရှိအနာများ အကျက်မြန်စေရန် အထောက်အပံ့ဖြစ်စေသည်။
- ရေဓာတ်ပါဝင်မှုများပြားသော မရန်းသီးက ခန္ဓာကိုယ်တွင်းသွေးလည်ပတ်မှုအားကောင်းစေကာ သွေးသားစင်ကြယ်စေပြီး အသားအရေကို စိုပြည်စေသည်။
- မျက်နှာချွေးပေါက်ကျဉ်းသူများနှင့် ဝက်ခြံပေါက်လေ့ရှိသူများ မရန်းသီးစားပါ။
- မရန်းသီးကိုအရည်ညှစ်၍ မျက်နှာအနှံ့လိမ်းပေးခြင်းဖြင့် ဝက်ခြံစို၊ ဝက်ခြံခြောက်၊ ဆားဝက်ခြံအမျိုးမျိုးတို့ကို သက်သာပျောက်ကင်းစေပါသည်။

အချုပ်အားဖြင့်ဆိုသော် မရန်းသီးက လူသားတို့ကျန်းမာရေးကို များစွာအထောက်အကူဖြစ်စေပြီး ဘေးထွက်ဆိုးကျိုးလုံးဝမရှိပေ။ သို့သော် ရာသီစာသီးနှံဖြစ်သော မရန်းသီးကို တစ်နှစ်ပတ်လုံးမရနိုင်ပါ။ ထို့ကြောင့် နွေဦးကာလမှစ၍ မိုးဦးကျကာလအတွင်းမှသာ မြင်ရတွေ့ရနိုင်သော မရန်းသီးများကို စားသောက်နိုင်ပါကြောင်းနှင့် မရန်းသီးပေါ်ချိန်တွင် ဝယ်ယူစုဆောင်းအခြောက်ခံ၍ တစ်နှစ်ပတ်လုံးစားသုံးခြင်းဖြင့် ကျန်းမာရေးအကျိုးကျေးဇူးများစွာကို ရရှိနိုင်မည်ဖြစ်ပါကြောင်း ရေးသားအကြံပြုလိုက်ရပါသည်။

# သံတောင်ကြီးမြို့နယ် ဒေဒါခိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**သံတောင်ကြီး မေ ၉**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာပြောင်းလဲဆောင်ရွက်မည့် ဒေဒါခိုကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို မေ ၈ ရက် နံနက် ၁၀ နာရီက အဆိုပါ ကျေးရွာဘုန်းကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက ဒေဒါခိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးရွာနေပြည်သူများ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေပြီး မိသားစုဝင်ငွေများတိုးပွားလာစေရန်ရည်ရွယ်၍ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ ကျေးရွာသားများအနေဖြင့် စီမံကိန်းကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းခြင်း၊ ကော်မတီဖွဲ့စည်းခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများကို ရှင်းလင်းပြောကြားပြီး ကျေးရွာသူ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

သူသူ

# Guardians of the Galaxy Vol-3 ဇာတ်ကား၏ ပထမဆုံးရုံတင်ရက်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၅ သန်းရရှိ




**နယူးယောက် မေ ၉**

မာဗယ်စတူဒီယို၏ Guardians of the Galaxy Vol-3 ဇာတ်ကား၏ ရုံတင်ပြီး ပထမဆုံး ရက်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၂၅ သန်းထိရရှိခဲ့ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က မေ ၈ ရက်တွင် ရေးသားတင်ပြထားသည်။

Guardians of the Galaxy Vol-3 ဇာတ်ကားသည် စတင်ရုံတင်ခဲ့သည့် မေ ၅ ရက်မှာပင် IMAX ရုပ်ရှင်ရုံများမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၂၅ သန်းထိ ရရှိခဲ့သည်။

အထက်ပါဝင်ငွေအရ Guardians of the Galaxy Vol-3 ဇာတ်ကား၊ Guardians of the Galaxy ဇာတ်ကားများအနက် အဖွင့်ဝင်ငွေ အကောင်းဆုံးဇာတ်ကားဖြစ်ကြောင်း၊ Guardians of the Galaxy ဇာတ်ကားများအနက် တတိယမြောက်ဇာတ်ကားဖြစ်သည့် အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဂျိမ်းဂန်းကပင် ရိုက်ကူးပေးထားခြင်းဖြစ်ကြောင်း သိရသည်။

မေ ၅ ရက်ဝင်ငွေအရ Guardians of the Galaxy Vol-3 ၏ ပထမသီတင်းပတ်ကုန်ဝင်ငွေသည် မျှော်လင့်ထားသည်ထက် များစွာပိုများနိုင်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ထားသည်။

အဆိုပါဇာတ်ကားတွင်း မင်းသား ခရစ်ပရက်၊ ဘရက်ဒလေကူးပါး၊ ဇိုဘာတစ္စတာနှင့် ဗင်ဒီဆယ်တို့ ဦးဆောင်ပါဝင်ထားကြောင်း သိရသည်။ KKO

# Formula One ဇာတ်ကား၌ မင်းသမီး ကာရီကွန်ဒန် ပါဝင်မည်

**နယူးယောက် မေ ၉**

Formula One ကားမောင်းပြိုင်ပွဲလောကနောက်ခံ ရုပ်ရှင်ဇာတ်ကား၌ မင်းသမီး ကာရီကွန်ဒန် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မေ ၈ ရက်တွင် ရေးသားတင်ပြထားသည်။

မင်းသမီး ကာရီကွန်ဒန်သည် Banshees of Inisherin ဇာတ်ကားဖြင့် ယခုနှစ် အော်စကာဆုပေးပွဲ၏ ဆန်ခါတင်စာရင်း၌ ပါဝင်ခဲ့သူဖြစ်သည်။

Formula One ဇာတ်ကားတွင် မင်းသမီး ကာရီကွန်ဒန်သည် မင်းသား ဘရက်ပစ်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသား ဘရက်ပစ်သည် အလားအလာရှိသည့် လူငယ်ကားမောင်းသမားတစ်ဦးကို မြေတောင်မြှောက်ပေးရန် ကားမောင်းပြိုင်ပွဲလောကတွင်းသို့ တစ်ကျော့ပြန်ဝင်လာသည့် ဇာတ်ကောင်နေရာတွင် သရုပ်ဆောင်မည်ဖြစ်သည်။

Formula One ဇာတ်ကားကို Top Gun: Maverick ဒါရိုက်တာ ဂျိုးဆက်ကိုစင်စကီးက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး လက်ရှိတွင် အဆိုပါဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Apple စတူဒီယိုက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

KKO




# မဟာအောင်မြေမြို့နယ် ထိပ်တန်းရွှေဘုရင်စိန်ရွှေရတနာဆိုင်တွင် သရုပ်ဆောင် ထက်ထက်မိုးဦး၏ မွေးနေ့အလှူပွဲ ကျင်းပ

**မန္တလေး မေ ၉**

သရုပ်ဆောင် ထက်ထက်မိုးဦး၏ မွေးနေ့အလှူပွဲကို မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ ထိပ်တန်းရွှေဘုရင်စိန်ရွှေရတနာဆိုင်တွင် မေ ၈ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

သရုပ်ဆောင် ထက်ထက်မိုးဦး၏ မွေးနေ့အထိမ်းအမှတ်အလှူအဖြစ် ထိပ်တန်းရွှေဘုရင်စိန်ရွှေရတနာဆိုင်တွင် သံဃာတော်များအား အရှက်ဆွမ်းဆက်ကပ်လှူဒါန်းပြီး နဝကမ္မအလှူငွေကျပ်သိန်း ၅၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

"ဒီနှစ် မွေးနေ့အလှူကိုတော့ မန္တလေးက ထိပ်တန်းရွှေဘုရင်စိန်ရွှေရတနာဆိုင်မှာ ထက်ထက်ရဲ့ ပရိသတ်တွေနဲ့အတူ မွေးနေ့ကိတ်ခွဲခဲ့ပြီးတော့ ပျော်ပျော်ပါးပါးဆင်နွှဲခဲ့ပါတယ်။ သံဃာတော်တွေကို ဆွမ်းဆက်ကပ်လှူဒါန်းပြီး ငွေကျပ်



သိန်း ၅၀ လဲ လှူဒါန်းခဲ့ပါတယ်။ မွေးနေ့အခမ်းအနား စလယ်ဆုံးစီစဉ်ပေးတဲ့ ထိပ်တန်းရွှေဘုရင်စိန်ရွှေရတနာဆိုင်မိသားစုကို ကျေးဇူးတင်ပါတယ်။ လာရောက်အားပေးဝန်းရံကြတဲ့ မန္တလေးက ထက်ထက်ရဲ့ပရိသတ်တွေကိုလဲ အထူးကျေးဇူးတင်ပါတယ်"ဟု သရုပ်ဆောင် ထက်ထက်မိုးဦးက ပြောပြသည်။

သရုပ်ဆောင် ထက်ထက်မိုးဦး၏ မွေးနေ့အမှတ်တရအဖြစ် ထိပ်တန်းရွှေဘုရင်စိန်ရွှေရတနာဆိုင်က မွေးနေ့ပွဲသို့ လာရောက်အားပေးကြသည့် ပရိသတ်များအနက် ထက် မိုး ဦး မှ ရွှေ ရည်စသည့် နာမည်တစ်လုံးပါသူများအား စိန်ရွှေရတနာများကို ၂၅ ရာခိုင်နှုန်းလျှော့ချကာ ရောင်းချပေးခဲ့ပြီး မွေးနေ့ပွဲတက်ရောက်လာသူများကို အမှတ်တရလက်ဆောင်များလည်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ASH

# Shell လျှို့ဝှက်သည်းဖိုဇာတ်ကားတွင် အဲလစ်ဇဘတ်မော့ သရုပ်ဆောင်မည်

**နယူးယောက် မေ ၉**

Shell အမည်ရှိ လျှို့ဝှက်သည်းဖိုဇာတ်ကားတွင် မင်းသမီး အဲလစ်ဇဘတ်မော့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မေ ၈ ရက်တွင် ရေးသားတင်ပြထားသည်။

Shell ဇာတ်ကားတွင် မင်းသမီး အဲလစ်ဇဘတ်မော့သည် မင်းသမီး ကိတ်ဟက်ဆန်၊ ကိုင်ရာဂျာဘာတို့နှင့်အတူ ပါဝင်သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို အင်္ဂလိပ်ရုပ်ရှင်မင်းသား မက်မင်းဟယ်လာက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

မင်းသမီး အဲလစ်ဇဘတ်မော့နှင့် မက်မင်းဟယ်လာတို့သည် The Handmaid's Tale ဇာတ်ကား၌ အတူသရုပ်ဆောင်ခဲ့ဖူးသူများဖြစ်ကြသည်။

Shell ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို Lou ဇာတ်ညွှန်းရေးဆရာ ဂျက်စတန်လေက ရေးသားပေးထားသည်။

လက်ရှိတွင် Shell ဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။ KKO



# သရုပ်ဆောင် ခိုင်နှင်းဝေနှင့် အလှူရှင်များက မုန်တိုင်းဝင်ရောက်နိုင်သည့်ဒေသများရှိ လူမှုကူညီကယ်ဆယ်ရေးအသင်းများသို့ ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့လှူဒါန်း

**ရန်ကုန် မေ ၉**

သရုပ်ဆောင် ခိုင်နှင်းဝေနှင့် အလှူရှင်များက မုန်တိုင်းဝင်ရောက်နိုင်သည့် ဒေသများရှိ လူမှုကူညီကယ်ဆယ်ရေးအသင်းများသို့ ငွေကျပ်သိန်း ၁၈၀ ကျော်တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများကို ပေးပို့လှူဒါန်းခဲ့ကြောင်း သရုပ်ဆောင် ခိုင်နှင်းဝေက ပြောပြ၍ သိရသည်။

အဆိုပါ ကယ်ဆယ်ရေးပစ္စည်းများကို မုန်တိုင်းဝင်ရောက်နိုင်သည်ဟု ခန့်မှန်းထားသည့် ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးရှိ လူမှုကူညီကယ်ဆယ်ရေးအသင်းများသို့ ယနေ့မှစတင်ကာ ပေးပို့လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

"နှစ်စဉ် မိုးဦးလေဦးကာလတွေမှာ ကယ်ဆယ်ရေးပစ္စည်းတွေကို လူမှုကူညီကယ်ဆယ်ရေးအသင်းတွေကတစ်ဆင့် လှူဒါန်းနေကျဖြစ်ပါတယ်။ ဒီနှစ်လဲဆက်သွယ်ထားပြီးပါပြီ။ တချို့ကလဲ ကျွန်မတို့ဂေဟာဆီ လာယူကြမှာဖြစ်သလို တချို့ကျတော့လဲ ပို့ပေးရမှာဖြစ်ပါတယ်။ ဒေသလေးခုကို အချိုးကျရအောင် ခွဲဝေလှူဒါန်းသွားပါမယ်"ဟု သရုပ်ဆောင် ခိုင်နှင်းဝေက ပြောပြသည်။

အဆိုပါ ကယ်ဆယ်ရေးပစ္စည်းများမှာ အသက်ကယ်အင်္ကျီများ၊ ဘောကွင်းများ၊ လေမွေ့ရာများ၊ လေထိုးလှေငယ်များ၊ ဆေးသေတ္တာငယ်များ ပါဝင်ကြောင်း သိရသည်။

သရုပ်ဆောင် ခိုင်နှင်းဝေနှင့် အလှူရှင်များသည် ကိုဗစ်ကာလမှစတင်ကာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တချို့မှ ဝင်ငွေနည်းအခက်အခဲရှိသူများကိုလည်း ငွေကြေးနှင့် အာဟာရဒါနလှူဒါန်းခြင်း၊ သက်ကြီးဘိုးဘွားများအား ဆေးကုသစရိတ်ပံ့ပိုးခြင်း၊ ကလေးငယ်များအား ကျောင်းဝတ်စုံနှင့် စရိတ်များပံ့ပိုးခြင်းအပြင် မိုးဦးကာလများတွင် သဘာဝဘေးကယ်ဆယ်ရေးအဖွဲ့များကိုလည်း ကယ်ဆယ်ရေးပစ္စည်းများ နှစ်စဉ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။ ASH

# Sundried salt fetches good prices in Labutta Township


Sundried salt production site.

**Labutta May 9**

Sundried salt is traded at K75,000 per 100 viss in Labutta Township of Ayeyawady Region, said Daw Khin Htwe Yi, a sundried salt trader in Labutta Township.

Sundried salt was sold at K55,000 per 100 viss in March, compared to K75,000 per 100 viss from 1 April to date. But, untimely rains destroyed the salt farms in the regions, causing the decline of salt production.

"Untimely rains caused the decline of production rate of salt. So, prices of salt rose in the market. So, incomes of salt farmers increased. Sundried salt from Ayeyawady Region is sold to Yangon, fetching good prices by K20,000 per 100 viss. So, businesspersons give higher wages to the salt farmers," she added.

Salt farm owners send sundried salt from Labutta Township to Yangon. Farm owners recruit salt farmers with daily wages at K8,000 per farmer. This year, sundried salt is sent to Yangon to export it to China, Singapore and Thailand.

Kyaw Kyaw Lin

# Some 5,000 travellers take relaxation at Moeyungyi Wildlife Sanctuary in April

**Moeyungyi May 9**

About 5,000 travellers took relaxation at Moeyungyi wildlife sanctuary in April, said Daw Thin Thin Yu, warden of the sanctuary.

"Moeyungyi has arranged observation for the visitors and relaxation. Most of the travellers came from Yangon and Bago. Some 5,000 travellers arrived there in April alone. We have recorded 12 species of water birds and migratory birds. We are conserving the rare bird species such as red head cranes," the warden explained.

The sanctuary is located 42 miles from Bago, beside Yangon-Mandalay highway. As from April water birds can be seen at the sanctuary. As it is a wetland, large trees cannot be seen in the sanctuary.

Moeyungyi wildlife sanctuary is located on 15,600 acres of land. The Forest Department leased a 360 acres of land to Shwe Pyi Aye Co in a long term contract. The company gives services to the people to take relaxation and enjoy lotuses and water birds.

More outbreak of Covid-19 diseases, Moeyungyi Lake attracted local and foreign travellers, amounting for more than 80,000 travellers per year. Tourists and local bird watchers pay visits to the lake.

Critically endangered bird species can be seen at Indawgyi and Inlay lakes as well as Moeyungyyi Lake in Bago Region. Currently, a total of 172 species of water birds and migratory birds inhabit at Moeyungyi wildlife sanctuary.

ASH


Migratory birds seen in Moeyungyi Lake.

# High demand of Chinese merchants contribute to booming domestic sesame market

**Yangon May 9**

The domestic sesame market is likely to boom due to high demand of Chinese merchants, according to sesame depots in Bayintnaung brokerage in Yangon and Muse border trade market.

Myanmar sends sesames to foreign markets such as China, Japan and Korea. Among them, demand of China was remarkably high.

As summer sesame is started harvesting, inflow of stock to the market is still lesser. More than 10 truckloads of sesame enter the domestic brokerages in the past but some five truckloads of sesame arrived at the brokerages from the end of April.

Domestic depots face inventory of sesame and lesser volume of quality sesame. During the period, demand of Chine is high. So, prices of sesames are high.

As from the early May, domestic market trades K265,000 per bag of brown sesame, K270,000 to K290,000 per bag of black sesame and K185,000 to K187,000 per bag of niger.

As Chinese demand is likely to be risen, domestic market will face high prices of sesame. Summer sesame is cultivated in March and can be harvested after 75 days. It needs to use three pyis of sesame for one acre. One pyi of sesame is valued at K8,000.

Cultivation cost for sesame can be some K400,000 per acre. At present, one acre of sesame can fetch K640,000. Hence, farmers can bag K240,000 per acre of sesame cultivation.

336

# New Zealand: Teen missing in Abbey Caves amid Auckland floods

**Wellington May 9**

A teenage boy has gone missing in a cave system amid widespread flooding in New Zealand's Auckland region.

He was among 15 students and two teachers who had gone to Abbey Caves, a series of three underground caves.

The rest of the group was initially trapped but made it out safely.

Auckland, which is New Zealand's largest city, has declared a state of emergency after heavy rainfall stranded cars, toppled trees and disrupted rail services.

Late on Tuesday, the search for the missing boy was suspended until first light on Wednesday. He was reported to be in Year 11, typically a level for students aged 15 or 16.

The Abbey Caves Reserve features limestone outcrops and sink holes. Rapidly rising water and roof falls in the caves pose significant risks for cavers, say local authorities.

It is unclear why the outdoor education class went ahead despite the bad weather, but the principal of Whangārei Boys' High School has promised an investigation, the New Zealand Herald reported. BBC

# Israel Gaza strikes kill top militants and 10 civilians

**Jerusalem May 9**

At least 13 Palestinians, including three commanders of the militant group Islamic Jihad, have been killed in Israeli air strikes on the Gaza Strip.

Palestinian health officials said eight women and children were among the dead. Another 20 people were injured.

Israel said it had launched an operation targeting militants who posed an imminent threat to its citizens.

Islamic Jihad has vowed revenge and Gaza-based militants are expected to respond with rocket fire into Israel.

Israel officials are said to be preparing for days of fighting.

The strikes were the deadliest since three days of fighting between Israel and Islamic Jihad last August.

The latest strikes took place in the early hours of Tuesday morning, when 40 Israeli warplanes and helicopters attacked in several waves across Gaza, hitting homes and causing panic among residents.

Pictures showed at least two apartments with their fronts ripped away and others damaged.

The Gaza health ministry said four children and four women were among those killed. Half of the injured were women and children and several were in a critical condition in hospital, it added. BBC


Several homes in Gaza were hit in the waves of predawn Israeli air strikes.

# 208 cargo ships engage in freight handling at international ports in Yangon from January to April


A container vessel docked at Yangon Port.

**Yangon May 9**

Myanma Port Authority stated that a total of 208 cargo ships arrived at international ports of Yangon Region from January to April 2023 for freight handling.

MPA could handle 2.564 million containers from 208 cargo ships from international shipping lines in export and import process at the international ports in Yangon during the period, said assistant general manager U Sein Lwin Zaw of the MPA.

"Yangon's international ports can admit 3,000-ton and 200 metres long international cargo ships at 27 jetties. Thilawa international port can admit 3,500-ton and 250 feet long international cargo ships at 46 jetties. These jetties handle freight from 208 cargo ships," the assistant general manager explained.

More and more international cargo ships and general cargo ships arrived at Yangon ports as from May 2021. These jetties handled over 11,000 containers and 115,000 metric tonnes of general cargo more than the previous years, according to the Myanma Port Authority.

ASH

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Authorities allow 1,027 food and consumer products by performing laboratory test in 2022-2023 FY

**Mandalay May 9**

A total of 1,027 samples of food and consumer goods were tested and allowed more than the target for the emergence of independent entrepreneurs in the region in 2022-2023 FY, said U Win Bo, director of the Mandalay Regional Small Scale Industries Department.

A total of 615 samples were earmarked for laboratory testing of the products to be manufactured and sold by these monopoly entrepreneurs in 2022-2023 FY. A total of 517 food, consumer and cosmetics products are performed using chemical laboratory test and 510 food, consumer and cosmetics products are performed using microbiological test. With these two laboratory tests, a total of 1,027 samples can be conducted for research tests, which is more than the target.

It is said that providing laboratory testing to those who are doing business in the region according to the fiscal year is to ensure that the products produced by the entrepreneurs do not contain harmful chemical drugs and do not enter in the market. The purpose of this testing is to produce high-quality food and consumer goods for the people.

185


Staff conducting lab tests.

# Export of marine products to over 40 countries earns US$45.83 million in April 2023

**Yangon May 9**

Myanmar pocketed US$45.83 million from export of marine products to more than 40 countries in April 2023 of the 2023-24 financial year, said CEC member U Win Thein of Myanmar Fisheries Federation.

Maritime export of marine products slightly increases by 35 per cent than the land borders. Export volume of hilsa, rohu, sea perch, river catfish and others, totalling 20 fish rose more than previous periods.

"Marine product export earned US$45.83 million in April alone. These flow out from shipping as well as land border. This fiscal year, export of shrimp increased, and Taninthayi Region exported larger volume of farmed shrimps to the market this year," U Win Thein revealed.

From 1 April 2022 to 31 January 2023, export of marine products to more than 40 countries earned $594.87 million.

In this regard, marine products are exported to Japan, Middle East countries, EU member countries, Malaysia, China Taipei and Australia as usual.

ASH


The worksite of a fish and prawn processing factory.

# Thai tourists flock to MraukU ancient cultural heritage region in 2023

**MraukU May 9**

Travellers from Thailand paid visits to MraukU ancient cultural heritage region in Rakhine State in 2023 for the first time and they spent their times from 30 April to 6 May, said CEC member Daw Tin Ma Ma of the Myanmar Tourism Federation (Rakhine State).

The flock of Thai tourists was the first of all to pay visits to the ancient cultural heritage region in MraukU after 2020, and they visited landmarks of the city.

"After outbreak of Covid-19, they were the first tourists to MraukU. During the period, the Buddha Pujaniya festival is in progress at Sitthaung Stupa. In the festivities, the traditional boat race was the most popular one. The Thai tourists were very happy in grasping the chance to view the boat race," she added.

The flock of Thai tourists comprised eight male and eight female visitors. Most of the travellers were more than 50 and three women around 20. They visited Koethaung Stupa, Sitthaung Stupa, Htokkan ordination stupa, Thakyamanaung Pagoda, old palace, Letse Lake and Sandaminu Pagoda in Mrauk ancient cultural heritage region.

A dossier to enlist MraukU cultural region into the World Heritage Sites has been submitted to the UMESCO. The documentary film on hidden city for recognition of UNESCO's heritage sites shown at Nice of France secured the best documentary.

ASH

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ယူကရိန်းသို့ ရုရှားလေကြောင်းရန်ကာကွယ်ရေးစနစ်များလွှဲပြောင်းပေးရန် တူရကီကို အမေရိကန်တောင်းဆို



အမေရိကန်နိုင်ငံသည် ရုရှားထုတ် S-400 လေကြောင်းရန်ကာကွယ်ရေးစနစ်များကို အသုံးပြုခွင့်ပေးရန် သို့မဟုတ် ယူကရိန်းလက်သို့ လွှဲပြောင်းပေးရန် မျှော်လင့်ချက်ဖြင့် ချဉ်းကပ်လာခဲ့ကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီး Mevlut Cavusoglu က မေ ၇ ရက်တွင် ပြောကြားခဲ့သည်။

ထိုသို့လုပ်ဆောင်ခြင်းသည် တူရကီ၏ အချုပ်အခြာအာဏာနှင့်လွတ်လပ်ရေးကို ထိခိုက်စေမည်ဟူသောအကြောင်းပြချက်ဖြင့် အမေရိကန်တို့၏တောင်းဆိုမှုကို ငြင်းဆိုခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

မေ ၇ ရက်က Habertürk သတင်းစာနှင့်အင်တာဗျူးတွင် Cavusoglu က အမေရိကန်နိုင်ငံသည် ကျွန်ုပ်တို့၏အချုပ်အခြာအာဏာနှင့် တိုက်ရိုက်သက်ဆိုင်သည့်ကမ်းလှမ်းချက်ဖြစ်သည့် S-400 လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ကို ထိန်းချုပ်ပေးပြီး အခြားတစ်နေရာသို့ လွှဲပြောင်းပေးအပ်ခြင်းကဲ့သို့သော ကမ်းလှမ်းမှုများကို အမေရိကန်ကမည်သို့ပြုလုပ်ခဲ့သည်ကို ပြောပြခဲ့သည်။

ယူကရိန်းနိုင်ငံကို လေကြောင်းရန်ကာကွယ်ရေးစနစ်များပေးအပ်ရန် အမေရိကန်က အကြံပြုထားကြောင်း Cavusoglu က ရှင်းလင်းပြောကြားခဲ့သော်လည်း တူရကီအနေဖြင့် No ဟူ၍သာ တုံ့ပြန်ပြောကြားခဲ့ကြောင်း သိရသည်။

တူရကီနိုင်ငံသည် ၂၀၁၉ ခုနှစ်တွင် ရုရှားနိုင်ငံထံမှ S-400 ပထမအသုတ်ကို လက်ခံရရှိခဲ့သည်။ အမေရိကန်နိုင်ငံ၏ F-35 ဂျက်တိုက်လေယာဉ်အစီအစဉ်သို့ တူရကီနိုင်ငံပြန်ဝင်လာနိုင်မည့် အလားအလာနှင့်ပတ်သက်၍ Cavusoglu က ၎င်း၏နိုင်ငံအနေဖြင့် ယခုအခါပြည်တွင်းနည်းပညာဖြင့် တိုက်လေယာဉ်များတီထွင်ထုတ်လုပ်နိုင်ပြီဖြစ်သောကြောင့် စိတ်မဝင်စားတော့ကြောင်း အခိုင်အမာပြောကြားခဲ့သည်။

ပြီးခဲ့သည့်မတ်လတွင် အနောက်တိုင်းမီဒီယာအများအပြားက အမေရိကန်နိုင်ငံသည် တူရကီနိုင်ငံကို F-35 အစီအစဉ်သို့ ပြန်လည်ပါဝင်လာနိုင်ရန် ကမ်းလှမ်းခဲ့ပြီး S-400 စနစ်ကိုစွန့်လွှတ်ကာ ယူကရိန်းနိုင်ငံသို့ လွှဲပြောင်းပေးပို့ခြင်းနှင့် အလဲအထပ်သဘောမျိုးပြုလုပ်ခဲ့သည်။

အဆိုပါစွပ်စွဲချက်များနှင့်ပတ်သက်၍ မှတ်ချက်ပေးရာတွင် တူရကီသမ္မတ Recep Tayyip Erdogan က တူရကီနိုင်ငံ၏ S-400 လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ဝယ်ယူ၊ တပ်ဖြန့်၊ အသုံးပြုခြင်းသည် ကျွန်ုပ်တို့နိုင်ငံအတွက်သာ ပြီးမြောက်သောဝယ်ယူရေးသဘောတူညီချက်ဖြစ်ကြောင်း ရှင်းလင်းစွာပြောကြားခဲ့သည်။

"ဒီလက်နက်စနစ်တွေက ကျွန်တော်တို့ရဲ့ လေကြောင်းပိုင်နက်ကာကွယ်ရေးကို ထမ်းဆောင်နေတာဖြစ်လို့ ဘယ်နိုင်ငံကိုမှ လွှဲပေးဖို့မရှိပါဘူး"ဟု Erdogan က ပြောကြားသည်။

အနောက်နိုင်ငံများက လုပ်ဆောင်ရမည့်အရာမှာ F-35 တိုက်လေယာဉ်များနှင့် Patriot လေကြောင်းရန်ကာကွယ်ရေးတပ်ခွဲများကို ကြိုတင်သတ်မှတ်ထားသည့် အခြေအနေများမပါဘဲ တူရကီထံရောင်းချရန်ကမ်းလှမ်းသင့်ကြောင်း Erdogan ၏ ပြောရေးဆိုခွင့်ရှိသူ Fahrettin Altun က ထောက်ပြပြောဆိုခဲ့သည်။

၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်သည် တူရကီနိုင်ငံ ကာကွယ်ရေးစက်မှုလုပ်ငန်းအပေါ် ပိတ်ဆို့အရေးယူမှုများချမှတ်ခဲ့ပြီး ရုရှားစစ်ဘက်ဆိုင်ရာ စစ်လက်နက်ပစ္စည်းကိရိယာများကိုဝယ်ယူရန် တူရကီ၏ ဆုံးဖြတ်ချက်ကြောင့် F-35 တိုက်လေယာဉ်အစီအစဉ်မှ တူရကီနိုင်ငံကို ထုတ်ပယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တူရကီ၏ ရုရှားထုတ်လက်နက်စနစ်ဝယ်ယူမှုသည် အမေရိကန်စစ်ဘက်နည်းပညာလုံခြုံရေးအပေါ် အန္တရာယ်ဖြစ်စေသည်ဟုဆိုကာ အမေရိကန်က ၎င်း၏ NATO အဖွဲ့ဝင်နိုင်ငံထံ ပေးပို့ဖြန့်ကြက်ချထားပြီးဖြစ်သည့် အဆင့်မြင့်ကိုယ်ပျောက်တိုက်လေယာဉ်များကို လွှဲပြောင်းပေးအပ်ရောင်းချပေးသွားရန် ငြင်းဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**US asked Türkiye for access to Russian air defense system – FM ကို ဘာသာပြန်ဆိုထားပါသည်။**

## ပင်လယ်နက်ပေါ်တွင် ပိုလန်လေယာဉ်ကို ရုရှားတိုက်လေယာဉ်က ကြားဖြတ်ဟန့်တားခဲ့

ပင်လယ်နက်တွင် ဥရောပသမဂ္ဂအဖွဲ့၏ နယ်ခြားစောင့်အေဂျင်စီအတွက် ကင်းလှည့်နေသောပိုလန်နိုင်ငံမှ လေယာဉ်ကို ရုရှားတိုက်လေယာဉ်တစ်စင်းက ကြားဖြတ်ဟန့်တားခဲ့ကြောင်း ရိုမေးနီးယားကာကွယ်ရေးဝန်ကြီးဌာနက မေ ၆ ရက်တွင် ပြောကြားခဲ့ပြီး ရုရှားတိုက်လေယာဉ်၏ အန္တရာယ်ရှိသောအပြုအမူကိုရှုတ်ချခဲ့သည်ဟု https://www.thedefensepost.com/ သတင်းရင်းမြစ်က မေ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပိုလန်နယ်ခြားစောင့် လေယာဉ်သည် ရိုမေးနီးယားနယ်ခြားစောင့်ရဲတပ်ဖွဲ့နှင့်အတူ မေ ၅ ရက်တွင် Frontex ဥရောပနယ်ခြားနှင့် ကမ်းရိုးတန်းစောင့်အေဂျင်စီ၏ ပုံမှန်ကင်းလှည့်မှုများ ဆောင်ရွက်နေစဉ် Sukhoi Su-35 တိုက်လေယာဉ်က ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း ရိုမေးနီးယားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အချင်းဖြစ်ပွားချိန်တွင် ရိုမေးနီးယားနှင့် စပိန်နိုင်ငံမှ တိုက်လေယာဉ်များကို NATO အဖွဲ့ချုပ်မှ ကြိုတင်သတိပေးချက်ထုတ်ပြန်ပေးခဲ့သော်လည်း ပိုလန်လေယာဉ်မှူးများ ဘေးကင်းစွာဆင်းသက်နိုင်ခဲ့သည်ဟု ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ရိုမေးနီးယားနိုင်ငံ လေပိုင်နက်အရှေ့ဘက်ကီလိုမီတာ ၆၀ အကွာပင်လယ်နက်ရှိ နိုင်ငံတကာလေပိုင်နက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ရိုးမေးနီးယားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

"ဒီဖြစ်ရပ်က ပင်လယ်နက်မှာ ရုရှားဖက်ဒရေးရှင်းရဲ့ ရန်စပြုမှုတဲ့ချဉ်းကပ်မှုရဲ့ နောက်ထပ် အထောက်အထားတစ်ခုပါပဲ" ဟု ၎င်းက စွပ်စွဲပြောကြားလိုက်သည်။

အေအက်ဖ်ပီသတင်းဌာနမှ ဆက်သွယ်မေးမြန်းရာ ဥရောပနယ်ခြားစောင့်အေဂျင်စီ Frontex က ချက်ချင်းတုံ့ပြန်ခြင်းမရှိပေ။ ပိုလန်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များကလည်း မှတ်ချက်ပေးရန် ငြင်းဆိုခဲ့ပြီး မေ ၇ ရက်တွင် ကြေညာခဲ့ကြောင်း သိရသည်။

ပိုလန်နိုင်ငံမှ ကင်းလှည့်လေယာဉ်သည် ရိုမေးနီးယားတွင် ဧပြီ ၁၉ ရက်မှ စတင်ဖြန့်ကြက်ထားပြီး စပိန်နှင့် ဆွီဒင်တို့ပါဝင်သည့် Frontex စစ်ဆင်ရေး၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။



**Russian Jet Intercepts Polish Plane Over Black Sea: Romania ကို ဘာသာပြန်ဆိုထားပါသည်။**

## သြစတြေးလျရေတပ်က သင်္ဘောဖျက်ဒုံးကျည်ကာကွယ်ရေးစနစ်များလွှဲပြောင်းပေးရန် Rheinmetall ကုမ္ပဏီနှင့်စာချုပ်ချုပ်ဆို



သြစတြေးလျရေတပ်သည် Rheinmetall ကုမ္ပဏီနှင့် သင်္ဘောဖျက်ဒုံးကျည်ကာကွယ်ရေးစနစ်များ လွှဲပြောင်းပေးအပ်ရန် ယူရို ၁၂၅ သန်း (အမေရိကန်ဒေါ်လာ ၁၃၈ သန်း) သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါသဘောတူစာချုပ်အရ Hobart အတန်းအစား ဖျက်သင်္ဘောများနှင့် ANZAC-အတန်းအစားဖရီးဂိတ်စစ်ရေယာဉ်များပေါ်တွင် Multi Ammunition Softkill System (MASS)ကို ဖြန့်ကြက်အသုံးပြုသွားမည်ဖြစ်သည်။ ၎င်း၏ ရေယာဉ်စုတစ်ခုလုံးအတွက် သြစတြေးလျဒေါ်လာ တစ်ဘီလီယံ(အမေရိကန်ဒေါ်လာ ၆၇၈ သန်း) ကျခံသုံးစွဲ၍ တပ်ဆင်အသုံးပြုသွားမည်လည်းဖြစ်သည်။ ပထမဆုံးစနစ်များသည် ယခုနှစ်ကုန်တွင် ရောက်ရှိလာမည်ဖြစ်ပြီး ၂၀၂၇ ခုနှစ်တွင် အပြည့်အဝလည်ပတ်နိုင်မည်ဖြစ်သည်။

MASSစနစ်တွင် လောင်ချာခြောက်ခုထိပါရှိပြီး တစ်ခုစီတွင်အများဆုံး Omni Trap Decoy ခဲယမ်းခြောက်ခုထိတပ်ဆင်ပစ်ခတ်နိုင်သည်။ MASS စနစ်သည် အာရုံခံကိရိယာနှင့် လေဆာလမ်းညွှန်သုံးသင်္ဘောဖျက်ဒုံးကျည်များရန်မှ သက်ဆိုင်ရာလှုပ်စစ်သံလိုက်ရောင်စဉ်လိုင်းအလျားအားလုံးတွင် အကာအကွယ်ပေးနိုင်ကြောင်း၊ အဆိုပါစနစ်ကို ကမ်းဝေးပင်လယ်ရေပြင်များ၊ ကမ်းရိုးတန်းရေပြင်များ သို့မဟုတ် မြစ်များပေါ် သွားလာနေသောသင်္ဘောများအားလုံးတွင် တပ်ဆင်အသုံးပြုနိုင်သည်။

စာချုပ်အရ Rheinmetall Defense Australia ကုမ္ပဏီသည် ပြည်တွင်း၌ စနစ်များကို ထုတ်လုပ်တပ်ဆင် တပ်တော်ဝင်အသုံးပြုနိုင်စေမည်ဖြစ်ပြီး နည်းပညာလွှဲပြောင်းမှုလည်း တစ်ပါတည်းလုပ်ဆောင်သွားရန်ပါဝင်သည်။

Rheinmetall Defence Australia ကုမ္ပဏီနှင့် ပထမဆုံးရေတပ်ဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်ပြီး ကုမ္ပဏီအနေဖြင့် သြစတြေးလျနိုင်ငံတွင် ပိုမိုအဆင့်မြင့်သောထုတ်လုပ်တပ်ဆင်ခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်းများနှင့် အတူ ပြည်တွင်းစက်မှုထုတ်ကုန်လုပ်ငန်းစဉ်များ တိုးတက်ဖွံ့ဖြိုးစေမည့် သိသာထင်ရှားသောမှတ်တိုင်တစ်ခုဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ Nathan Poyner က ပြောကြားသည်။

**Australian Navy Taps Rheinmetall for Anti-Ship Missile Defense System ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ထီးချိုင့်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၁၆၉၉၄ ဧက စိုက်ပျိုးသွားမည်



**ထီးချိုင့် မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၁၆၉၉၄ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ၂၀၁၁ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၁၇၂၈၄ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၁၂ ခုနှစ် မေလ မှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၁၁၇၂၉၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌လည်း ထီးချိုင့်မြို့နယ်တွင် မိုးသီးနှံစုံ ၁၁၆၉၉၄ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

“ပြီးခဲ့တဲ့နှစ်က မိုးသီးနှံစိုက်ပျိုးရာသီမှာ သီးနှံစုံဧက လျာထားချက်ထက် ပိုစိုက်နိုင်ခဲ့ပါတယ်။ ရာသီဥတု ကောင်းမွန်တဲ့အတွက် စိုက်ပျိုးနိုင်တာပါ။ မိုးကောင်းတော့ သီးနှံတွေစိုက်ပျိုးမှုက အဆင်ပြေပါတယ်။ မိုးသီးနှံစိုက်ပျိုးမှုကတော့ တစ်နှစ်နဲ့တစ်နှစ် တိုးစိုက်နိုင်တဲ့ အနေအထားမှာရှိပါတယ်။ ဒီနှစ်မှာလဲ သီးနှံစုံဧက တစ်သိန်းကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ သီးနှံစုံဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ”ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစုံဧကစိုက်ပျိုးရန် လျာထားမှုအနေဖြင့် မိုးစပါး ၄၀၂၇၁ ဧက၊ ပဲမျိုးစုံဧက ၃၀၀၊ ဆီထွက်သီးနှံ ၃၄၂ ဧက၊ ကြံ ၆၅၂၂၃ ဧက၊ အခြားသီးနှံ ၁၀၈၅၈ ဧက စုစုပေါင်း ၁၁၆၉၉၄ ဧကတို့ဖြစ်ကြောင်း သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစုံစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ပေးခြင်း၊ ဆွေးနွေးပွဲများဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်များ လက်တွေ့ပြသဆောင်ရွက်ပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲရေး၊ ပိုးမွှားရောဂါ မကျရောက်အောင် ကာကွယ်နည်းလမ်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ကွမ်းသီးအနုအလုံး ၁၀၀ လျှင် ငွေကျပ် ၄၇၀၀ ထိ ဈေးကောင်းရရှိ

**မော်လမြိုင်ကျွန်း မေ ၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် ကွမ်းသီးအနုအလုံး ၁၀၀ လျှင် ငွေကျပ် ၄၇၀၀ ထိ ဈေးကောင်းရရှိနေကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် မတ်လနှင့် ဧပြီလတို့တွင် ကွမ်းသီးအနုအလုံး ၁၀၀ လျှင် ငွေကျပ် ၃၂၀၀ ထိသာ ဈေးကောင်းရရှိခဲ့ပြီး မေ ၁ ရက်မှစ၍ ကွမ်းသီးအနုအလုံး ၁၀၀ လျှင် ငွေကျပ် ၄၇၀၀ ထိ ဈေးကောင်းရရှိနေကြောင်း၊ အဆိုပါ ကွမ်းသီးများဈေးကောင်းရရှိနေခြင်းသည် ပြည်ပဈေးကွက်သို့ ပြန်လည်တင်ပို့ရောင်းချနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

“ပြည်ပဈေးကွက်ကိုတင်ပို့နေရတာကြောင့် ဈေးကောင်းရရှိနေတာပါ။ လက်ရှိ ကွမ်းသီးအနုအလုံး ၁၀၀ ကို ငွေကျပ် ၄၇၀၀ ထိ ဈေးပေါက်လာပါတယ်။ ရန်ကုန်ဈေးကွက်ကလဲ ကွမ်းသီးအနုတွေ ဝယ်ယူမှုအားကောင်းနေလို့ ဈေးကောင်းရနေတာပါ။ ရန်ကုန်ကနေ တစ်ဆင့် တရုတ်နိုင်ငံကို တင်ပို့အားကောင်းနေလို့ ဈေးကောင်းရရှိနေတာပါ။ ဈေးကောင်းကလဲရ ဝယ်ယူမှုကလဲ ကောင်းတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေလာပါတယ်။ ပြီးခဲ့တဲ့လတွေက ကွမ်းသီးအနုအလုံး ၁၀၀ ကို အမြင့်ဆုံး ငွေကျပ် ၃၂၀၀ ထိပဲ ဈေးရှိခဲ့တာပါ။ ကွမ်းသီးအနု ဈေးကောင်းရရှိနေတာဟာ ပြည်ပဈေးကွက်ကလဲ ကွမ်းသီးအနုတွေကို လိုသလောက် ဝယ်ယူနေလို့ဖြစ်ပါတယ်”ဟု မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်စုစုခိုင်က ပြောပြသည်။



မော်လမြိုင်ကျွန်းမြို့နယ်မှ ထွက်ရှိသည့် ကွမ်းသီးအနုများကို ကုန်သည်များက ကွမ်းသီးခြံများအရောက် သွားရောက်ဝယ်ယူပြီး စနစ်တကျ ရွေးချယ်ထုပ်ပိုးကာ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပဈေးကွက်သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ ယခင်က ကွမ်းသီးအစိမ်း၊ အမှည့် ဈေးကွက်နှစ်မျိုးသာရှိပြီး ယခုအခါ ရင့်မှည့်ချိန်ထိ စောင့်ရောင်းရန် မလိုတော့ဘဲ ကွမ်းသီးအနုသီးများပါ ဝယ်ယူလာခြင်းကြောင့် ကွမ်းသီးစိုက်ပျိုးသူများ အဆင်ပြေနေကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်စုစုခိုင်ထံမှ သိရသည်။ **ကျော်ကျော်လင်း**

# ကျောက်မဲမြို့၌ ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေး စီမံဘဏ္ဍာ၊ စီမံကိန်းရေးဆွဲနည်းသင်တန်းဖွင့်

**ကျောက်မဲ မေ ၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေး စီမံဘဏ္ဍာ၊ စီမံကိန်းရေးဆွဲနည်းသင်တန်းဖွင့်ပွဲကို မေ ၈ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းဖြူဖြူအောင်က ကျောက်မဲခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရှိ ဌာနတွင်းဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်မြင့်မားလာစေရန်၊ ရုံးလုပ်ငန်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ဆောင်ခြင်းဖြင့် လုပ်ငန်းများ သွက်လက်မြန်ဆန်လာစေရန်၊ ရုံးလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဘဏ္ဍာရေးစည်းမျဉ်းများ၊ စာရင်းဇယားများ၊ စီမံကိန်းရေးဆွဲနည်းများကိုကျွမ်းကျင်တတ်မြောက်လာစေရန်ရည်ရွယ်၍ စီမံဘဏ္ဍာ၊ စီမံကိန်းရေးဆွဲနည်းသင်တန်းကို ဖွင့်လှစ်ပို့ချပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြများက မိမိဘာသာရပ်အလိုက် သင်ကြားပို့ချမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းဖြူဖြူအောင်နှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများ သင်ခန်းစာသင်ကြား ပို့ချနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး စီမံဘဏ္ဍာ၊ စီမံကိန်းရေးဆွဲနည်းသင်တန်းသို့ ကျောက်မဲခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သင်တန်းသား၊ သင်တန်းသူ ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြများက ဘဏ္ဍာရေး၊ စီမံကိန်းဆိုင်ရာ သင်ခန်းစာများကို မေ ၈ ရက်မှ ၁၉ ရက်ထိ ၁၂ ရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၉-၅-၂၀၁၂**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၈၂၈၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၈၀၀၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| ဧည့်ဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၀၀၀/၆၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၁၉၃၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၀၁၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၁၉၇၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၆၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန(Disaster Management Centre-DMC) လုပ်ငန်းဆောင်ရွက်မှုရှင်းလင်းတင်ပြခြင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၉**

သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနည်းဥပဒေများ၊ နည်းဥပဒေ(၆)အရ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန(Disaster Management Centre-DMC)ကိုလူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရုံးအမှတ်(၂၃)တွင် မေ ၈ ရက်မှစတင်၍ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန(Disaster Management Centre-DMC) လုပ်ငန်းဆောင်ရွက်မှုရှင်းလင်းတင်ပြခြင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာနတွင် ကျင်းပခဲ့ရာ အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လုပ်ငန်းကော်မတီများမှ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန(Disaster Management Centre-DMC)လုပ်ငန်းဆောင်ရွက်မှုရှင်းလင်းတင်ပြခြင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

ရှေးဦးစွာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆောင်၍ မေ ၆ ရက်တွင် ပြုလုပ်ခဲ့သည့် အရေးပေါ် အစည်းအဝေးလမ်းညွှန်ချက်အရ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာနကို ဖွင့်လှစ်ခဲ့ပါကြောင်း၊ မုန်တိုင်း၏ အခြေအနေအလိုက် သာမန်အချိန်၊ အရေးပေါ်အချိန်၊ အရေးကြီးအချိန်နှင့် ပြန်လည်ထူထောင်ရေးအချိန်ဟူ၍ အပိုင်း လေးပိုင်းခွဲ၍ ဆောင်ရွက်ရမည်ဖြစ်ရာ ယခုမှာ သာမန်အချိန်နှင့် အရေးပေါ်အချိန်ဆောင်ရွက်ရမည့်လုပ်ငန်းများကို တစ်ပြိုင်နက်တည်းဆောင်ရွက်နေပါကြောင်း၊တိုင်းဒေသကြီး၊ပြည်နယ်များမှ စာရင်းဇယားကောက်ယူမည့် သတ်မှတ်ပုံစံများအတိုင်း လိုအပ်သည့်အချက်အလက်များ ပြည့်ပြည့်စုံစုံထည့်သွင်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ထံ တင်ပြရန်လိုကြောင်း၊ DMC ကို ၂၄ နာရီ ဖွင့်လှစ်ထားရန်လိုကြောင်း၊ ဆက်သွယ်ရေးမပြတ်တောက်စေရေး လိုအပ်သည်များ ကြိုတင်ဆောင်ရွက်ထားရန် လိုကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်သာမက ရနိုင်ပါက ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်ထိ ချိတ်ဆက်ကာ သတင်းအချက်အလက်များရယူကြရန်လိုကြောင်း၊မုန်တိုင်းဖြစ်ပေါ်မှုအခြေအနေနှင့် ဦးတည်ရာလမ်းကြောင်းပြောင်းလဲမှုအရ အရေးပေါ်အချိန်နှင့် အရေးကြီးအချိန်ကို တစ်ပြိုင်တည်းဆောင်ရွက်ရနိုင်ကြောင်း၊ Cyclone Shelter များတွင် ဝင်ဆံ့လူဦးရေများ၊ ရေ၊ ရိက္ခာလိုအပ်ချက်များကို ကြိုတင်ပြင်ဆင်ထားရန်လိုကြောင်း၊ သက်ဆိုင်ရာဒေသရှိ လူဦးရေနှင့်စားရေရိက္ခာလုံလောက်မှုအခြေအနေကို တွက်ချက်ထားရန်လိုကြောင်း၊ ဆုံးဖြတ်ချက်များချမှတ်ပေးနိုင်ရန်အတွက် DMC မှ သတင်းအချက်အလက်များ ပေးပို့တင်ပြရန်လိုကြောင်း၊ DMC ၏ ဆောင်ရွက်ချက်သည် အရေးကြီးကြောင်း၊ မုန်တိုင်းဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများ အနည်းဆုံးဖြစ်ရန်နှင့် ပြန်လည်ထူထောင်ရေးအပိုင်းတွင် အမြန်ဆုံးနှင့် ထိထိရောက်ရောက်ဖြစ်စေရန် DMC မှ တာဝန်ရှိသူများအနေဖြင့် ပေါင်းစပ်ညှိနှိုင်းကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန(DMC)ကို အမျိုးသားကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်၍ ဖွဲ့စည်းပြီးဖြစ်ကြောင်း၊လက်ရှိတွင် သတ်မှတ်ပုံစံများအတိုင်း တိုင်းဒေသကြီး၊ပြည်နယ်အစိုးရအဖွဲ့များက ကြိုတင်ပြင်ဆင်မှုဆိုင်ရာ အချက်အလက်များကို ရယူကာ စုစည်းလျက်ရှိကြောင်း၊ အမျိုးသားကော်မတီဥက္ကဋ္ဌထံသို့ တင်ပြဆောင်ရွက်မည်ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီများအနေဖြင့်လည်း သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေကြောင်း၊ တိုင်းဒေသကြီး၊ပြည်နယ်များတွင် အရေးပေါ် အစားအစာများဖြစ်သည့် ရေသန့်များ၊ ခေါက်ဆွဲခြောက်များ အသင့်ဝယ်ယူထားနိုင်ရေး ဆောင်ရွက်ရန် လိုကြောင်း ပြောကြားသည်။

ယင်းနောက် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန ဖွဲ့စည်းမှုနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ လက်ရှိဖြစ်ပေါ်နေသည့် မုန်တိုင်းအခြေအနေ၊ နိုင်ငံတကာမိုးလေဝသ Website များနှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ခန့်မှန်းချက်များ၊ သုံးသပ်ချက်များ၊ တိုင်းဒေသကြီး၊ပြည်နယ်အလိုက် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ အသင့်စုဖွဲ့ထားရှိမှုအခြေအနေ၊ လူနှင့်ပစ္စည်းများ ရွှေ့ပြောင်းရန် စီစဉ်ထားရှိမှုအခြေအနေ၊ ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရန် စီစဉ်ထားရှိမှုအခြေအနေ၊ ရေသန့်စင်ကားများစီစဉ်ထားရှိမှုအခြေအနေ၊ သယ်ယူပို့ဆောင်ရေးအတွက် ယာဉ်၊ ယန္တရားများကြိုတင်စုဖွဲ့ထားရှိမှုအခြေအနေ၊ Public Health Emergency Operation Centre (PBEOC) ဖွင့်လှစ်ထားရှိမှုအခြေအနေ၊ ဘေးသင့်ဒေသများတွင် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်နိုင်ရန်အတွက် Rapid Respond Team(RRT) များကို စေလွှတ်ပြီးစီးမှုနှင့် စေလွှတ်ရန်စီစဉ်နေမှုအခြေအနေ၊ ဆေးဝါးများပေးပို့ထားရှိမှုနှင့် ဆက်လက်ပေးပို့ရန် စီစဉ်နေမှုအခြေအနေ၊ ပြည်သူများသို့ မုန်တိုင်းသတင်းပေးပို့မှုအခြေအနေ၊ အသိပညာပေးမှုအခြေအနေတို့ကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

---

[၂] **ရှေ့ဖုံးမှအဆက်**

၎င်းတို့၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သံဃာတော်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူအမြောက်အမြားအသက်ဆုံးရှုံးခဲ့ကြရပါသည်။ အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများဖြစ်ပေါ်စေခဲ့ပါသည်။

၃။ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည့်အတွက် ပြည်သူများ၏စုပေါင်းအားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို အင်တိုက်အားတိုက်ဆောင်ရွက်နိုင်မှသာ လိုရာပန်းတိုင်ကို အချိန်တိုအတွင်းရောက်ရှိနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသူများ၏ ဝါဒမှိုင်းအောက်မှရုန်းထွက်ကာ နိုင်ငံတော်တည်ဆောက်ရေးအတွက် အတူတကွပူးပေါင်းဆောင်ရွက်ကြရမည့်အချိန်အခါဖြစ်သည့်အတွက် အကြောင်းအမျိုးမျိုးကြောင့် PDFအပါအဝင် အကြမ်းဖက်အဖွဲ့များအတွင်းရောက်ရှိနေသူများ၊ ဥပဒေပြင်ပရှိအဖွဲ့အစည်းများအတွင်းရောက်ရှိနေသူများအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်ရန်အတွက် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်အပ်ပါသည်။ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် လူသတ်မှု၊ မုဒိမ်းမှု၊ သူတစ်ပါးအပေါ် ထိခိုက်နစ်နာစေမှုစသည့် ပြစ်မှုတစ်ခုခုကျူးလွန်ထားသူဖြစ်ပါက ဥပဒေအရ တရားရုံးတွင် အမှုရင်ဆိုင်ဖြေရှင်းရမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် ပြစ်မှုအတိုင်းအတာအပေါ်မူတည်၍ ဥပဒေကြောင်းအရ လိုအပ်သည့်ဖြေလျှော့မှုများကို ပြုလုပ်ပေးသွားမည်ဖြစ်ပါသည်။

၄။ ယင်းသို့ဥပဒေဘောင်အတွင်းဝင်ရောက်လာပါက လိုအပ်သည့်ကူညီပံ့ပိုးမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လက်နက်၊ ခဲယမ်းပါရှိလာသူများကို အောက်ပါအတိုင်း ဆုကြေးငွေထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်-

(က) ရိုင်ဖယ်အုပ်စုဝင်သေနတ် တစ်လက်ပါရှိပါက ကျပ်သိန်း ၅၀၊
(ခ) ပစ္စတိုအုပ်စုဝင်သေနတ် တစ်လက်ပါရှိပါက ကျပ်သိန်း ၂၀၊
(ဂ) ပြောင်းချောသေနတ် တစ်လက်ပါရှိပါက ကျပ်သိန်း ၃၀၊
(ဃ) စိန်ပြောင်း၊လောင်ချာ၊အာပီဂျီကဲ့သို့သော လက်နက်များ တစ်လက်ပါရှိပါက ကျပ် ၇၅ သိန်း၊
(င) လက်လုပ်ပြောင်းချောသေနတ်၊ လက်လုပ်စိန်ပြောင်း၊ လက်လုပ်သေနတ်တစ်လက်ပါရှိပါက ကျပ် ငါးသိန်း၊
(စ) လက်လုပ်မိုင်းများ၊ လက်ပစ်ဗုံးများပါရှိပါက ကျပ် သုံးသိန်း၊
(ဆ) လက်နက်၊ခဲယမ်းမှအပ အခြားအသုံးအဆောင်ပစ္စည်းများ(ဥပမာ-စကားပြောစက်)ပါရှိပါက ကျပ် နှစ်သိန်း။
(ဇ) ဗုံးဖောက်ခွဲရေးအတွက်အသုံးပြုနိုင်သော Drone တစ်စင်းပါရှိပါက ကျပ်သိန်း ၅၀။

၅။ သို့ဖြစ်ပါ၍ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ဆက်သွယ်သတင်းပို့၍ ဝင်ရောက်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

---

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှု၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများ သိုလှောင်ထားရှိမှုကြည့်ရှုစစ်ဆေး



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် ရှာဖွေကယ်ဆယ်ရေးအထူးတပ်ဖွဲ့အသင့်ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးတို့ မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဆေးဝါးနှင့်ဆေးပစ္စည်းများ သိုလှောင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မေ ၉**

ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင်ဖြစ်ပေါ်လျက်ရှိသည့် လေဖိအားနည်းရပ်ဝန်းသည် တဖြည်းဖြည်း အားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိလာနိုင်ပြီး ခန့်မှန်းချက်များအရ မြန်မာနိုင်ငံဘက်သို့ ဖြတ်သန်းဝင်ရောက်နိုင်သည့် အခြေအနေရှိနေသဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့်ပူးပေါင်း ဆောင်ရွက်ခြင်း၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုယ်စီလုပ်ငန်းတာဝန်များအား ဇာတ်တိုက်လေ့ကျင့်ခြင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများက နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ စစ်ရေးပြကွင်း၌လည်းကောင်း၊အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် အဝေရာမီးပုံးပျံကွင်း၌ လည်းကောင်း အသီးသီးစုဖွဲ့၍ ဒေသအသီးသီးရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ဇာတ်တိုက်လေ့ကျင့်မှုများကို ဆောင်ရွက်ကြသည်။ ယင်းသို့ဇာတ်တိုက်လေ့ကျင့်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ဒေသခံပြည်သူများကို အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးနိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေးအဖွဲ့များ ကြိုတင်ပြင်ဆင်ထားရှိခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် အခြားအထောက်အကူပြုပစ္စည်းများ သိုလှောင်ထားရှိခြင်း၊ မုန်တိုင်းဒဏ်ခံကာကွယ်ရေး အဆောက်အအုံ(Cyclone Shelter)များ ပြင်ဆင်ထားရှိခြင်း၊ ရိက္ခာ အမည် ငါးမျိုးနှင့် သောက်သုံးရေလုံလောက်စွာရရှိရန် ဆောင်ရွက်ထားရှိခြင်းတို့ကို သက်ဆိုင်ရာ နယ်မြေအသီးသီးအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း တပ်မတော်သားများက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ဇာတ်တိုက်လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်နိုင် သဘာဝဘေးအန္တရာယ်ကျရောက်ပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပြင်ဆင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မေ ၈ ရက်နှင့် ယနေ့တို့တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၊ ဘိုကလေးမြို့နယ်၊ရွှေသောင်ယံမြို့၊ချောင်းသာမြို့၊ ငွေဆောင်မြို့၊ ပုသိမ်မြို့၊ သာပေါင်းမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့နှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စက်ရုံနှင့် မော်တော်ယာဉ်ဌာန၊ ချမ်းမြသာစည်မြို့နယ် မြို့ဟောင်းရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးရှိ ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံ၊ ဗဟိုသိုလှောင်ရုံ(မန္တလေး)၊ မဟာအောင်မြေမြို့နယ်ရှိ ဗဟိုဆေးသိုလှောင်ရေးဌာနနှင့် ပြင်ဦးလွင်မြို့နယ်တို့၌ လည်းကောင်း သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပြင်ဆင်စုဖွဲ့ ဆောင်ရွက်ထားရှိမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

## မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားအသစ်များ အချိန်မီပြောင်းလဲတပ်ဆင်ရန် အများပြည်သူသို့ ထပ်မံအသိပေးနှိုးဆော်

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မှတ်ပုံတင် မော်တော်ယာဉ်များအားလုံးကို ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်အပြီး ဖောင်းကြွနံပါတ်ပြားပုံစံအသစ် ပြောင်းလဲတပ်ဆင်ကြရန် အသိပေးနှိုးဆော်ချက်များ ထုတ်ပြန်ပြီး လာရောက်လုပ်ငန်းဆောင်ရွက်မှုများကိုလည်း အတတ်နိုင်ဆုံး အဆင်ပြေအောင် လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ သတ်မှတ်ကာလစေ့ရောက်ပြီဖြစ်သော်လည်း ဖောင်းကြွနံပါတ်ပြားပုံစံအသစ်ပြောင်းလဲတပ်ဆင်ရန် ယာဉ်အချို့ ကျန်ရှိနေသည့်အတွက် ၂၀၂၃ ခုနှစ် ဧပြီလကို ပညာပေးကာလအဖြစ် သတ်မှတ်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပညာပေးကာလကျော်လွန်ပါက လိုအပ်သည့် စစ်ဆေးအရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ပါ၍ မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများသို့ ဆက်သွယ်၍ ဖောင်းကြွနံပါတ်ပြားပုံစံအသစ်များ အမြန်ဆုံးပြောင်းလဲတပ်ဆင်ကြရန် ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူ



**နေပြည်တော် မေ ၉**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူရေးအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်း မြို့မဈေးအနီးတွင် ကျင်းပသည်။

ဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်တို့က ၂၀၂၃-၂၀၂၄ ပညာသင်နှစ် "ကျောင်းနေအရွယ်ကလေးအားလုံးပညာရေးမဝေးဖို့ကျောင်းအမြန်အပ်နှံစို့"ဟူသော ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူပွဲ အထိမ်းအမှတ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပျဉ်းမနား-တောင်ညိုလမ်း ရေပန်းဥယျာဉ်မုခ်အနီးတွင် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူရေး အခမ်းအနားသို့တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးဝန်ကြီးဌာန
၂၀၂၃ -၂၀၂၄ ပညာသင်နှစ်

"အသိပေးကြေညာချက်"

- ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။
- ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade-1) သို့ အပ်နှံရန်။

## နိုင်ငံရေးပါတီများမှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မေ ၉**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသောပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့လျှောက်ထားလျက်ရှိကြရာ ယနေ့ထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၁၃ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့်အဖွဲ့များအနက် နိုင်ငံရေးပါတီ ငါးပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်ပါသည်။

အဆိုပါတည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ငါးပါတီအနက် **ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ**က ပါတီတည်ထောင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာခြင်းဖြစ်ပြီး အဆိုပါ ပါတီကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး ထောက်ကြန့်မြို့ ရန်ကုန်-ပဲခူးလမ်းမကြီး အမှတ်(၈၃)တွင် ပါတီရုံးချုပ်တည်ရှိသော **မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ(MPD)**သည် ယင်းပါတီ၏ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့တင်ပြလာပါသည်။

၂။ သို့ဖြစ်ပါ၍ **မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ(MPD)**က ပြောင်းလဲအသုံးပြုမည့် ဖော်ပြပါ ပါတီအလံနှင့် တံဆိပ်တို့ကိုကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ယ)အရ အများသိစေရန်ကြေညာအပ်ပါသည်။

**မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ(MPD)၏ အလံပုံစံ**



**မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ(MPD)၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းစက်များရောက်ရှိ

**နေပြည်တော် မေ ၉**

အမျိုးသားအဆင့်လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Aung Gyi Group of Co., Ltd.က တင်သွင်းလာသော JAC အမျိုးအစား လျှပ်စစ်သုံး ယာဉ်အားသွင်းစက်(EV Charger) 60 KW ၁၅ စုံသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါလျှပ်စစ်သုံးယာဉ်အားသွင်းစက်တင်သွင်းခြင်းအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။ **(သတင်းစဉ်)**



## မေ ၉ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၁၁ ဦး တွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၆၃၁၈၈ ဦး |
| သေဆုံးသူ | ၁၉၄၉၂ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၅၃၈၈ ဦး |

**နေပြည်တော် မေ ၉**

မေ ၈ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၈၅၆ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၁၁ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

**သဇင်(FM) အသံလွှင့်အစီအစဉ်**

**၁၀-၅-၂၀၂၃ (ဗုဒ္ဓဟူးနေ့)**

၁။ ၀၈း၀၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင်
၂။ ၁၂း၁၅ Special Music Time
၃။ ၁၃း၀၀ ပြည်သူကြားကပြည်သူ့စကား
၄။ ၁၆း၂၀ K Pop
၅။ ၂၁း၄၀ ချောက်ချောက်ချားချား ဖြစ်ရပ်များ

# ၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ





**၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများကို သင်တန်းနည်းပြများက လေ့ကျင့်သင်ကြားပေးစဉ်။**

**နေပြည်တော် မေ ၉**

ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်း လူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်) ဖွင့်ပွဲများကို ဧပြီ ၂၄ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို ရန်ကုန်တိုင်းဒေသကြီးရှိ အင်းယားရေကြောင်းလူငယ် သင်တန်းစခန်းမှ သင်တန်းသား၊ သင်တန်းသူ ၉၇ ဦး၊ ကိုကိုးကျွန်းမြို့ရှိ ရေကြောင်းလူငယ် သင်တန်းစခန်းမှ သင်တန်းသား၊ သင်တန်းသူ ၇၀ ဦး၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရေကြောင်းလူငယ် သင်တန်းစခန်းမှ သင်တန်းသား၊ သင်တန်းသူ ၈၅ ဦးနှင့် တနင်္သာရီတိုင်းဒေသကြီး ဟိန်းဇဲမြို့ရှိ ရေကြောင်းလူငယ် သင်တန်းစခန်းမှ သင်တန်းသား၊ သင်တန်းသူ ဦးရေ ၆၀ တို့ကို သက်ဆိုင်ရာ နယ်မြေအသီးသီးမှ တာဝန်ရှိသူ နည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ တပ်မတော်(ရေ)ရေကြောင်းလူငယ်သင်တန်းစခန်း ၁၁ ခု၌ သင်တန်းသား၊ သင်တန်းသူစုစုပေါင်း ၇၁၂ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အလားတူ တပ်မတော်(လေ)က မိတ္ထီလာမြို့ရှိ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်နှင့် မြေပြင်အတတ်သင် လေတပ်စခန်းဌာနချုပ်တို့၌ သင်တန်းစခန်း ၁၇ ခုတို့မှ စခန်းသွင်းလေ့ကျင့်သင်ကြားပေးလျက်ရှိရာ အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်) သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ဦးရေ ၆၈၀ တို့သည် ယနေ့တွင် လေယာဉ်မောင်းသင်ကျောင်းရှိ Flight Line နှင့် လေကြောင်းထိန်းဌာနတို့တွင် တပ်မတော်(လေ)၏ နေ့စဉ် လုပ်ငန်းဆောင်တာများကို လက်တွေ့ကွင်းဆင်း လေ့လာခြင်းများ ဆောင်ရွက်ကြပြီး RC Simulator မောင်းနှင်ခြင်း၊ RC လေယာဉ်၊ ရဟတ်ယာဉ်၊ Drone များ လေ့ကျင့်ပျံသန်းခြင်းတို့ကို သက်ဆိုင်ရာနည်းပြများ၏ ကြီးကြပ်မှုဖြင့် လေ့ကျင့်သင်ကြားခဲ့ကြသည်။

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်)သင်တန်းများ လေ့ကျင့်သင်ကြားပို့ချနေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်လာနိုင်သည့် မုန်တိုင်းဘေးအန္တရာယ်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၌ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် မေ ၉**

ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ မီးသတ်ဦးစီးဌာနမှ မုန်တိုင်းဘေးအန္တရာယ်ကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် အရေးပေါ်ပြုစုခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၌ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ်အတွင်းရှိ ကျောက်တော်မြို့နယ်၊ ကျောက်ဖြူမြို့နယ်၊ စစ်တွေမြို့နယ်၊ တောင်ကုတ်မြို့နယ်၊ ပေါက်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ မင်းပြားမြို့နယ်၊ မာန်အောင်မြို့နယ်၊ မောင်တောမြို့နယ်၊ မြေပုံမြို့နယ်၊ မြောက်ဦးမြို့နယ်၊ ရမ်းဗြဲမြို့နယ်၊ သံတွဲမြို့နယ်၊ အမ်းမြို့နယ် စသည့်မြို့နယ် ၁၄ ခုရှိ မီးသတ်စခန်းများတွင်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေပြည်သာမြို့နယ်နှင့် လှိုင်မြို့နယ် စသည့်မြို့နယ် နှစ်ခုရှိ မီးသတ်စခန်းများတွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးရှိ ကန်ကြီးထောင့်မြို့နယ်၊ ကျိုက်လတ်မြို့နယ်၊ ပန်းတနော်မြို့နယ်၊ ပုသိမ်မြို့နယ်၊ မအူပင်မြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ လပွတ္တာမြို့နယ်၊ ဝါးခယ်မမြို့နယ်နှင့် ဟင်္သာတမြို့နယ် စသည့် မြို့နယ်ကိုးခုရှိ မီးသတ်စခန်းများတွင်လည်းကောင်း မုန်တိုင်းဘေးအန္တရာယ်ကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် အရေးပေါ်ပြုစုခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် အသင့်ကြိုတင်ပြင်ဆင် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ပြည်နယ်များ၊ ခရိုင်များ၊ မြို့နယ်များအလိုက် ပြည်သူများအနေဖြင့် မုန်တိုင်းဘေးအန္တရာယ်နှင့် ပတ်သက်၍ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဖိလစ်ပိုင်နိုင်ငံအသင်းနှင့် မြန်မာအမျိုးသားဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားမှုများ တိုက်ရိုက်ထုတ်လွှင့်သွားမည်

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် ၂၀၂၃ ခုနှစ် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို မေ ၅ ရက်မှ ၁၇ ရက်ထိ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင် အားကစားနည်းများအနက် အသက် ၂၂ နှစ်အောက်အမျိုးသားဘောလုံးအားကစားပြိုင်ပွဲ၏ အုပ်စုအဆင့်ပြိုင်ပွဲများကို ဧပြီ ၂၉ ရက်မှ စတင်ကျင်းပလျက်ရှိသည်။ အဆိုပါ အမျိုးသားဘောလုံးအားကစားပြိုင်ပွဲ၏ အုပ်စု(က)မှ ယူ-၂၂ မြန်မာအမျိုးသားဘောလုံးအသင်းနှင့် ဖိလစ်ပိုင်နိုင်ငံအသင်းတို့သည် မေ ၁၀ ရက် **(ယနေ့)**ည ၆ နာရီခွဲတွင် ယှဉ်ပြိုင်ကြမည်ဖြစ်ရာ အဆိုပါပွဲစဉ်ကို MRTV HD၊ MRTV Sports Channel၊ MRTV Parliament Channel၊ MRTV Farmers' Channel၊ MWD Variety HD Channel၊ MWD EDUCATION, KNOWLEDGE & SPORTS Channel၊ Channel LIGHT နှင့် မြန်မာ့အသံရေဒီယိုတို့က တိုက်ရိုက် (Live) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း မိဘပြည်သူများကို ကြိုတင်အသိပေးအပ်ပါသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် ဇဝနရပ်ကွက်နေ အေးမြလင်းသည် ၎င်းအသုံးပြုသည့် "Aye Mya Lynn" Facebook အကောင့်၊ မွန်ပြည်နယ် ဘီးလင်းမြို့နယ်နေ သန်းစိုးအောင်(ခ)ဖိုးအေးသည် ၎င်းအသုံးပြုသည့် "Than Soe Aung" Facebook အကောင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ရွှေညောင်မြို့နေ ဆွေဆွေနှင်းသည် ၎င်းအသုံးပြုသည့် "Swe Swe Hinn" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

➤ ➤ ➤

# ခိုလမ်မြို့ရှိ ချမ်းမြေ့ဂုဏ်ဝေ ပရဟိတသာသနာပြုကျောင်းတိုက် တည်ထောင်ခြင်း တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ရွတ်ဖတ်ပူဇော်ခဲ့သည့် မဟာပဋ္ဌာန်းကျမ်းမြတ်ပူဇော်ပွဲ ပိတ်ပွဲကျင်းပပြုလုပ်

**နေပြည်တော် မေ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ ချမ်းမြေ့ဂုဏ်ဝေ ပရဟိတသာသနာပြုကျောင်းတိုက်တည်ထောင်ခြင်း တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ရွတ်ဖတ်ပူဇော်ခဲ့သည့် မဟာပဋ္ဌာန်း ကျမ်းမြတ်ပူဇော်ပွဲ ပိတ်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်ရှိ အဓိကအောင်ဗိမာန်ဓမ္မာရုံအတွင်း၌ ပြုလုပ်ရာ ချမ်းမြေ့ဂုဏ်ဝေ ပရဟိတသာသနာပြုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိမလအမှူးပြုသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များ ကြွရောက်တော်မူကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ခိုလမ်မြို့ ချမ်းမြေ့ဂုဏ်ဝေ ပရဟိတ သာသနာပြုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိမလထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကိုနာယူကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ ချမ်းမြေ့ဂုဏ်ဝေ ပရဟိတသာသနာပြုကျောင်းတိုက်ကို ၂၀၂၂ ခုနှစ် မေ ၉ ရက်တွင် ဘဒ္ဒန္တဝိမလအမှူးပြုသော တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စေတနာရှင်အလှူရှင်များက စုပေါင်းလှူဒါန်း တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ယနေ့ကျရောက်သည့် ကျောင်းတိုက်တည်ထောင်ခြင်း တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မဟာပဋ္ဌာန်းကျမ်းမြတ်ပူဇော်ပွဲကို မေ ၇ ရက်မှ ယနေ့ထိ ရွတ်ဖတ်ပူဇော်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**ခိုလမ်မြို့ရှိ ချမ်းမြေ့ဂုဏ်ဝေ ပရဟိတသာသနာပြုကျောင်းတိုက် တည်ထောင်ခြင်း တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ရွတ်ဖတ်ပူဇော်ခဲ့သည့် မဟာပဋ္ဌာန်း ကျမ်းမြတ်ပူဇော်ပွဲ ပိတ်ပွဲကျင်းပပြုလုပ်စဉ်။**



# ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ်များမှ သံဃာတော်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



**အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

**နေပြည်တော် မေ ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ မြို့နယ်များမှ သံဃာတော်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို ယနေ့တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ လားရှိုးမြို့နယ် ဟူးမွန်ကျေးရွာ၊ ဟိုပန်မြို့နယ် ကောင်းဆန်းကျေးရွာ၊ ကျောက်မဲမြို့၊ သီပေါမြို့နယ် တိန်းချေတိန်းစံကျေးရွာ၊ ကွတ်ခိုင်မြို့၊ ကွမ်းလုံမြို့၊ တန့်ယန်းမြို့နယ် နောင်မိုနောင်ဟီကျေးရွာ၊ သိန္နီမြို့နယ် ချောင်းဆာကျေးရွာ၊ လောက်ကိုင်မြို့နယ် နားလီကျေးရွာ၊ တောင်ခမ်းမြို့နယ် ဈေးကုန်းကျေးရွာနှင့် နမ္မတူမြို့တို့နှင့် ပတ်ဝန်းကျင်ကျေးရွာတို့ရှိ သံဃာတော် ၂၃၂ ပါးနှင့် ဒေသခံတိုင်းရင်းသားပြည်သူ ၁၀၅၆ ဦးတို့ကို မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးပြီး ECG စက်၊ Ultrasound စက်များဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးမှုများကို တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။

# ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်



**ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို တာဝန်ရှိသူတစ်ဦးက ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။**

**နေပြည်တော် မေ ၉**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိရာ မေ ၈ ရက်တွင်လည်း ကချင်ပြည်နယ် ပူတာအိုမြို့ရှိ ဇန္ဒုလခန်းမ၌ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ပြုလုပ်ခဲ့ပြီး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ပူတာအိုတပ်နယ်မှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၊ ၎င်းတို့၏ မိဘအုပ်ထိန်းသူများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက အမှာစကားများပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ကချင်ပြည်နယ် ပူတာအိုမြို့ နောင်မွန်မြို့နှင့် ဝိုင်းမော်မြို့တို့မှ PDF အဖွဲ့ဝင် အမျိုးသား ၁၄ ဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို တာဝန်ရှိသူများက ခံဝန်ကတိလက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့် အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

# မိုင်းဆတ်မြို့အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်နေရာများ၌ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် မေ ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်အတွင်း မေ ၈ ရက်ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် အဆိုပါမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ ဌာနဆိုင်ရာအဆောက်အအုံများနှင့် နေအိမ်အချို့ပျက်စီးခြင်း၊ လမ်းမီးတိုင်များလဲကျခြင်းနှင့် သစ်ပင်သစ်ကိုင်းများ လမ်းများပေါ်သို့ ကျိုးကျမှုများဖြစ်ပေါ်ခဲ့သည်။



**မိုင်းဆတ်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများကို နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

အဆိုပါ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုဖြစ်ပေါ်ခဲ့သည့် နေရာများသို့ ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့်ဌာနဆိုင်ရာဝန်ထမ်းများက သွားရောက်၍ အပျက်အစီးများဖယ်ရှားရှင်းလင်းပေးခြင်း၊ပျက်စီးခဲ့သည့် အဆောက်အအုံများနှင့် နေအိမ်များကို ပြန်လည်ပြုပြင်ပေးခြင်း၊ လမ်းမီးတိုင်များ ပြန်လည်စိုက်ထူပေးခြင်း၊ ကျိုးကျခဲ့သည့် သစ်ပင်သစ်ကိုင်းများကို ဖယ်ရှားရှင်းလင်းပေးခြင်းနှင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

၉-၅-၂၀၂၃

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ဧည့်မထ | ဝစိန် | ပဲဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ကြက် | ဝက် | ငါးမြစ်ချင်း | အာပွဲခြောက် | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| ၁ | နေပြည်တော် | ၅၂၀၀ | ၃၆၅၀ | ၁၉၀၀ | ၁၃၈၀၀ | ၁၄၅၀၀ | ၁၈၀၀-၂၀၀၀ | ၅၀၀၀-၆၀၀၀ | ၁၅၀၀ | ၈၉၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၉၉၀၀ | ၁၅၀၀၀-၁၈၀၀၀ | ၂၅၀ | ၃၀၀ |
| ၂ | ရန်ကုန် | ၅၀၀၀ | ၂၈၀၀ | ၂၂၀၀ | ၉၀၀၀-၁၀၀၀၀ | ၁၀၀၀၀-၁၅၀၀၀ | ၁၄၀၀-၂၀၀၀ | ၅၀၀၀-၇၀၀၀ | ၂၅၀၀-၂၈၀၀ | ၁၁၀၀၀ | ၁၀၀၀၀-၁၃၀၀၀ | ၈၀၀၀-၉၅၀၀ | ၂၅၀၀၀-၃၂၀၀၀ | ၂၀၀-၂၅၀ | ၂၅၀-၃၀၀ |
| ၃ | မန္တလေး | ၅၀၀၀ | ၃၂၀၀ | - | ၁၃၅၀၀ | ၁၄၀၀၀-၁၆၀၀၀ | ၁၈၀၀-၂၄၀၀ | ၅၆၀၀-၇၂၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | - | ၁၁၀၀၀-၁၃၀၀၀ | ၂၇၀ | ၃၂၀ |
| ၄ | တောင်ကြီး | ၄၄၅၀ | ၂၃၅၀ | ၂၂၀၀ | ၁၁၀၀၀-၁၃၅၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၃၅၀၀-၄၀၀၀ | ၄၅၀၀-၅၀၀၀ | ၁၇၀၀ | ၁၆၀၀၀ | ၁၃၀၀၀-၁၆၀၀၀ | ၈၀၀၀ | ၂၃၀၀၀ | ၂၅၀ | ၃၅၀ |
| ၅ | ပုသိမ် | ၃၆၀၀ | ၂၅၀၀ | - | ၁၃၅၀၀-၁၅၀၀၀ | ၁၃၀၀၀-၁၈၀၀၀ | ၂၃၀၀-၂၆၀၀ | ၅၅၀၀-၆၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၈၀၀၀ | ၂၀၀၀၀-၂၄၀၀၀ | ၂၇၀ | ၃၂၀ |
| ၆ | အင်း | ၄၅၀၀ | ၃၀၀၀ | ၂၀၀၀ | ၁၄၀၀၀-၁၆၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၁၈၀၀-၂၀၀၀ | ၄၅၀၀-၅၅၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၃၀၀၀-၁၆၀၀၀ | - | ၂၅၀၀၀-၂၇၀၀၀ | ၂၅၀-၃၀၀ | ၃၅၀ |
| ၇ | မိုးရှာ | ၄၀၀၀ | ၂၃၀၀ | ၁၇၀၀ | ၁၂၅၀၀-၁၃၀၀၀ | ၁၇၀၀၀ | ၁၅၀၀-၁၈၀၀ | ၅၆၀၀-၆၅၀၀ | ၁၈၀၀-၂၀၀၀ | ၇၅၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၆၅၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၂၅၀ | ၃၀၀ |

မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၉-၅-၂၀၂၃

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၃၈၃၃၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၃၈၅၇၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၂၃ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၂၅ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၁၈၈၅ ကျပ် | ၁၉၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၉၆၅ ကျပ် | ၂၀၀၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၂၀ ကျပ် | ၁၉၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၀၅ ကျပ် | ၂၀၆၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၃၀၅ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၈၃ . ၄ |
| ထိုင်း | တစ်ဘတ် | ကျပ် ၆၂ . ၁၀၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၅၇ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၇၁ . ၉၆ |
| တရုတ် | တစ်ယွမ် | ကျပ် ၃၀၃ . ၃၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၅၉၉ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## သတိပြုရမည့် အပူဒဏ် အန္တရာယ်များ

### အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)

- ဂနာမငြိမ်ခြင်း
- ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း
- ကြွက်တက်ခြင်းနှင့် နုံးချိပျော့ခွေခြင်း
- အလွန်အမင်းရေဆာခြင်း
- ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း

### အပူဒဏ်ကြောင့်သတိလစ်ခြင်း (Heat Stroke)

- ခန္ဓာကိုယ်အပူချိန်အလွန်အကျွံ မြင့်တက်လာခြင်း
- အရေပြားပူ၍ခြောက်သွေ့ခြင်း(သို့) ချွေးခန်းခြောက်ခြင်း
- ကယောင်ကတမ်းဖြစ်ခြင်း
- သတိလစ်ခြင်း၊ တက်ခြင်း

### အရေးပေါ် ရှေးဦးပြုစုခြင်း

- လူနာကိုအရိပ်ရအေးမြသောနေရာသို့ ရွှေ့ထားပါ။
- လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ။ မရှိပါကယပ်ခတ်ပေးပါ။
- လူနာ၏ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ။
- လူနာ၏အဝတ်အစားများကို ချွတ်ပါ။
- လူနာ၏ လည်ပင်း၊ ချိုင်းနစ်ဖက်၊ ပေါင်ခြံနှစ်ဘက်တို့ကို ရေပတ်တိုက်ပါ။
- လူနာကောင်းစွာသတိရနေပါက ရေအေးအေး (သို့) ဓါတ်ဆားရည်တိုက်ပါ။



**အပူဒဏ်ကြောင့် သတိလစ်ခြင်းဖြစ်ပွားမည့်လက္ခဏာများ ပေါ်ပေါက်လာပါကနီးစပ်ရာဆေးရုံဆေးခန်းသို့ ချက်ချင်းပို့ဆောင်ပါ။**

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ မှပြုစုထုတ်ဝေသည်။

(ဧပြီလ၊ ၂၀၂၃)

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"ရဟန်းသံဃာအယောင်ဆောင်ထားသည့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့်ဝင်ရောက်တိုက်ခိုက်သည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ၁၀-၅-၂၀၂၃ ရက်**(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပြည်သူများ၏ အသက်ကိုသာမက စားဝတ်နေရေးကိုပါ ထိခိုက်ပျက်စီးအောင်လုပ်ဆောင်နေသော PDF တို့၏ အကြမ်းဖက်လုပ်ရပ်များ "** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။


၂။ မိုင်းခွဲ၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

0w Kw H @

# စုဘူးကလေး

နန်းမို့မို့ဦး(တောင်ငူ)



(၁)

အကျီအဖြူ၊ စကတ်အစိမ်းကားကားလေးဝတ်ကာ လွယ်အိတ်ကိုလွယ်လျက် ကျောင်းသွားရန်ပြင်နေသော မိပဲလေး အမေမုန့်ဖိုးအပေးကိုစောင့်နေသည်။ မိပဲလေးကျောင်းသွားတိုင်း မိပဲလေး၏အမေက မုန့်ဖိုး တစ်နေ့ ငွေကျပ် ၂၀ ပေးသည်။ ထိုငွေကျပ် ၂၀ မှာ မနက် ငွေ ၁၀ ကျပ်၊ နေ့လယ် ငွေ ၁၀ ကျပ် အဖြစ် တစ်နေ့စာပေးထားခြင်းဖြစ်သည်။ ကျောင်းနေအရွယ် ဒုတိယတန်းသာရှိသေးပြီး အသက်အားဖြင့် ခုနစ်နှစ်သာရှိသေးသည့် မိပဲလေးကို အမေလုပ်သူက မုန့်ဖိုးများထဲမှငွေကိုစုနိုင်သမျှစုရန် အမြဲပြောလေ့ရှိသည်။ ငွေစုသည်ဆိုသည့်စကားမှာ ငွေကိုမသုံးဘဲသိမ်းထားရသည်ဟုသာ မိပဲလေးနားလည်ထားသည်။ တစ်နေ့တွင် မိပဲလေး၏အမေသည် ဝက်ရုပ်ပုံကော်စုဘူးအဖြူကလေး တစ်ခုကို ဈေးကဝယ်လာသည်။ ဖြူဖြူဖွေးဖွေးလုံးလုံးနှင့် ဝက်ရုပ်စုဘူးကလေးမှာ ကလေးအရွယ် မိပဲလေးအဖို့ အတော်ပင်ချစ်စရာကောင်းနေသည်။ ထိုဝက်ရုပ်လေး၏ကျောပေါ်တွင် အပေါက်ကလေးပါသည်ကို မိပဲလေးမြင်၍ အမေ့ကိုမေးကြည့်ရာ ထိုအပေါက်မှာ ပိုက်ဆံထည့်ရန်အပေါက်ဟု အမေကပြောပြသည်။ မိပဲလေးသည် ထိုစုဘူးကလေးရောက်သည့်နေ့တွင်ပင် မုန့်ဖိုးငွေကျပ် ၂၀ ထဲမှ ငွေ ၁၀ ကျပ်ကိုနှုတ်ကာ ထည့်သည်။ နောက်တစ်နေ့တွင် ငွေ ၁၀ ကျပ် ထပ်ထည့်သည်။

အမှန်မှာ မိပဲလေးသည် ငွေစုဆောင်းခြင်းထက် ထိုဝက်ရုပ်ကလေးကိုချစ်၍ ပိုက်ဆံနေ့တိုင်းထည့်နေခြင်းဖြစ်သည်။ ကျောင်းတွင်လည်း အတန်းဖော်များကို စုဘူးကလေးထဲ တစ်နေ့ ငွေ ၁၀ ကျပ် ထည့်ကြောင်း အမြဲကြွားသည်။ အတန်းဖော်သူငယ်ချင်းများကလည်း မိပဲလေး၏စုဘူးကို အားကျနေကြသည်။ စုဘူးကလေး တစ်နေ့ ငွေ ၁၀ ကျပ်ထည့်လာသည်မှာ ခြောက်ရက်မြောက်သာရှိသေးချိန်တွင် ရာသီဥတုအကူးအပြောင်းကြောင့် မိပဲလေးဖျားတော့သည်။ မိပဲလေးဖျားနေချိန်တွင် စုဘူးကလေးကိုအိပ်ရာထဲ၌ထား၍ အိပ်သည်။ မိပဲလေးဖျားသည်မှာ ငါးရက်ကြာသွားသည်။ ဖျားနေသည့်ငါးရက်အတွင်း ကျောင်းမတက်နိုင်၍ မုန့်ဖိုးမရ။ မုန့်ဖိုးမရ၍ စုဘူးကလေးထဲတစ်နေ့ ငွေ ၁၀ ကျပ် မရောက်။ ထိုသို့တွေးမိရင်း စုဘူးကလေးကို ရင်ခွင်ထဲပိုက်ကာငိုသည်။ နေပြန်ကောင်းလာသော် ကျောင်းပြန်တက်နိုင်၍ မုန့်ဖိုး ၂၀ ပြန်ရသည်။

(၂)

ကျောင်းသွားရာလမ်းတွင် ပိန်လှီနေသောခွေးလေးတစ်ကောင်သည်လမ်းပေါ်ရှိ မုန့်အိတ်ခွံတစ်ခုကို လျှာဖြင့်လျက်နေသည်ကို မိပဲလေးမြင်၍ ထိုခွေးလေးအပေါ် သနားကြင်နာမိသွားသည်။ ခွေးလေးကိုမုန့်ကျွေးချင်သည့်စိတ်ကလေးမှာ ထိန်းမရအောင်ဖြစ်ကာ အနီးအနားရှိ မုန့်ဆိုင်သို့အပြေးကလေးနှင်သည်။ ဆိုင်ထဲတွင် ၁၀ တန် မုန့်ကြွပ်လေးတစ်ထုပ်ကိုဝယ်ပြီး ခွေးလေးရှိရာသို့ အမြန်ပြန်ပြေးသည်။ ခွေးလေးသည် အနားရောက်လာသော မိပဲလေးကို သိမ်ငယ်စွာ မော့ကြည့်နေစဉ်တွင် မိပဲလေးရင်ထဲ ခွေးလေးအပေါ် လွန်စွာကရုဏာသက်မိသွားသည်။

ခွေးလေး၏အကြည့်များသည် မိပဲလေးကိုင်ထားသည့်မုန့်ထုပ်ကလေးဆီသို့ရောက်သွားသည်။ ထိုအခါမှ မိပဲလေးသည် ငုတ်တုတ်ထိုင်၍ မုန့်ထုပ်ကိုဖောက်ကာ ခွေးလေးကို ချကျွေးသည်။ ဆာလောင်နေသည့် ခွေးလေးကို ကျွေးလိုက်ရသည့်ပီတိမျိုးသည် မိပဲလေး၏ရင်ထဲ အတိုင်းမသိဖြာဝေနေသည်။ ခွေးလေးသည်လည်း အစားတစ်လုတ်ကျွေးဖူးသူ မိပဲလေးကို မှတ်ထားသည်ထင်၏။ မှတ်မိသည်ထင်၏။ နောက်နေ့ မိပဲလေးကျောင်းသွားတိုင်း ထိုနေရာလေးတွင်ကြိုစောင့်ကာ မိပဲလေးရောက်လာလျှင် အမြီးကလေးတနံ့နံ့နှင့် ကျောင်းထိလိုက်ပို့သည်။

ကျောင်းဆင်းချိန်တွင်လည်း ကျောင်းရှေ့တွင် စောင့်ကြိုသည်။ ဤသို့ဖြင့် မနက်တိုင်းကျောင်းပို့ပြီး ကျောင်းဆင်းချိန်တိုင်း ကြိုနေတတ်သည့်ထိုခွေးလေးကို မိပဲလေးမုန့်မကျွေးဘဲမနေနိုင်။ စုဘူးကလေးထဲထည့်မည့် ငွေ ၁၀ ကျပ်သည် ထိုနေ့မှစကာ ခွေးလေးအဖို့ဖြစ်သွားခဲ့သည်။ စုဘူးထဲမထည့်ဘဲ ခွေးလေးကို မုန့်ဝယ်ကျွေးနေသည်ကို အမေသိလျှင်ဆူလိမ့်မည်ဟုတွေးကာ ထိုအကြောင်းကို အမေလုပ်သူကိုပြောမပြရဲပေ။ ခွေးလေးသည် တစ်နေ့ထက်တစ်နေ့ မိပဲလေးအပေါ် သံယောဇဉ်တွယ်လာသည်မှာ အိမ်ထိပင်လိုက်လာတော့သည်။ ခွေးလေးလိုက်လာသည်ကိုမြင်၍ အမေဖြစ်သူက "ဘယ်ကခွေးခေါ်လာလဲ"ဟု မေးသည်။ ပထမတစ်ရက်တွင်သာ သူ့အလိုလိုလိုက်လာသည်ဟု ဖြေရသည်။ နောက်ရက်များတွင်လည်း ခွေးလေးမှာ အိမ်ထိထပ်လိုက်လာ၍ အမေလုပ်သူကိုဆက်ညာမနေတော့ဘဲ အကြောင်းရင်းမှန်ပြောပြလိုက်သည်။ ထိုသို့ပြောပြလိုက်သော်လည်း မိပဲလေးထင်ထားသကဲ့သို့ အဆူမခံ၊ အရိုက်မခံရပေ။

(၃)

အမေလုပ်သူက-

"အမေ့သမီးလေးက တအားကြင်နာတတ်တာပဲ။ လူဆိုတာ အသက်အရွယ်မရွေး အကြင်နာတရားနဲ့ စာနာစိတ်လေးရှိရတယ်။ တိရစ္ဆာန်လေးတွေဆိုတာ သူတို့ကိုယ်တိုင်ရှာဖွေစားလို့မရတဲ့ တိရစ္ဆာန်ရှိသလို လူတွေ၊ သခင်တွေကျွေးမှစားရတဲ့ တိရစ္ဆာန်လေးတွေလဲ ရှိတယ်သမီးရဲ့။ အမေ့သမီးလေးရဲ့ လုပ်ရပ်က မွန်မြတ်တဲ့စိတ်ထားကလေးနဲ့လုပ်ခဲ့တဲ့ လုပ်ရပ်လေးမို့ အမေ့သမီးလေးဟာ လူဆန်တဲ့လူသားတစ်ယောက်လို့ အမေကတော့ ဂုဏ်ယူတယ်။ အဲဒီလိုမြတ်တဲ့ စိတ်ထားကလေးရှိတဲ့လူတွေဟာ တစ်ချိန်မှာ ကံကောင်းခြင်းတွေနဲ့ပဲကြုံရမှာသမီးရဲ့"

အမေဖြစ်သူ၏ လူကြီးစကားလုံးများထဲမှတချို့ တစ်ဝက်ကို မိပဲလေးနားမလည်သော်လည်း အမေမဆူမငေါက်၍ မိပဲလေးပျော်ရသည်။ ထိုနေ့မှစ၍ စုဘူးထဲသို့ ပိုက်ဆံလုံးဝမရောက်တော့ပေ။ နောက်တစ်နေ့ မိပဲလေးကျောင်းသွားသော် ကျောင်းမရောက်မီလမ်းတွင် အလှူခံမဏ္ဍပ်အသစ်ဆောက်ကာ မဏ္ဍပ်ထဲ၌ ကိုရင်တချို့နှင့် ဘုန်းကြီးနှစ်ပါး လော်စပီကာကြီးဖွင့်ကာ အလှူခံနေကြသည်ကိုတွေ့ရသည်။ အလှူခံမဏ္ဍပ်ကိုမြင်သည်နှင့် အမေ၏စကားကို ပြန်လည်သတိရသွားသည်။

"ကောင်းမှုဆိုတာ ကောင်းတာလုပ်ရင်ကောင်းမှုလို့ခေါ်လို့ရတယ်။ အမွန်မြတ်ဆုံးကောင်းမှုက ပေးကမ်းခြင်း၊ စွန့်ကြဲခြင်း၊ လှူဒါန်းခြင်း၊ မျှဝေခြင်းပေါ့။ ကောင်းမှုတစ်ခုကို မလုပ်နိုင်ဘူး၊ မလုပ်ဖြစ်ဘူးဆိုရင်တောင် အနည်းဆုံးတစ်ခုကတော့ လုပ်သင့်တယ်သမီးရဲ့။ ဆွမ်းခံကြွလာတဲ့သံဃာတွေကို ဆွမ်းလောင်းတာလဲကောင်းမှုပဲ။ အလှူခံပုံးထဲ အလှူငွေထည့်တာလဲကောင်းမှုပဲ။ ကောင်းမှုဆိုတာ ကိုယ့်အကျိုးရှိဖို့ လုပ်ရတာမဟုတ်ဘဲ အခြားတစ်ဦးတစ်ယောက်အကျိုးရှိဖို့အတွက် လုပ်ရတာပဲသမီး။ ကိုယ်လုပ်ခဲ့တဲ့ကောင်းမှုတွေက တစ်ချိန်မှာ ကိုယ့်ကိုပြန်ပြီးအကျိုးပေးလိမ့်မယ်။ ဒါကိုသမီး အမြဲမှတ်ထားရမယ်နော်"

အမေ၏စကားများကိုကြားယောင်ရင်း လွယ်အိတ်ထဲက အကြွေ ၅ ကျပ်ကိုထုတ်ကာ အလှူခံဖလားထဲသို့ ထည့်လိုက်သည်။ ထည့်လိုက်သည်နှင့်တစ်ပြိုင်နက် ဘုန်းကြီးတစ်ပါးက မိုက်ကိုင်ကာဆုပေးသည်။ မိုက်နှင့် လော်စပီကာကြီးတပ်ထား၍ ဆုပေးသံမှာ ထိုပတ်ဝန်းကျင်တွင် ကျယ်လောင်စွာပဲ့တင်ထပ်နေသည်။

"သာဓု သာဓု သာဓုပါ ယခုလိုလှူဒါန်းရတဲ့ဒါနကုသိုလ်ကြောင့် ကျန်းမာပါစေ၊ ချမ်းသာပါစေ သွားလေရာ ဘေးမသီရန်မခဘဲ မျက်နှာမြင်ချစ်ခင်ကြလို့ အသံကြားသနားရှိကြပါစေ။ ညောင်စေ့လောက်လှူသော်လည်း ထက်သန်တဲ့သဒ္ဓါတရားကြောင့် ညောင်ပင်ကြီးလောက် ကောင်းကျိုးသုခခံစားရပါစေ"

ထိုဆုပေးစကားထဲမှ ညောင်စေ့နှင့်ညောင်ပင်ဆိုသည့်စကားကို မိပဲလေးလုံးဝနားမလည်။ အိမ်ရောက်လျှင်တော့ အလှူခံဖလားထဲ ငွေ ၅ ကျပ်ထည့်ကြောင်း ပြောပြရဦးမည်ဟုတွေးကာ ကျောင်းသို့ ဆက်လျှောက်ခဲ့သည်။

ဤသို့ဖြင့် နေ့စဉ် တစ်နေ့စာ ငွေ ၁၀ ကျပ် ထဲမှ ၅ ကျပ်ကို အလှူခံဖလားထဲထည့်၊ နောက် ၅ ကျပ်ကို ခွေးလေးကို မုန့်ဝယ်ကျွေး၊ ကျန် ငွေ ၁၀ ကျပ်ကိုသာ တစ်နေကုန်စာ မုန့်ဖိုးအဖြစ်ထားသည်။ အိမ်ပြန်ရောက်သောအခါ အလှူခံဖလားထဲသို့ ၅ ကျပ်ထည့်ကြောင်း အမေလုပ်သူကိုပြောပြသည်။ မိပဲလေး အမေသည် မိပဲလေး၏ကုသိုလ်အတွက် ယခင်ကကဲ့သို့ပင် ကောင်းတာလုပ်လျှင်ကောင်းမှုဆို၍ သွန်သင်ပြန်သည်။

(၄)

နွေရာသီကျောင်းကြီးပိတ်လေပြီ။ ငွေမထည့်ဖြစ်တော့သည့် ဝက်ရုပ်စုဘူးကလေးကိုခွဲပစ်တော့မည်ဟု မိပဲလေးဆုံးဖြတ်လိုက်သည်။ ငွေမထည့်ဖြစ်သည်မို့ စုဘူးကလေးကို စိတ်မပါစွာလှုပ်ခါကြည့်ရာ အသံမှာ အထဲတွင်ငွေများပြည့်ကျပ်နေ၍ ချောင်ချောင်ချိချိမဖြစ်တော့သည့်အသံမျိုးကိုကြားလိုက်ရသည်။ မိပဲလေးအလွန်အံ့သြကာ အပေါက်ထဲသို့ ကပ်ချောင်းကြည့်သည်။ မြင်လိုက်ရသည်မြင်ကွင်းမှာ မိပဲလေးလုံးဝထင်မထားသည့်မြင်ကွင်းမျိုးဖြစ်နေ၍ ချက်ချင်းဆိုသလို "အမေ"ဟု အော်ခေါ်မိသည်။

မြင်လိုက်ရသည်မှာ စုဘူးထဲတွင် ၁၀ တန်ငွေစက္ကူလိပ်များက အပြည့်အကျပ်နေရာယူထားကြခြင်းပင်။ မိပဲလေး၏အလန့်တကြားခေါ်သံကြောင့် မီးဖိုချောင်မှ အမေလုပ်သူထွက်လာသည်။

"ဘာဖြစ်တာလဲသမီး"

"အမေ စုဘူးထဲမှာ ပိုက်ဆံတွေအပြည့်ပဲအမေရဲ့ လာကြည့်ပါအုံး။ သမီးလဲမထည့်တော့တာကို ပိုက်ဆံတွေက ဘယ်လိုရောက်လာလဲမသိဘူး လာကြည့်ပါအုံး အမေ"

မိပဲလေးအလွန်အံ့သြနေသော်လည်း အမေဖြစ်သူမှာ မအံ့သြ ပြုံး၍နေသည်။

"ပြစမ်းပါအုံး"

စုဘူးကိုယူကာ အပေါက်ကလေးထဲသို့ ချောင်းကြည့်ပြမှ တအံ့တသြဖြစ်သွားသည့်အမူအရာပြုလိုက်သည်။

"ဟယ်. . . ပိုက်ဆံတွေ အပြည့်ပါပဲလား။ ငါ့သမီးလေးမထည့်တော့တာကို ဘာလို့အပြည့်ဖြစ်နေတာပါလိမ့် အမေလဲ အံ့သြမဆုံးဘူး"

အမေဖြစ်သူက တမင်အံ့သြဟန်ပြနေသော်လည်း မသိမကြွယ်သေးသည့်မိပဲလေးမှာ တစ်ခါမျှမကြုံဖူးတဲ့ ထူးဆန်းဖြစ်ရပ်ကြီးမို့ အံ့သြမဆုံးဖြစ်နေရှာသည်။

"အမေ ဒီပိုက်ဆံတွေက အမေထည့်တာလား သမီးတော့မထည့်ရဘူး။ ခွေးလေးရောက်လာပြီး ကတည်းကမထည့်တော့တာ။ နောက်ပြီး အလှူခံဖလား

စာမျက်နှာ ၂၅ သို့ ➤

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မိုးကြိုပဲတီစိမ်း ၆၇၈၆ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စိုက်ပျိုးထားသည့် ပဲတီစိမ်းစိုက်ခင်းကိုတွေ့ရစဉ်။

**ရွှေဘို မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်အတွင်း ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီ၌ မိုးကြိုပဲတီစိမ်း ၆၇၈၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၉၅၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မတ်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲတီစိမ်း ၆၇၈၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မှာလဲ ပဲတီစိမ်းဧက ၉၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၆၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ရွှေဘိုမြို့နယ်မှာ ပဲတီစိမ်းစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မနှစ်ကလဲ တိုးပြီးစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ်လဲ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ဖို့ဆောင်ရွက်နေပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ရွှေဘိုမြို့နယ်၌ ယခုနှစ်ပဲတီစိမ်းစိုက်ပျိုးသည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနကဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီကလည်း ရွှေဘိုမြို့နယ်တွင် ပဲတီစိမ်းစိုက်ဧက လျာထားချက်မရှိသော်လည်း စိုက်ဧက ၈၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး မိုးသီးနှံစိုက်ပျိုးရာသီက ရွှေဘိုမြို့နယ်တွင် ပဲတီစိမ်း ၆၀၁၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ (၂၀၆)

# ကချင်ပြည်နယ်မှထွက်ရှိသည့် တစ်သျှူးငှက်ပျောများကို ကံပိုင်တည်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံဘက်သို့တင်ပို့သည့်ကုန်တင်ကားများ များပြားလာ

**မြစ်ကြီးနား မေ ၉**

ကချင်ပြည်နယ်မှထွက်ရှိသည့် တစ်သျှူးငှက်ပျောများကို ကံပိုင်တည်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံဘက်သို့တင်ပို့သည့် ကုန်တင်ကားအစီးရေ များပြားလာကြောင်း ကချင်ပြည်နယ် အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်တူးက ပြောပြ၍ သိရသည်။

ကချင်ပြည်နယ်အတွင်း၌ အဓိကထားစိုက်ပျိုးသည့် တစ်သျှူးငှက်ပျောများကို ယခုလက်ရှိ တရုတ်နိုင်ငံဘက်သို့တင်ပို့မှု ပြန်လည်အားကောင်းလာကြောင်း၊ မေလ ပထမပတ်အတွင်းက တစ်သျှူးငှက်ပျောတင်ပို့သည့် ကုန်တင်ကားအစီးရေ အနည်းငယ်သာ ရှိခဲ့သော်လည်း ယခုလက်ရှိ တင်ပို့သည့်တစ်သျှူးငှက်ပျောများ များပြားလာခြင်းကြောင့် ကုန်တင်ကားအစီးရေလည်း များပြားလာကြောင်း သိရသည်။

"အခု ကချင်ပြည်နယ်ဘက်က ထွက်တဲ့ တစ်သျှူးငှက်ပျောတွေကိုတော့ ကံပိုင်တည်ဘက်ကနေ တရုတ်နိုင်ငံဘက်ကို ၁၂ ဘီးကားနဲ့ တင်ပို့တာနည်းပါတယ်။ ၂၂ ဘီး



ကားတွေနဲ့ပဲ တစ်သျှူးငှက်ပျောကို အဓိကထားတင်ပို့နေကြပါတယ်" ဟု ဒေါ်တူးက ပြောပြသည်။

ကချင်ပြည်နယ်အတွင်းမှထွက်ရှိသည့် တစ်သျှူးငှက်ပျောများကို ကံပိုင်တည်နယ်စပ်ဂိတ်မှတစ်ဆင့် တင်ပို့သည့် ကုန်တင်ကားအစီးရေ မေလပထမပတ်က ၁၀၀ ကျော်သာရှိခဲ့သော်လည်း မေလဒုတိယပတ်မှစ၍ တစ်သျှူးငှက်ပျောတင်ပို့သည့်ကုန်တင်ကားအစီးရေ ၂၅၀ ကျော်ထိရှိလာကြောင်း သိရသည်။

တစ်သျှူးငှက်ပျောများကို ကချင်ပြည်နယ် ဝိုင်းမော်၊ မိုးမောက်နှင့် ဗန်းမော်မြို့နယ်တို့တွင် အဓိကထားစိုက်ပျိုးကြကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

➤ စာမျက်နှာ ၂၄ မှအဆက်

ထဲပါ နေ့တိုင်းထည့်တော့ စုဘူးကိုမေ့တောင်မေ့နေတာ သမီးလဲ မထည့်ဘူး၊ အမေလဲ မထည့်ရဘူးဆိုရင် ဘယ်သူကလာထည့်တာလဲ မသိဘူးနော်"

တအံ့တဩဖြစ်နေသည့် မိပဲလေးကို အမေဖြစ်သူက ပြုံးလျက်ဖြေသည်။

"အဲဒါ သမီးလုပ်တဲ့ ကောင်းမှုတွေကြောင့်ပေါ့ သမီးရဲ့။ သမီးက ခွေးလေးအပေါ်လဲ သနားကြင်နာပြီး မုန့်ကျွေးတယ်။ နောက်ပြီး မုန့်ဖိုးထဲက မုန့်ဝယ်စားမဲ့ ၅ ကျပ်ကို အလှူခံဖလားထဲလဲ ထည့်တယ်။ အဲဒီကောင်းမှုတွေကြောင့် နတ်ပြည်က သိကြားမင်းက ကျောက်ဖျာကြီး တင်းလာပြီး မနေနိုင်မထိုင်နိုင်ဖြစ်ရလို့ သမီးစုဘူးထဲကိုပိုက်ဆံတွေ လာထည့်ပေးသွားတာ သမီးရဲ့"

ယခုလို စကားကြားရသောအခါ မိပဲလေး အလွန်အံ့ဩရပြန်သည်။ ကောင်းမှုကုသိုလ်၏အကျိုးကို စံစားရပြီဟုလည်းမှတ်ချက်ချလိုက်သည်။

(၅)

အချိန်ကာလတို့သည် ရက်မှလ၊ လမှနှစ်သို့ရွေ့လျားလာကာ ၂၈ နှစ်ပင်ကြာခဲ့ပြီဖြစ်သည်။ ဈေးလေးထဲတွင် စုဘူးရုပ်များရောင်းသည့် အရုပ်သည်တစ်ဦးကို မိပဲလေးမြင်လိုက်သည်။ သမီးလေးတူးတူးအတွက် စုဘူးရုပ်လေးများရလေမလားဆိုသည့်အတွေးဖြင့် အရုပ်သည်ဆီသို့သွားကာ စုဘူးရုပ်များကို ဟိုဟိုသည်သည်ရွေးကြည့်နေစဉ် ဖြူဖွေးဖွေးဝက်ရုပ်စုဘူးကလေးကို မြင်သွားသည်။ ထိုဝက်ရုပ်စုဘူးလေးမြင်သည်နှင့် လူ့လောကထဲက အပြီးအပိုင်ထွက်ခွာသွားသော အမေ့ကို ချက်ချင်းဆိုသလို သတိရမိလေသည်။ ဝက်ရုပ်စုဘူးကလေးကို ကိုင်ကြည့်ကာ အတွေးများသည်လည်းအတိတ်ဆီသို့ပြန်လွှမ်းနေမိတော့သည်။ စုဘူးကလေးနှင့်သက်ဆိုင်သည့်အတိတ်များထဲမှ မိပဲလေးကို အမေညာခဲ့သော မုသားချိုချိုတစ်ခွန်းရှိခဲ့သည်။

ဤသည်မှာ-

"ဒီတစ်ခါတော့ သိကြားမင်းက သူ့ကျောက်ဖျာကြီးပျောက်သွားလို့ သမီးစုဘူးထဲကို ပိုက်ဆံလာမထည့်တော့တာသမီးရဲ့"

ထိုအချိန်က ထိုမုသားကို မိပဲလေး ယုံစားကာ ကျောက်ဖျာမရှိတော့မည့် သိကြားမင်းကြီးကို သနားကရုဏာသက်မိခဲ့သေးသည်။ ဒီအတိုင်းဆိုလျှင် သိကြားမင်းကြီးသည် ယနေ့ထက်ထိသူ၏ကျောက်ဖျာကြီးကို ပြန်တွေ့သေးဟန်မတူဟု တမင်တွေးကာ ပြုံးမိနေတော့သည်။

## ဘဝလမ်းခရီး

\- အကွေ့အကောက် များလှစွာ
အတက်တစ်ခါ အဆင်း၊
ကြမ်းတဲ့အခါ ကြမ်းကြတော့
နွမ်းလျရှိခြင်း။

\- ဝက်ပါ မြားမြောင်ရင်း
အခင်းက မျိုးစုံစွာ
ပြဿနာမှာ၊
ဖြေရှင်းလို့ ကျော်ဖြတ်ပါ
ပျော်လျက်သာ ဘဝခရီး၊
ပြုံးတစ်ခါ မဲ့တစ်လှည့်ရှိလည်း
မနွဲ့မငြီး(ညည်း)။

\- ဘဝပန်းတိုင် ပိုမိုနီးဖို့
ကြိုးစားပြီး ခရီးနှင်၊
ရွေးချယ်စရာ နည်းပါးလည်း
ဖွဲထားဖို့ပြင်၊
ကိုယ့်ဘဝ ကိုယ်အပြစ်မတင်
ရောက်ရာတွင် ကောင်းအောင်လုပ်၊
ရည်ရွယ်ရာ ခရီးရောက်ဖို့
နောက်သို့မဆုတ်။ ။

**မြင့်မိုရ်လင်း(ချောင်းဆုံ)**

# စလင်းမြို့နယ် တဲကုန်းကျေးရွာ၌ ကုန်ထုတ်လမ်း၊ တံတားများကြံ့ခိုင်မှု စစ်ဆေး

**စလင်း မေ ၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒေသထွက်ကုန်များ ရာသီမရွေးဈေးကွက်သို့ အချိန်မီတင်ပို့နိုင်ရေးအတွက် တဲကုန်းကျေးရွာ၌ ကုန်ထုတ်လမ်း၊ တံတားများကြံ့ခိုင်မှုရှိ၊ မရှိကို မေ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်၊ မကွေးတိုင်းဒေသကြီး လုပ်ငန်းစစ်ဆေးရေးအဖွဲ့နှင့် Shwe Group ကုမ္ပဏီမှတာဝန်ရှိသူများက တဲကုန်းကျေးရွာ ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ တဲကုန်းကျေးရွာ၌ ဆောင်ရွက်ထားသည့် ကုန်ထုတ်လမ်းနှင့် အဆိုပါလမ်းပေါ်ရှိ Box Culvert ခြောက်စင်းကို ကြံ့ခိုင်မှု ရှိ၊ မရှိ၊ လက်ရှိအသုံးပြုနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များကို ကုန်ထုတ်လမ်းရေရှည်အသုံးပြုနိုင်ရေး စနစ်တကျ ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

စလင်းမြို့နယ် တဲကုန်းကျေးရွာတွင် ကုန်ထုတ်လမ်း အရှည် တစ်မိုင် နှစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မ ကျောက်ရောမြေခင်းခြင်း၊ မြေနီကျောက်စရစ်ခင်းခြင်းနှင့် အဆိုပါလမ်းပေါ်တွင် အရှည် ခြောက်ပေ၊ အကျယ် ၁၈ ပေ၊ အမြင့် ခြောက်ပေ Box Culvert ခြောက်စင်းတည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်က ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၁ ဒသမ ၄ သန်းဖြင့် Shwe Group ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ တဲကုန်းကျေးရွာရှိလယ်ယာမြေဧက ၅၀၀ မှ ထွက်ရှိသည့် ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ ရာသီမရွေးသယ်ယူပို့ဆောင်နေပြီဖြစ်ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

**အထွေး**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# နယူးဇီလန်နိုင်ငံ မြောက်ကျွန်းတွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် ရေကြီးရေလျှံမှုဖြစ်ပွား



**ဝယ်လင်တန် မေ ၉**

နယူးဇီလန်နိုင်ငံ မြောက်ကျွန်းတွင် မေ ၈ ရက်က မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ရေကြီးရေလျှံမှုဖြစ်ပွားကာ ကျောင်းသားတစ်ဦးပျောက်ဆုံးနေကြောင်း မြောက်ကျွန်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Stuff သတင်းဌာနက ယနေ့ ရေးသားဖော်ပြခဲ့သည်။

ကျောင်းသား၊ ကျောင်းသူများသည် မြောက်ကျွန်းအထက်ပိုင်းရှိ အက်ဘေလိုဏ်ဂူသို့ လေ့လာရေးခရီး သွားရောက်ခဲ့ခြင်းဖြစ်ပြီး လိုဏ်ဂူအတွင်း ရောက်ရှိနေစဉ် ရေကြီးရေလျှံမှုဖြစ်ပွားကာ မြေပြိုကျမှုများကြောင့် လေ့လာရေးခရီးထွက်လာသည့် ကျောင်းသား၊ ကျောင်းသူများထဲမှ ကျောင်းသားတစ်ဦး လိုဏ်ဂူအတွင်းပျောက်ဆုံးနေခြင်းဖြစ်ကြောင်း မြောက်ကျွန်းရဲတပ်ဖွဲ့က အတည်ပြုခဲ့သည်။

"အော့ကလန်ဟာ မကြာခဏဆိုသလို ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရတယ်။ အခုဖြစ်ပေါ်နေတဲ့ ရေကြီးရေလျှံမှုဟာ အန္တရာယ်ရှိတဲ့အတွက် ဒေသခံတွေအနေနဲ့ အထူးသတိထားနေထိုင်သွားလာဖို့ လိုအပ်ပါတယ်။ လိုအပ်လာရင် ဘေးလွတ်ရာ ရွှေ့ပြောင်းဖို့ အသင့် ပြင်ဆင်ထားပေးကြပါ။ ကယ်ဆယ်ရေး စခန်းတွေကိုလဲ ဖွင့်လှစ်ပေးထားပြီးဖြစ်ပါတယ်"ဟု အော့ကလန်မြို့တော်ဝန် ဝိန်းဘရောင်းက ပြောကြားသည်။

ပျောက်ဆုံးနေသော ကျောင်းသားကို မြောက်ကျွန်းရဲတပ်ဖွဲ့ဝင်များနှင့် ကယ်ဆယ်ရေးဝန်ထမ်းများက ရှာဖွေပေးလျက်ရှိကြောင်း၊ ရေကြီးရေလျှံမှုကြောင့် မြောက်ကျွန်းတွင် အဓိက ဆက်သွယ်သွားလာရေးလမ်းမကြီးတချို့ကို ယာယီပိတ်ထားသည့်အတွက် လမ်းမကြီးများကို အသုံးမပြုကြရန်လည်း မြောက်ကျွန်း အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ထားကြောင်း၊ ရေကြီးရေလျှံမှုသည် အော့ကလန်မြို့တွင် ဖြစ်ပေါ်နေသဖြင့် အော့ကလန်မြို့ရှိ စာသင်ကျောင်းများကို ယာယီပိတ်ထားကြောင်း သိရသည်။

**ခိုင်းဆက်**

# ပီရူးနိုင်ငံ ရွှေမိုင်းတွင်းဝိုင်ယာရှော့ခ်ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားသဖြင့် လုပ်သား ၂၇ ဦးသေဆုံး

**လီမာ မေ ၉**

ပီရူးနိုင်ငံတွင် ရွှေတူးဖော်သောမိုင်းတွင်းတစ်ခုအတွင်း ဝိုင်ယာရှော့ခ်ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားသဖြင့် မိုင်းတွင်းလုပ်သား ၂၇ ဦးသေဆုံးခဲ့ပြီး အဆိုပါသေဆုံးများ၏ ရုပ်အလောင်းများကို မေ ၈ ရက်က ပြန်လည်ထုတ်ယူနိုင်ခဲ့ကြောင်း ပီရူးအာဏာပိုင်အဖွဲ့အစည်းကထုတ်ပြန်သော သတင်းများကိုကိုးကား၍ VOA သတင်းဌာနက မေ ၈ ရက်တွင် ရေးသားဖော်ပြထားသည်။

ပီရူးနိုင်ငံ Arequipa မြို့အနီးရှိ La Esperanza ရွှေသတ္တုတူးဖော်ရေး မိုင်းတွင်းတစ်ခုတွင် မေ ၆ ရက်က လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးလောင်မှုဖြစ်ပွားစဉ် မြေအောက်အနက်မီတာ ၈၀ မှ မီတာ ၁၀၀ အတွင်း မိုင်းတွင်းလုပ်သားများ အလုပ် လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ဒေသတွင်း မီဒီယာများ၏ ဓာတ်ပုံများနှင့် ဗီဒီယိုများတွင် မတ် ၆ ရက်က ရွှေမိုင်းတွင်းရှိရာ တောင်စောင်းမှ မီးတောက်များနှင့် မီးခိုးများထွက်လာပုံကို ဖော်ပြခဲ့ကြကြောင်း သိရသည်။

မတ် ၇ ရက်တွင် မိုင်းတွင်းလုပ်သားများ၏ မိသားစုဝင်များ အချင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိလာသော်လည်း တာဝန်ရှိသူများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်သောကြောင့် မိုင်းတွင်းအတွင်း ဝင်ရောက်ခွင့် မပြုခဲ့ကြောင်း သိရသည်။

သေဆုံးသူ မိုင်းတွင်းလုပ်သား ၂၇ ဦး၏ ရုပ်အလောင်းများကို မတ် ၈ ရက်တွင် မိုင်းတွင်းအတွင်းမှထုတ်ယူရရှိခဲ့ပြီး ရုပ်အလောင်းများကို သက်ဆိုင်ရာမြို့နယ်ဆေးရုံသို့ပို့ဆောင်ခဲ့ပြီး မတ် ၈ ရက် မွန်းလွဲ ၁ နာရီတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ်အားလုံး ဆောင်ရွက်ပြီးစီးခဲ့ကြောင်း ပီရူးမြို့တော်ဝန် James Casquino က ပြောကြားခဲ့ကြောင်း သိရသည်။

ပီရူးနိုင်ငံသည် ကမ္ဘာ့အကြီးဆုံး ရွှေထုတ်လုပ်သည့် နိုင်ငံဖြစ်ပြီး တစ်နှစ်လျှင် ရွှေတန်ချိန် ၁၀၀ ကျော် သို့မဟုတ် ကမ္ဘာပေါ်ရှိ ရွှေထုတ်လုပ်မှုအားလုံး၏ ၄ ရာခိုင်နှုန်းကို နှစ်စဉ်ထုတ်လုပ်လျက်ရှိပြီး မိုင်းတွင်းပြိုကျမှုများ မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

**AZH**



# မြေထဲပင်လယ်ဘက်မှ အစပျိုးလာသည့်အပူလှိုင်းများ ဗြိတိန်နိုင်ငံသို့ ဖြတ်သန်းဝင်ရောက်ဖွယ်ရှိ

**လန်ဒန် မေ ၉**

မြေထဲပင်လယ်ဘက်မှ အစပျိုးလာသည့်အပူလှိုင်းများ လာမည့်ရက်ပိုင်းအတွင်း ဗြိတိန်နိုင်ငံသို့ ဖြတ်သန်းဝင်ရောက်ဖွယ်ရှိရာ အပူချိန်မှာ ၂၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာနိုင်ကြောင်း ဗြိတိန်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု Express သတင်းဌာနက မေ ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဗြိတိန်နိုင်ငံသည် အအေးဓာတ်မြင့်မားသောနိုင်ငံဖြစ်ပြီး အပူလှိုင်းဖြတ်သန်းမှုကြောင့် ပုံမှန်မဟုတ်သည့် အပူချိန်မြင့်တက်မှုဖြင့်ရင်ဆိုင်ရဖွယ်ရှိနေကြောင်း၊ အပူလှိုင်းဖြတ်သန်းမှုကြောင့် မေလဒုတိယပတ်နောက်ပိုင်းတွင် အပူချိန်ဆက်တိုက်မြင့်တက်ဖွယ်ရှိနေပြီး အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်ပြီး ကြိုတင်သတိပေးချက်များနှင့် အပူချိန်မြင့်တက်လာပါက လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များကိုလည်း သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"လက်ရှိ ဗြိတိန်မိုးလေဝသ အခြေအနေက အပန်းဖြေအနားယူလို့ကောင်းတဲ့ ရာသီဥတုမျိုးဖြစ်ပါတယ်။ ဒါပေမဲ့ မေလဒုတိယပတ်နောက်ပိုင်းကနေ စတင်ပြီးတော့ အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်လာနိုင်ပါတယ်။ အပူလှိုင်းဟာ မြေထဲပင်လယ်ဘက်ပိုင်းကနေ အစပျိုးလာပြီးတော့ အပူလှိုင်းဖြတ်သန်းချိန်မှာ အပူချိန်ဟာ ၂၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာနိုင်ပါတယ်။ ပုံမှန်မဟုတ်တဲ့ အပူချိန်ပမာဏလဲ ဖြစ်ပါတယ်။ လက်ရှိအချိန်ထိ ၂၀၂၄ ခုနှစ်ရဲ့ အပူချိန်အမြင့်ဆုံးနေ့အဖြစ် ဧပြီ ၂၉ ရက်မှာ ဖြစ်ပေါ်ခဲ့ပါတယ်။ ဧပြီ ၂၉ ရက်မှာ ဖြစ်ပေါ်တဲ့ အပူချိန်ပမာဏထက် ကျော်လွန်နိုင်လို့ ကျန်းမာရေးလုံခြုံမှုအတွက် စိုးရိမ်ဖွယ်ရာဖြစ်ပါတယ်။ အပူလှိုင်းဖြတ်သန်းတာနဲ့ပတ်သက်ပြီးတော့ အချိန်နဲ့တစ်ပြေးညီ သတင်းတွေ ထုတ်ပြန်ပေးသွားမှာဖြစ်ပါတယ်"ဟု ဗြိတိန်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဂျင်မ်ဒဲလ်က ပြောကြားသည်။

**ခိုင်းဆက်**

# ဩစတြေးလျနိုင်ငံ အရှေ့ဘက်ပိုင်းတွင် ဆီးနှင်းကျဆင်းပြီး လေပြင်းတိုက်ခတ်မှုဖြစ်ပေါ်

**ကင်ဘာရာ မေ ၉**

ဩစတြေးလျနိုင်ငံ အရှေ့ဘက်ပိုင်းတွင် မေ ၈ ရက်မှစ၍ ဆီးနှင်းများကျဆင်းခဲ့ပြီး လေပြင်းတိုက်ခတ်မှုများဖြစ်ပေါ်နေကြောင်း ST သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အချိန်အခါမဟုတ်သည့် ဆီးနှင်းကျဆင်းမှုဖြစ်သကဲ့သို့ လေပြင်းတိုက်ခတ်မှုကြောင့်လည်း အအေးဓာတ်မြင့်မားလျက်ရှိကြောင်း ဩစတြေးလျမိုးလေဝသဗျူရိုက ထုတ်ပြန်ခဲ့သည်။

"ဩစတြေးလျအရှေ့ဘက်ပိုင်းဧရိယာတွေမှာ ဆီးနှင်းထူထပ်စွာကျဆင်းနေပါတယ်။ အအေးဓာတ်တွေလဲမြင့်မားနေတယ်။ အပူချိန်ပမာဏက သုည ဒီဂရီစင်တီဂရိတ် ရေခဲမှတ်ကို ရောက်ရှိနေပါတယ်။ လေပြင်းတွေလဲ တိုက်ခတ်နေပါတယ်"ဟု ဩစတြေးလျမိုးလေဝသဗျူရိုက ထုတ်ပြန်ခဲ့သည်။

ဆီးနှင်းကျဆင်းသဖြင့် လမ်းမကြီးများထက်တွင် ဆီးနှင်းများကြောင့် လမ်းချော်နေသည့်အတွက် မော်တော်ယာဉ် မောင်းနှင်သူများ အန္တရာယ်ရှိနိုင်ကြောင်း ဩစတြေးလျ အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

ဆီးနှင်းကျဆင်းမှုသည် ယခုရက်သတ္တပတ်ကုန်သည်ထိ ဆက်လက်ကျဆင်းဖွယ်ရှိနေပြီး အအေးဓာတ်လည်း ပိုမိုမြင့်တက်လာနိုင်ကြောင်း မိုးလေဝသဗျူရို၏ ထုတ်ပြန်ချက်အရ သိရသည်။

ဆီးနှင်းကျဆင်းမှုအပြီးတွင် ရာသီဥတုရုတ်တရက်ပြောင်းလဲပြီး အပူချိန်မြင့်တက်ခဲ့ပါက ဆီးနှင်းများအရည်ပျော်ကျကာ ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်ကြောင်းလည်း မိုးလေဝသဗျူရိုက ကြိုတင်သတိပေးချက်လည်း ထုတ်ပြန်ထားသည်။

ဆီးနှင်းကျဆင်းမှုသည် ဆစ်ဒနီမြို့အနောက်ဘက်ပိုင်းတွင် အဓိကဖြစ်ပေါ်နေပြီး လက်ရှိမြေပြင်တွင် ဆီးနှင်းထုမှာ ၁၀ စင်တီမီတာခန့် မြင့်တက်နေကြောင်း ဆစ်ဒနီ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။ **ခိုင်းဆက်**

# ထိုင်းနိုင်ငံတွင် ယခုနှစ်မိုးခေါင်နိုင်ခြေရှိသဖြင့် ကျေးလက်ဒေသများသို့ ရေပေးဝေရန်ပြင်ဆင်

**ဗန်ကောက် မေ ၉**

ထိုင်းနိုင်ငံတွင် ယခုနှစ်အတွင်း မိုးခေါင်နိုင်ခြေ ရှိနိုင်သဖြင့် တစ်နိုင်ငံလုံးရှိ ကျေးလက်ဒေသများသို့ ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးပြင်ဆင်မှုများဆောင်ရွက်ထားရန် ကျေးလက်လမ်းများဦးစီးဌာနက တစ်နိုင်ငံလုံးရှိ ရုံး၊ ဌာနများကို အမိန့်ထုတ်ပြန်ထားကြောင်း အဆိုပါဦးစီးဌာနမှ ထုတ်ပြန်သော သတင်းများကို ကိုးကား၍ The Star သတင်းဌာနက မေ ၈ ရက်တွင် ရေးသားဖော်ပြထားသည်။

နိုင်ငံတစ်ဝန်းလုံးရှိ ရေလှောင်ကန်များ၊ ဆည်မြောင်းများနှင့် ရေပေးဝေရေး လမ်းကြောင်းများကို စစ်ဆေးသွားရန် ကျေးလက်လမ်းများဦးစီးဌာနက ပြည်နယ်ရုံးများကို ညွှန်ကြားချက် ထုတ်ပြန်ထားပြီး ရေလှောင်ကန်များအတွင်း ရေသိုလှောင်နိုင်မှုပမာဏ ကျဆင်းမှုအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန် ညွှန်ကြားထားကြောင်း သိရသည်။

ရေပေးဝေရေးလုပ်ငန်းများ ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရေလှောင်ကန်နှင့် ဆည်မြောင်းများတစ်လျှောက်ရှိ ကျေးလက်လမ်းများကို စစ်ဆေးသွားရန် ဦးစီးဌာနမှ တာဝန်ရှိသူများကို ညွှန်ကြားထားပြီး ရေလှောင်ကန်များတွင် ရေယိုစိမ့်မှုများ၊ အက်ကွဲကြောင်းများနှင့် အခြားသော လက္ခဏာများ ရှိ၊ မရှိ စစ်ဆေးခြင်း၊ လမ်းမများပြင်ဆင်ခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် သတိပေးဆိုင်းဘုတ်များစိုက်ထူခြင်းတို့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မိုးခေါင်ရေရှားသောဒေသများအတွင်း ရေပေးဝေရေးလုပ်ငန်းများကို ကျေးလက်လမ်းများဦးစီးဌာနခရိုင်ရုံးများအနေဖြင့် ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့များနှင့်တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိုးခေါင်ရေရှားမှုအခြေအနေသည် ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်ကထက် ယခုနှစ်တွင် ပိုမိုဆိုးရွားလိမ့်မည်ဖြစ်ကြောင်း နိုင်ငံပိုင်မိုးလေဝသဌာနက ပြီးခဲ့သောလကပင် သတိပေးချက်ထုတ်ပြန်ခဲ့ပြီး နိုင်ငံတစ်ဝန်းအပူချိန်စံချိန်တင်မြင့်တက်လျက်ရှိကြောင်း သိရသည်။ AZH

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ပပဲတင်ပို့မှုကဏ္ဍတွင် ပဲတီစိမ်းကို ဒုတိယအများဆုံး တင်ပို့ရောင်းချပေးနိုင်ခဲ့သဖြင့် အမေရိကန်ဒေါ်လာသန်း ၄၈၀ ကျော်ရရှိခဲ့



**နေပြည်တော် မေ ၉**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ပ ပဲတင်ပို့မှုကဏ္ဍတွင် ပဲတီစိမ်းကို ဒုတိယအများဆုံး တင်ပို့ရောင်းချပေးနိုင်ခဲ့သဖြင့် အမေရိကန်ဒေါ်လာသန်း ၄၈၀ ကျော် နိုင်ငံခြားဝင်ငွေ ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ မေ ၈ ရက် သတင်းများအရ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ပဲအမျိုးအစားပေါင်း ၂၀ ကျော် တင်ပို့ရောင်းချပေးခဲ့ရာ မတ်ပဲကို အမေရိကန်ဒေါ်လာ ၅၃၁ ဒသမ ၇၉၇ သန်းဖိုးဖြင့် အများဆုံးတင်ပို့ရောင်းချပေးခဲ့ရပြီး ပဲတီစိမ်းကို အမေရိကန်ဒေါ်လာ ၄၈၉ ဒသမ ၀၈၉ သန်းဖြင့် ဒုတိယအများဆုံး တင်ပို့ရောင်းချပေးခဲ့ရခြင်းဖြစ်သည်။

ပဲတီစိမ်းကို ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချပေးရာတွင် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၃၈၁ ဒသမ ၈၅၆ သန်း၊ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁၀၇ ဒသမ ၂၃၃ သန်းဖိုး တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ၂၈ ရက်ထိ ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၁၃ သန်းနှင့် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၉၅ သန်း စုစုပေါင်း ပဲတီစိမ်းပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၃၂၅သန်း နိုင်ငံခြားဝင်ငွေ ရရှိခဲ့သည်။

ပဲတီစိမ်းနှင့်ပဲမျိုးစုံသည်မြန်မာနိုင်ငံတွင် စပါးပြီးလျှင် ဒုတိယအများဆုံး စိုက်ပျိုးနေသည့် သီးနှံဖြစ်ကာ နိုင်ငံ၏ လယ်ယာထွက်ကုန်စုစုပေါင်း၏ ၃၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ SKL

# မင်းဘူးမြို့နယ် တောင်မန်းကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မင်းဘူး မေ ၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၊ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးရရှိစေရန် ရည်ရွယ်၍ တောင်မန်းကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို မေ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ရှိသူများက တောင်မန်းကျေးရွာ၌ ကျေးလက်စီးပွား မြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ဖြင့် ဆောင်ရွက်ထားသော အစုအဖွဲ့နွားမွေးမြူရေးလုပ်ငန်း၊ ဆိတ်မွေးမြူရေးလုပ်ငန်းများနှင့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက လုပ်ငန်းများရေရှည်တည်တံ့အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

တောင်မန်းကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF)ကို အစုအဖွဲ့ဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆောင်ရွက်သည့် နွားမွေးမြူသည့် ရောင်နီဦး၊ အလင်းရောင်၊ ခရေအဖွဲ့၊ သုံးဖွဲ့နှင့် ဆိတ်မွေးမြူသည့် စန်းသော်တာ၊ မိဘမေတ္တာ အဖွဲ့နှစ်ဖွဲ့ စုစုပေါင်း အစုအဖွဲ့ ငါးဖွဲ့မှ စီမံကိန်းပံ့ပိုးငွေ ကျပ်သိန်း ၃၀၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၁၀၀ စုစုပေါင်းငွေကျပ်သိန်း ၄၀၀ ကို တစ်ဖွဲ့လျှင် ငွေကျပ်သိန်း ၈၀ စီဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းထံမှ သိရသည်။ **ခင်မာ**

# မုံရွာခရိုင်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေနှမ်း ၄၅၀၁ ဧက စိုက်ပျိုးပြီးစီး

**မုံရွာ မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေနှမ်း ၄၅၀၁ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မုံရွာခရိုင်တွင် နွေနှမ်း ၆၄၂၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၅၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မုံရွာခရိုင်မှာ နွေနှမ်း ဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိအချိန်ထိ နွေနှမ်းဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီ။ နွေနှမ်းစိုက်ပျိုးမှုကတော့ လျာထားချက်ထက်တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းတိုးတက်စေဖို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နွေနှမ်းစိုက်ပျိုးမှုကတော့ ကောင်းမွန်ပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ယခုနှစ် မုံရွာခရိုင်တွင် နွေနှမ်းဧက စိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၄၂၂ ဧက၊ ဘုတလင်မြို့နယ်တွင် ၁၆ ဧက၊ အရာတော်မြို့နယ်တွင် ၁၉၅၃ ဧက၊ ချောင်းဦးမြို့နယ်တွင် ဧက ၂၁၁၀ စုစုပေါင်း ၄၅၀၁ ဧကတို့ဖြစ်ကြောင်း၊ နွေနှမ်းစိုက်ပျိုးရန် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၄၆၃ ဧက၊ ဘုတလင်မြို့နယ်တွင် ၁၀ ဧက၊ အရာတော်မြို့နယ်တွင် ၂၈၈၄ ဧက၊ ချောင်းဦးမြို့နယ်တွင် ဧက ၃၀၇၀ စုစုပေါင်း ၆၄၂၇ ဧကတို့ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်၌ မုံရွာခရိုင်တွင် ဆောင်းနှမ်း ၆၆၉၃ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ မုံရွာမြို့နယ်တွင် ၁၂၅၅၃ ဧက၊ ဘုတလင်မြို့နယ်တွင် ၁၃၈၇၂ ဧက၊ အရာတော်မြို့နယ်တွင် ၂၇၇၂၇ ဧက၊ ချောင်းဦးမြို့နယ်တွင် ၁၅၃၅၇ ဧက စုစုပေါင်း ၆၆၅၀၉ ဧကတို့ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။



ယခုနှစ် မုံရွာခရိုင်တွင် နွေနှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ဟိုပုံးမြို့နယ် လိုက်ကွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဟိုပုံး မေ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ စံဖူးကျေးရွာအုပ်စု လိုက်ကွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က လိုက်ကွန်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံ ငွေကျပ်သိန်း ၄၅၀ ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက လိုက်ကွန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရှီသန်းညွန့်**

# လယ်ဝေးမြို့နယ် ခေတ်အေးကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်

**နေပြည်တော် မေ ၉**


နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ခေတ်အေးကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်နေ အမျိုးသမီးများ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်း ဖွင့်ပွဲကို မေ ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးမျိုးက သင်တန်းသူများအနေဖြင့် သင်တန်းက သင်ကြားပေးမည့် အခြေခံစက်ချုပ် အတတ်ပညာများကို စဉ်ဆက်မပြတ်လေ့လာသင်ယူပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးချနိုင်ရန် ကြိုးစားသင်ယူကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လယ်ဝေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမျိုးတင့်က အခြေခံစက်ချုပ်သင်တန်းအတွက် သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ အခြေခံစက်ချုပ် သင်တန်းဖွင့်ပွဲသို့ လယ်ဝေးမြို့နယ်အတွင်းရှိ သပြေပင်ကျေးရွာ၊ ရွာသစ်ကြီးကျေးရွာ၊ ခေတ်အေးကျေးရွာနှင့် ညောင်မုတ်ဆိတ်ကျေးရွာတို့မှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် အခြေခံစက်ချုပ်နည်းနှင့် ပတ်သက်သည့် သင်ခန်းစာများကို ကျွမ်းကျင်ဆရာမ နှစ်ဦး က စာတွေ့၊ လက်တွေ့ဖြင့် တစ်လကြာ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်နိုင်**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# နွေရာသီ အပူဒဏ်ကာကွယ်နိုင်ဖို့ သစ်ပင်စိုက်ပျိုးကြပါစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

ယခုနှစ်နွေရာသီတွင် အပူချိန်လွန်ကဲလျက်ရှိသည်။ နံနက်မိုးလင်းကတည်းက ချွေးတဒီးဒီးကျနေပြီဖြစ်သည်။ ညဘက်တွင်လည်း နှစ်ခြိုက်စွာအိပ်စက်အနားယူနိုင်ခြင်းမရှိသဖြင့် ပင်ပန်းနွမ်းနယ်နေကြသည်။ အချို့သောဒေသများတွင် အပူချိန် ၄၆ ဒီဂရီစင်တီဂရိတ်ကျော်လွန်လျက်ရှိသည်။ နွေရာသီအပူချိန်သည် တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာလျက်ရှိသည်။ အပူချိန်အမြင့်ဆုံးဖြစ်သည့် ချောက်မြို့သည် ယခင်က နွေရာသီတွင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်သာရှိသော်လည်း ယခုဆိုလျှင် ၄၆ ဒီဂရီစင်တီဂရိတ်ပင်ကျော်လွန်နေပြီဖြစ်သည်။ သစ်ပင်သစ်တောများပြုန်းတီးလာပြီး ကမ္ဘာကြီးပူနွေးလာသည့်အကျိုးဆက်ကြောင့်ပင်ဖြစ်သည်။

ထို့ပြင် နှစ်စဉ်နွေရာသီရောက်ရှိလျှင် မိုးကြိုကာလတွင် ဖြစ်လေ့ဖြစ်ထရှိသော မိုးသက်လေပြင်းဒဏ်ကြောင့် လူနေအိမ်များ ပျက်စီးရလေ့ရှိသည်။ အထူးသဖြင့် လွင်တီးခေါင်များတွင်ဆောက်လုပ်ထားသည့်နေအိမ်များသည် ခေါင်မိုးများလန်ခြင်း၊ အကာများပြုတ်ကျခြင်း စသည့်ပျက်စီးမှုများစွာဖြစ်ရသည်။ စင်စစ်အားဖြင့် လေကာ၊ ရေကာပင်များမရှိသောကြောင့် ထိုသို့ပျက်စီးဆုံးရှုံးမှု များရခြင်းဖြစ်သည်။ ထို့ကြောင့် သစ်ပင်များသည် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တို့ကို ထိန်းသိမ်းရာတွင်သာမက သဘာဝဘေးအန္တရာယ်ကာကွယ်ရာတွင်လည်း များစွာအရေးပါလျက်ရှိသည်။

**မိုးဦးကျတော့မည်**

မေလကုန် ဇွန်လဆန်းတွင် မြန်မာနိုင်ငံအောက်ပိုင်းဒေသများသို့ မုတ်သုံလေစတင်ဝင်ရောက်လာတော့မည်ဖြစ်သည်။ မုတ်သုံလေနှင့်အတူ မိုးလည်းပါလာတော့မည်ဖြစ်သည်။ ထို့ကြောင့် မိုးရာသီအတွက် ဆောင်ရွက်ဖွယ်ရာများစွာရှိနေသည်။ တောင်သူလယ်သမားများသည် ကောက်ပဲသီးနှံများ အချိန်မီဖြစ်ထွန်းအောင်မြင်အောင်စိုက်ပျိုးနိုင်ရေး ထွန်ရေးညက်အောင်ထွန်ယက်ထားရန် လိုအပ်သည်။ ထို့အတူ ရေလုပ်သားကြီးများသည်လည်း မိုးတွင်းကာလအတွက် လှေနှင့် ငါးဖမ်းပိုက်များ ကြိုတင်ပြင်ဆင်ထားကြရတော့မည်ဖြစ်သည်။ အထူးသဖြင့် မိုးတွင်းကာလတွင် နိုင်ငံသူ၊ နိုင်ငံသားအားလုံး မပျက်မကွက်ပြုလုပ်သင့်သော အမျိုးသားရေးတာဝန်တစ်ရပ်သည် သစ်ပင်များရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးခြင်းပင်ဖြစ်သည်။

**ကြိုတင်ပြင်ဆင်ခြင်း**

မိုးရာသီတွင် သစ်ပင်များရှင်သန်ဖြစ်ထွန်းအောင်စိုက်ပျိုးနိုင်ရန်အတွက် နွေရာသီကတည်းက ပျိုးထောင်ထားသင့်သည်။ ပျိုးထောင်ရာတွင် ရတနာတန်းဝင်အပင်များ၊ စားပင်သီးပင်များ၊ လေကာ၊ ရေကာပင်များ စသည်ဖြင့်စုံလင်အောင်ပျိုးထောင်ထားသင့်သည်။ ပျိုးထောင်ရာတွင် ပျိုးအိတ်ဖြင့်လည်းကောင်း၊ ပျိုးပေါင်လုပ်၍လည်းကောင်း သင့်တော်သလို ပျိုးထောင်နိုင်သည်။ ပျိုးပင်ရှင်သန်ဖြစ်ထွန်းရေးအတွက် စနစ်တကျပြုစုရန်လိုသည်။ အထူးသဖြင့် ဒေသနှင့်ကိုက်ညီသောအပင်များကို ပိုမိုစိုက်ပျိုးထားသင့်သည်။ ကျွန်းပင်နှင့် စိန်တလုံးသရက်ပင်သည် မြန်မာနိုင်ငံတစ်ဝန်းတွင် ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။

သစ်ပင်စိုက်ပျိုးမည့်နေရာကို နွေရာသီကတည်းက ပေါင်းရှင်းထားသင့်ပေသည်။ ထို့နောက် စိုက်ပျိုးမည့်အပင်အမျိုးအစားအပေါ်မူတည်၍ သင့်တော်သည့်အကွာအဝေးအတိုင်း မြေကျင်းများတူးထားသင့်သည်။ မြေကျင်းကို အနည်းဆုံး အကျယ်နှစ်ပေပတ်လည်၊ အနက် တစ်ပေခန့် တူးထားသင့်ပေသည်။ ထို့နောက် မြေကျင်းထဲတွင် နွားချေး၊ ဆိတ်ချေးနှင့် အခြားသောမြေဆွေးများထည့်ပြီး နှပ်ထားသင့်သည်။

မိုးဖြိုင်ဖြိုင်ကျသည်နှင့် သစ်ပင်စတင်စိုက်ပျိုးသင့်သည်။ ဇွန်လဆန်းတွင် စိုက်ပျိုးထားသည့်အပင်များအနက် ၇၅ ရာခိုင်နှုန်းခန့်သည် ရှင်သန်ဖြစ်ထွန်းလေ့ရှိသည်။ ပျိုးပင်များကို သစ်ပင်စိုက်ပျိုးမည့်နေ့ရောက်မှသာ ပျိုးပေါင်မှနုတ်ယူသင့်သည်။ ပျိုးပင်များကို နေအေးသည့်အချိန်နှင့် နံနက်စောစောအချိန်များတွင်သာ နုတ်ယူသင့်သည်။ တစ်ရက်ကြိုတင်၍ နုတ်ထားမည်ဆိုလျှင် ရှင်သန်ရန် အခွင့်အလမ်းနည်းသည်။ ပျိုးအိတ်ဖြင့် ပျိုးထောင်ထားသော အပင်များကိုမူ ညနေပိုင်းခန့်ကတည်းက စိုက်ပျိုးမည့်ကျင်းများဘေးတွင် ကြိုတင်ချထား၍ရနိုင်သည်။ အရေးကြီးဆုံးအချက်သည် ပျိုးပင်များသယ်ယူရာတွင် အထူးဂရုစိုက်ရန်လိုသည်။ ပျိုးပင်များကို ကြမ်းကြမ်းတမ်းတမ်းကိုင်ပြီး ကားပေါ်သို့ဖြစ်သလိုပစ်တင်၊ ကားပေါ်မှဖြစ်သလိုပစ်ချမည်ဆိုလျှင် ပျိုးပင်များ နာသွားမည်ဖြစ်သည်။ ထို့ကြောင့် ပျိုးပင်များ ရွှေ့ပြောင်းရာတွင် စနစ်တကျဆောင်ရွက်ရန်လိုသည်။



**ရှင်သန်ဖြစ်ထွန်းရန်လို**

အထူးသဖြင့် သစ်ပင်များကို စတင်စိုက်ပျိုးကတည်းက ပျိုးအိတ်များကို ဓားနှင့်စနစ်ကျခွဲပြီး မြေကျင်းထဲတွင်ထည့်ကာ မြေကိုသိပ်အောင်ဖိပြီးစိုက်သင့်သည်။ မြေကျင်းကိုလည်း စနစ်တကျဖို့ရန်လိုအပ်သည်။ အထူးသဖြင့် ကျင်းထဲတွင်ရေများဝပ်နေပါက ခပ်ထုတ်ပစ်ရန်လိုအပ်သည်။ ပျိုးပင်များကို ရေဗွက်ထဲ၌ပင် ဖြစ်သလိုစိုက်ထားခဲ့မည်ဆိုလျှင် ထိုအပင်မျိုးသည် ရှင်သန်ဖြစ်ထွန်းရန် အခွင့်အလမ်းနည်းပါးနေသည်။

စင်စစ်အားဖြင့် သစ်ပင်တစ်ပင်ကို ချက်ချင်းစိုက်ပျိုးမည်ဆိုလျှင် ရှင်သန်နိုင်စွမ်းရှိမည်မဟုတ်ချေ။ ပျိုးထောင်၊ ပေါင်းရှင်း၊ မြေညှိ၊ ကျင်းတူး၊ မြေဩဇာထည့် စသည့်ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားမှသာလျှင် စိုက်ပျိုးသောသစ်ပင်သည် ရှင်သန်နိုင်စွမ်းရှိမည်ဖြစ်သည်။ သစ်ပင်တစ်ပင်ကို ပေါင်းမြက်များဖုံးလွှမ်းပြီး ရေဝပ်နေသောနေရာများတွင်ချက်ချင်းကျင်းတူး၍ စိုက်ပျိုးမည်ဆိုလျှင် ရှင်သန်နိုင်စွမ်းသည် အလားအလာနည်းနေမည်ဖြစ်သည်။ အထူးသဖြင့် စိုက်ပျိုးထားသည့်အပင်ကို တစ်နှစ်ပတ်လုံး ပစ်ထားမည်ဆိုလျှင် ရှင်သန်ဖြစ်ထွန်းနိုင်ခြင်းမရှိဘဲ နွေရာသီတွင် ရေငတ်၍ သေဆုံးသွားမည်ဖြစ်သည်။ ထို့ပြင် မိုးရာသီတွင် စိုက်ပျိုးထားသောသစ်ပင်များကို နွေရာသီတွင် တောမီးထဲပါမသွားစေရေး ပြုစုစောင့်ရှောက်သွားရန်လည်း လိုအပ်သည်။

**မှန်မြတ်သောအလုပ်**

အမှန်တွင် မည်သည့်အလုပ်၌မဆို တာဝန်ပေး၍ လုပ်ရသည်ဖြစ်စေ၊ မိမိစိတ်ဆန္ဒအရ လုပ်သည်ဖြစ်စေ အပြုသဘောဆောင်သည့် စိတ်ဓာတ်ရှိရန်လိုပါသည်။ သို့မှသာလျှင် မိမိလုပ်သောအလုပ်သည် အောင်မြင်မှုရရှိနိုင်ပေသည်။ သစ်ပင်စိုက်ပျိုးရာတွင်လည်း စေတနာထား၍သာ စိုက်ပျိုးခဲ့မည်ဆိုလျှင် ထိုသစ်ပင်သည် မရှင်စရာအကြောင်းမရှိချေ။ ထိုသစ်ပင် ရှင်သန်ဖြစ်ထွန်းအောင်မြင်မည်ဆိုလျှင် နောင်လာနောက်သားများအတွက်သာမက သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရာလည်း ရောက်သောကြောင့် ကမ္ဘာကြီးပူနွေးမှုကိုလျှော့ချနိုင်စေမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံသူ၊ နိုင်ငံသားတိုင်းသည် မိုးရာသီတွင် သစ်ပင်စိုက်ပျိုးခြင်းကို မွန်မြတ်သောအလုပ်အဖြစ်သဘောထားကာ ကြည်သာရွှင်ပျစွာဖြင့် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားသင့်သည်။

**သစ်ပင်၏ အကျိုးကျေးဇူးများ**

စင်စစ်အားဖြင့် ကမ္ဘာမြေပေါ်တွင် သစ်ပင်မရှိလျှင် သက်ရှိအားလုံးပျောက်ကွယ်သွားမည်ဖြစ်သည်။ သစ်ပင်များသည် လူသားတို့ကို ဘေးအန္တရာယ်ဖြစ်စေနိုင်သော လေထုအတွင်းမှကာဗွန်ဒိုင်အောက်ဆိုက်၊ အနံ့သက်ဆိုးများ၊ အဆိပ်အတောက်ဓာတ်ငွေ့များ၊ အမှုန်အမွှားများကိုစုပ်ယူပြီး အောက်ဆီဂျင်ထုတ်လွှတ်ပေးကြသည်။ ထို့ပြင် ပင်စည်နှင့် အမြစ်များသည် မိုးရေကိုစုပ်ယူထားသဖြင့် ပူပြင်းခြောက်သွေ့မှုဒဏ်ကိုလည်း ကာကွယ်ပေးနိုင်သည်။ အထူးသဖြင့် မိုးရေများကို မြစ်ချောင်းများအတွင်းသို့ တိုက်ရိုက်စီးဆင်းစေခြင်းမရှိဘဲ ထိန်းသိမ်းထားနိုင်စွမ်းရှိသည်။ ထို့ကြောင့် သစ်ပင်သစ်တောပေါများသော ဒေသရှိပြည်သူများသည် မျှတသည့်ရာသီဥတုကိုသာ ကြုံတွေ့ခံစားကြရသည်။

မည်သို့ပင်ဆိုစေ သစ်ပင်စိုက်ပျိုးခြင်းသည် လတ်တလောအကျိုးကျေးဇူးများအပြင် အနာဂတ်မျိုးဆက်သစ်များအတွက်လည်း များစွာသောအကျိုးတရားများကိုရရှိစေပါသည်။ သစ်ပင်များမှ လက်တွေ့ရရှိသောအကျိုးကျေးဇူးများစွာအနက် တချို့မှာ-

(၁) အစွန်းရောက် ရာသီဥတုဖြစ်စဉ်များကို ကာကွယ်နိုင်ခြင်း။
(၂) လေထုကို သန့်စင်ပေးနိုင်ခြင်း။
(၃) အောက်ဆီဂျင် ထုတ်လွှတ်ပေးခြင်း။
(၄) စွမ်းအင်ထိန်းသိမ်းနိုင်ခြင်း။
(၅) ပတ်ဝန်းကျင်ကို အေးမြစေခြင်း။
(၆) ရေထုညစ်ညမ်းမှုကို ကာကွယ်ခြင်း။
(၇) ရေအရင်းမြစ်ကို ထိန်းထားနိုင်ခြင်း။
(၈) မြေဆီလွှာတိုက်စားမှုကို ကာကွယ်နိုင်ခြင်း။
(၉) စီးပွားရေးအခွင့်အလမ်းများစွာကို ဖန်တီးပေးနိုင်ခြင်း။
(၁၀) စားနပ်ရိက္ခာဖန်တီးပေးခြင်း။
(၁၁) ဆူညံသံများကိုလျှော့ချပေးနိုင်ခြင်း။
(၁၂) ခရမ်းလွန်ရောင်ခြည်အန္တရာယ်မှကာကွယ်ပေးနိုင်ခြင်း။
(၁၃) လောင်စာနှင့် အသုံးအဆောင်ပစ္စည်းများ ပြုလုပ်နိုင်ခြင်း။

**သစ်တောများပြုန်းတီးမှု၏ ဆိုးကျိုးများ**

ကမ္ဘာမြေကြီး ဟန်ချက်ညီစွာရပ်တည်နေနိုင်ရန်အတွက် ဇီဝမျိုးစုံမျိုးကွဲများစွာပါဝင်သော ဂေဟစနစ်ဖြင့် ထိန်းသိမ်းထားရှိခြင်းဖြစ်သည်။ ထိုဂေဟစနစ်သည် လူသားတို့၏ပယောဂကြောင့် တဖြည်းဖြည်းယိုယွင်းပျက်စီးလာနေပြီဖြစ်သည်။ အထူးသဖြင့် သစ်ပင်များကို လွန်ကဲစွာခုတ်ယူနေကြသောကြောင့် ဖြစ်သည်။ ထို့ပြင် ရှားပါးမျိုးစိတ်များကိုပါ သတ်ဖြတ်ရောင်းချနေကြသဖြင့် ဂေဟစနစ်သည် တစ်နေ့တခြားပိုမိုဆုတ်ယုတ်လာနေပြီဖြစ်သည်။ ဂေဟစနစ်တစ်ခုလုံးအတွက် အခြေခံအကျဆုံးသည် သစ်ပင်များပင်ဖြစ်သည်။ သက်ရှိသတ္တဝါအားလုံးသည် သစ်ပင်များပေါ်တွင် မှီတည်နေကြရသည်။

သစ်တောပြုန်းတီးမှုများကြောင့် လူသားတို့အပေါ် များစွာသောဆိုးကျိုးများကို သက်ရောက်စေနိုင်ပါသည်။ အထူးသဖြင့် စက်ရုံ၊ အလုပ်ရုံများမှထုတ်လွှတ်လိုက်သော အခိုးအငွေ့များကို စုပ်ယူနိုင်စွမ်းမရှိတော့သဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု များပြားလာခြင်း၊ ကမ္ဘာကြီးပူနွေးလာခြင်း၊ အစွန်းရောက်ရာသီဥတုဖြစ်စဉ်များဖြစ်ပေါ်လာသဖြင့် မိုးကြီးခြင်း၊ မိုးခေါင်ခြင်း၊ မုန်တိုင်းထန်ခြင်း၊ အပူလှိုင်း၊ အအေးလှိုင်းများကျရောက်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ သေကျေပျက်စီးကြသဖြင့် ဂေဟစနစ်ပျက်ယွင်းလာခြင်း၊ မြေဆီလွှာတိုက်စားခြင်း၊ ရေလျှံခြင်း၊ လေထုအတွင်း၌ ရေငွေ့ခန်းခြောက်လာခြင်း၊ စားနပ်ရိက္ခာရှားပါးလာခြင်း စသည့်ဆိုးကျိုးများစွာကိုဖြစ်ပေါ်လာစေသည်။

**အမျိုးသားရေးအသွင်ဖြင့်စိုက်ပျိုးသင့်**

စင်စင်အားဖြင့် နိုင်ငံသူ၊ နိုင်ငံသားတိုင်းသည် သစ်ပင်စိုက်ပျိုးသည့်အလုပ်ကို အမျိုးသားရေးတာဝန်တစ်ရပ်ကဲ့သို့ သဘောထားသင့်သည်။ ထို့ကြောင့် မိုးရာသီ သစ်ပင်စိုက်ပျိုးရာ၌ ပြည်သူများစိတ်ပါဝင်စားလာအောင် ပညာပေးစည်းရုံးဆောင်ရွက်သွားသင့်ပါသည်။ ပရဟိတအဖွဲ့အစည်းများကိုလည်း တိုက်တွန်းအားပေးသင့်သည်။ မိုးရာသီတွင် သစ်ပင်စိုက်ပျိုးပွဲတော်များ ပြုလုပ်သွားသင့်သည်။ သို့မှသာလျှင် ပြုန်းတီးသွားသော သစ်ပင်များနေရာတွင် အတိုင်းအတာတစ်ခုထိ အစားထိုးနိုင်မည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ နောင်လာမည့်မျိုးဆက်သစ်များအတွက် သစ်ပင်စိုက်ပျိုးသည့်အလုပ်ကို အမျိုးသားရေးအသွင်ဖြင့် ဖော်ဆောင်သွားရန်လိုအပ်နေပြီဖြစ်သည်။

**နွေရာသီတွင် အပူဒဏ်ကာကွယ်နိုင်ဖို့ သစ်ပင်စိုက်ပျိုးကြပါစို့**


ဆိုရလျှင် သစ်ပင်သစ်တောများသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သက်ရှိလောကတည်မြဲရေးတို့အတွက် များစွာအရေးပါလျက်ရှိသည်။ သစ်တောများပြုန်းတီးမှုသည် လူသားများနှင့် သက်ရှိလောကအားလုံးကို ဆင့်ကဲဆိုးကျိုးများစွာကိုသာဖြစ်စေနိုင်သည်။ အထူးသဖြင့် နွေရာသီတွင် ပူပြင်းခြောက်သွေ့မှုနှင့် ရေရှားပါးပြတ်လပ်မှုများဖြစ်ပေါ်စေနိုင်သည်။ ထိုဆိုးကျိုးများကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် လူသားအားလုံးသည် သစ်ပင်သစ်တောများအပေါ် တန်ဖိုးထားတတ်သည့်အလေ့အကျင့်ကောင်းများ မွေးမြူသွားရန်လိုအပ်ပါသည်။ လူသားတို့သည် လတ်တလော ကိုယ်ကျိုးစီးပွားကိုသာ ရှုမြင်လျက် သစ်ပင်သစ်တောများကို စည်းမဲ့ကမ်းမဲ့ခုတ်လှဲရောင်းချခြင်းမျိုးကို အထူးရှောင်ကြဉ်သွားရန်လိုအပ်သည်။

ထို့ပြင် ပြုန်းတီးသွားသော သစ်ပင်သစ်တောများနေရာတွင် အစားထိုးသစ်ပင်များကို ရှင်သန်ဖြစ်ထွန်းအောင် စီမံချက်ဖြင့် စနစ်တကျစိုက်ပျိုးသွားရန်လည်း အရေးတကြီးလိုအပ်နေပြီဖြစ်သည်။ ထို့ကြောင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးအနေဖြင့် နွေရာသီတွင် အပူဒဏ်ကာကွယ်နိုင်ရေးနှင့် အေးမြသောဂေဟစနစ်ထိန်းသိမ်းနိုင်ရေးတို့တွင် အထောက်အကူဖြစ်စေမည့် သစ်တောသစ်ပင်များ ပိုမိုရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးသွားကြပါစို့ဟု အကြံပြုတိုက်တွန်းသွားလိုပါသည်။




ရတနာပုံစာအုပ်စင်တွင် မန္တလေးမြို့၌ အသစ်ထွက်ရှိသော စာအုပ်များကို စာပေချစ်သူများ သိရှိနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။

# ဗိုလ်လူမိုက်နှင့် နောက်လိုက်ကျွန်တော်ထုတ်ဝေဖြန့်ချိ




ရွှေပိုးအိမ်စာပေက ထုတ်ဝေသော သန်းဝင်းထွန်း(ဆွာ)၏ ဗိုလ်လူမိုက်နှင့် နောက်လိုက်ကျွန်တော် လုံးချင်းဝတ္ထုစာအုပ်ထွက်ရှိလာသည်။

ယခုစာအုပ်တွင် စာရေးသူ၏ အမှာစာပါရှိပြီး ကောက်နုတ်ဖော်ပြရလျှင် ဤဝတ္ထုတွင် ၁၅၀၀ အချစ်မပါဘဲ တပ်မတော်သားတို့၏ အထက်/အောက် သံယောဇဉ်ကို သုတ-ရသစုံလင်စွာ ဖွဲ့ဆိုထားပါသည်။ တပ်မတော်သားဘဝ၏ အစိတ်အပိုင်းများစွာ ဖြတ်သန်းခဲ့မှုများကို ဦးစားပေးရေးဖွဲ့ထားပါ၏ စသည်ဖြင့် တွေ့ရသည်။

ယခုစာအုပ်သည် တပ်မတော်သားတို့၏ဘဝကို ထပ်ဟပ်ဖော်ပြလျက် လူမှုဘဝများနှင့်ထိစပ်ဖော်ပြချက်များကိုလည်း တွေ့ရသည်။ တပ်မတော်သားတို့၏စရိုက်သဘာဝကို ပကတိအရင်းအတိုင်းတင်ပြထားကြောင်းတွေ့ရသလို ကြည်နူးလွမ်းမောဖွယ်ကောင်းသည့် အမှတ်ရချက်များအဖြစ် ကူးပြောင်းသွားသည့် ရဲဘော်ရဲဘက်သံယောဇဉ်များကိုလည်း ဖတ်ရှုနိုင်မည်ဖြစ်သည်။


ယခုစာအုပ်တစ်နေရာတွင် ဤသို့တွေ့ရသည်။ သူပြောမှ တပ်စိတ်က စစ်သည်များကိုကြည့်မိသည်။ အရက်ကိုချိုးပါခွာသောက်မည့်သူ။ ဖဲဝိုင်းတွေ့ပါက တပ်မတော်အတွင်း ခံသာချန်၍ ပေါင်နှံရောင်းစားပြီး ရွာတကာလှည့်ဖဲရိုက်တတ်သည့်သူ။ ထစ်ခနဲဆို ထိုးကြိတ်ပြီးပြဿနာ ပေါင်း သောင်းခြောက်ထောင်ရှာတတ်သူ။

စာ-၁၃ မှ

ယခုစာအုပ်တွင် ‘ဗိုလ်လူမိုက်’ ‘ကျွန်တော်ဇနုပုဒ်’ ဆရာတပည့် နှစ်ယောက်နှင့် ဇာတ်အိမ်တည်ကာ စိတ်ဝင်စားဖွယ်ရေးသားထားသည်။ စစ်သုံးဝေါဟာရများဖြစ်သော တပ်ခွဲမှူး၊ စက်၊ ၈၂ မမစိန်ပြောင်း၊ ဗုံးသီး ၅၅ လုံး၊ ပွိုင့်ဖိုက် စက်သေနတ်ကြီးတစ်လက်၊ ရန်သူပင်မအခြေစခန်း၊ ရန်သူအလှေအထ၊ မြေအနေအထား စသည်တို့မှာဖတ်ရင်းရင်းနှီးသွားကာ စိတ်ဝင်စားဖွယ်ဖြစ်လာမည်ဖြစ်သည်။

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၇၀၀၀ ဖြင့် ဖြန့်ချိကြောင်းသိရသည်။

# နံပါတ်တစ် ထွက်ရှိလာ




မိုးကောင်းမြေစာပေက ထုတ်ဝေသော သုနေ၏နံပါတ်တစ်စာအုပ် ထွက်ရှိလာသည်။


ယခုစာအုပ်တွင် လူမှုဘဝစိတ်ဓာတ်ခွန်အားကိုဖြစ်ပေါ်စေသည့် ရသစာစု ၂၁ ပုဒ်ပါဝင်ပြီး ဘယ်လိုလုပ်မလဲ၊ ချိန်ခွင်လိုစိတ်ဓာတ်၊ အားသာချက်ကိုရှာ၊ အားနည်းချက်ကိုပြင်၊ နံပါတ်တစ်. . . (၁)၊ ဖွဲ့ရှိပါ. . . သို့သော်၊ နေရာကိုမဖက်တွယ်နဲ့၊ အသုံးဝင်မှုနဲ့နေရာ၊ ခံနိုင်ရည်အား၊ ရွေးချယ်ခွင့်ပေးပါ၊ မှတ်သားပါ၊ နံပါတ်တစ်. . . (၂) စသည်ဖြင့် အကြောင်းအရာစုံလင်စွာဖော်ပြပါရှိသည်။ စာရေးသူက အရာရာတိုင်းမှာ နံပါတ်တစ်ဖြစ်ဖို့ ကြိုးစားနေတယ်ဆိုရင် ဒီစာအုပ်လေးကို ဖတ်ကြည့်ဖို့ညွှန်းဆိုပါရစေဟု အမှာစာတွင် ဆိုထားသည်။

ယခုစာအုပ်ပါ ဖွဲ့ရှိပါ. . . သို့သော်မှ ကောက်နုတ်ဖော်ပြရလျှင် ခြံရဲ့ လေးဖက်လေးတန်မှာရှိနေတဲ့ ထင်း ချောင်းတွေကို အဘိုးအိုကြီးက နေ့ စဉ်နဲ့အမျှ ဖြတ်ယူရောင်းချနေခဲ့တာ နောက်ဆုံးမှာတော့ အကာအရံ ထင်းချောင်းတွေ လုံးဝမရှိတော့တဲ့အထိပါပဲ။ ထင်းချောင်းတွေကိုစပြီး ဖြတ်ယူ ရောင်းချစဉ်ကတည်းက မြင်းမလေးအနေနဲ့ အပြင်ထွက်လို့ ရနေခဲ့ပါပြီ။ ဒါပေမဲ့ လေးဖက်လေးတန်စလုံး ထင်းချောင်းတွေမရှိတော့တာတောင်မှ မြင်းမလေးကတော့ အပြင်ထွက်လို့ မရနိုင်သေးပါဘူး။ အချိန်များစွာကြာတဲ့အထိ အဝင်အထွက်အပေါက်လေးရဲ့ ဝါးလုံးတန်းလေးကို ဖြတ်ကျော်နိုင်ဖို့ မြင်းမလေးက ဖွဲ့ရှိရှိနဲ့ကြိုးစားနေဆဲပါပဲ။ ဒီပုံပြင်လေးထဲမှာ မြင်းမလေးက ကြိုးစားပါတယ်။ သူ့ရဲ့လွတ်မြောက်မှု၊ သူ့ရဲ့ရည်မှန်းချက်ပြည့်ဝမှုအတွက် ဖွဲ့ရှိပါတယ်။ သို့သော်. . . သူသတိမထားလိုက်မိတာက သူ့ကိုကာရံထားတဲ့ ဘေးကအတားအဆီးတွေ လုံးဝမရှိတော့ဘူးဆိုတာကိုပါ။ ပြီးတော့ အခြားဘယ်နေရာကနေ လွတ်မြောက်နိုင်မလဲဆိုတဲ့ အချိန်အခါအရ ဖြစ်ပေါ်လာတဲ့အခွင့်အရေးကို မတွက်ဆမိလိုက်ခြင်းပဲ။

စာ-၃၇ မှ

ယခုစာအုပ်ကို အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၄၅၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# ကတူးလူမျိုး(သုတေသနစာစုနှင့် မှတ်တမ်းများ) ပုံနှိပ်ထုတ်ဝေ




ကတူးအမျိုးသားစာပေမှထုတ်ဝေသော ကတူးသန်းနိုင်၏ ကတူးလူမျိုး(သုတေသနစာစုနှင့်မှတ်တမ်းများ)စာအုပ် ထွက်ရှိလာသည်။


ယခုစာအုပ်တွင် အဖွင့်စာမျက်နှာ၌ ဤသို့တွေ့ရသည်။ မြန်မာ့ခေတ်ဦးသမိုင်းတွင် တွေ့ရသော ပျူ၊ သက်၊ ကမ်းယံလူမျိုးကြီးသုံးစုအနက် သက်အုပ်စုတွင် ပါဝင်သည်။ ထိုသို့ သမိုင်းကြောင်းအခိုင်အမာရှိသော်လည်း မြန်မာ့သမိုင်းစာပေတွင် လူသိနည်းလှသော ကတူးလူမျိုးများအကြောင်းကို ဤစာအုပ်၌ မိတ်ဆက်တင်ပြထားသည် စသည်ဖြင့် တွေ့ရသည်။

ယခုစာအုပ်တွင် သမိုင်းပါမောက္ခ ဒေါက်တာကျော်ဝင်း(ငြိမ်း)၏ အမှာစာ၊ စာရေးသူ၏အမှာစာတို့ပါဝင်ပြီး ကောက်နုတ်ဖော်ပြရလျှင် ကတူးလူမျိုးသည် (၁)ကချင်၊ (၂) ချင်းလား၊ (၃) ဗမာ လား၊ (၄) ရှမ်းလား၊ (၅) ချင်း- ကချင်-ရှမ်း၊ ဗမာ အရောအနှောကပြားလား ထိုသို့အမေးခံရပါက စာရေးသူအနေဖြင့် မနုဿဗေဒနယ်ပယ်၊ ဘာသာဗေဒနယ်ပယ်တို့မှ အပြည့်အစုံရှင်းပြရန်မလွယ်ကူသဖြင့် ကတူးသည် ကတူးသာဖြစ်သည်ဟု တိုတိုတုတ်တုတ်ပင်ဖြေမိပါသည် စသည်ဖြင့်လည်းကောင်း တွေ့ရသည်။

ယခုစာအုပ်တွင် အပိုင်း(၁)နှင့် အပိုင်း(၂) ခွဲခြားဖော်ပြထားပြီး အပိုင်းတစ်ခုချင်းစီတွင် ခေါင်းစဉ်အသီးသီးဖြင့် ရှင်းလင်းဖော်ပြထားကြောင်းတွေ့ရသည်။ ယခုစာအုပ်ပါ ကတူးလူမျိုးနှင့်စပ်လျဉ်း၍ သုတေသီတို့၏ အယူအဆများမှ ကောက်နုတ်ဖော်ပြရလျှင် “ကတူးလူမျိုးများ မူလအစ မည်သူမည်ဝါဖြစ်သည်ဆိုသည်မှာ မသေချာမရေရာသေးသော်လည်း ယခုအခါ၎င်းတို့သည် ဗမာနှင့်ရှမ်းသွေးတစ်ဝက်နှောသည်ဟုဆိုသည်ထက် အနည်းငယ်မျှပို၍ ချင်းနှင့် ကချင်သွေးလည်းမကင်းချေ စသည်ဖြင့်ဖော်ပြထားသည်။

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၈၅၀၀ ဖြင့် ဖြန့်ချိကြောင်းသိရသည်။

# နှင်းခဲပျော်ချိန် ထွက်ရှိလာ




ပါရီစာပေက တတိယအကြိမ် ထုတ်ဝေသော ကျော်ဝင်း၏ နှင်းခဲပျော်ချိန်စာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်တွင် ဘာသာပြန်သူ၏ မိတ်ဆက်အမှာစာပါရှိပြီး ကောက်နုတ်ဖော်ပြရလျှင် ယခုဘာသာပြန်မည့် ‘နှင်းခဲပျော်ချိန်’ (THE THAW) ကို ၁၉၅၄ ခုနှစ်က ထုတ်ဝေသည့် အာရင်ဗတ်၏ နောက်ဆုံးဝတ္ထုဖြစ်သလို အဝေဖန်အတိုက်ခိုက်ခံရဆုံးလည်းဖြစ်မည်ထင်သည်။ အထူးသဖြင့် လက်ဝဲဝါဒီများက မကြိုက်။ ရုရှားစာပေအစဉ်အလာမှ လမ်းခွဲထွက်သွားသော ဝတ္ထုဟု ဆိုဗီယက်စာပေမဂ္ဂဇင်းက မှတ်ချက်ချသည်ကို ဖတ်ဖူးသည်။ ယဉ်ကျေးမှုတော်လှန်ရေးကာလ တရုတ်တပ်နီလူငယ်များကမူ အာရင်ဗတ်ကို ပျစ်ပျစ်နှစ်နှစ်ဆဲကြသည်ဟုကြားရသည်။ မည်သို့ပင်ဆိုစေ ‘နှင်းခဲပျော်ချိန်’မှာ အာရင်ဗတ်ဝတ္ထုများထဲမှ စာရေးသူအစွဲလမ်းဆုံးဖြစ်နေသည်။ ထားပါတော့ စသည်ဖြင့် တွေ့ရသည်။

ယခုစာအုပ်တွင် ဝတ္ထုဇာတ်လမ်းပါ ဇာတ်ဆောင်များ၏အမည်စာရင်းကို စာအုပ်အဖွင့်တွင် ရှင်းလင်းရေးသားဖော်ပြထားကြောင်း တွေ့ရသည်။ ယခုစာအုပ်မှာမြန်မာစာဖတ်ပရိသတ်တို့နှင့်မစိမ်းသော အီလျာအာရင်ဗတ်၏ စာပေလက်ရာတစ်ခုဖြစ်သည်။ ယခုစာအုပ်တစ်နေရာတွင် ဤသို့တွေ့ရသည်။

ကျောင်းဆရာဟောင်း အင်ဒရေပုကော့ဗ်တို့မိသားစုမှာမူ စာဖတ်သူဆွေးနွေးပွဲသို့ တစ်ယောက်မှ မတက်ဖြစ်လိုက်ပါ။ အင်ဒရေ၏ သမီး ဆွန်ယာမှာ အစကသွားဖို့ စိတ်ကူးထားသော်လည်း တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုနေ့မှာသူမဖခင်ကြီး၏ ၆၄ နှစ်မြောက်မွေးနေ့ဖြစ်နေသည်။ “ဘာပဲဖြစ်ဖြစ် ညည်းအဖေမွေးနေ့ကို လုပ်ဖြစ်အောင်လုပ်ရမယ်”

စာ-၅၇ မှ

ယခုစာအုပ်ကို ဤသို့အဆုံးသတ်ထားသည်။ “နွေဦးပေါက်ပြီနော်” “ဟုတ်တယ်။ နှင်းခဲတွေအရည်ပျော်ကုန်ပြီ” ဒီမိထရိက လီနာ့လက်ကို ဖျစ်လိုက်သည်။

ယခုစာအုပ်ကို အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၈၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# သွေးသက်သေညွှန်းနှင့် အခြားဝတ္ထုများ ထုတ်ဝေဖြန့်ချိ




ရွှေပိုးအိမ်စာပေက ထုတ်ဝေသော ဗိုလ်ကျော်ဖေ(ဝါးရင်းတုတ်)၏ သွေးသက်သေညွှန်းနှင့် အခြားဝတ္ထုများစာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်တွင် စာရေးသူ၏ ကိုယ်ရေးအကျဉ်း ဖော်ပြထားပြီး တပ်မတော်သားမိဘမှမွေးဖွားလာသည့်သူဖြစ်ကာ ဗိုလ်ကြီးအဆင့်ဖြင့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ကြောင်း တွေ့ရသည်။

ယခုစာအုပ်တွင် သွေးသက်သေညွှန်း၊ သက်မဲ့ညို့ကွင်း၊ မော်ဆန်သောကျည်ဆန်၊ ဝါးရင်းတုတ်ဇာတိ၊ ခရီးကြမ်းနှင့် တောစံပယ်၊ အသက်ကိုရင်း၍၊ တောင်ငယ် (သို့မဟုတ်) ဗိုလ်ကျော်ဖေရွာ စသည့်ဝတ္ထုတိုခုနစ်ပုဒ်ပါဝင်ကြောင်း တွေ့ရသည်။

ယခုစာအုပ်ပါ မော်ဆန်သောကျည်ဆန်မှ ကောက်နုတ်ဖော်ပြရလျှင် ပစ်ရင်းခတ်ရင်းမှ ရဲဘော်များ ထမိန်ထုပ်လည်းထမ်း ကလေးလည်းဆွဲ သေနတ်လည်းပစ်ပေ့။ မိမိတပ်အင်အားနည်းပါသည်။ ဆယ်ဦးမပြည့်ပါ။ တောင်ငယ်ရွာနှင့်ပတ်သက်၍ Ye Ning စာမူမှာအသေးစိတ်ပါပြီးလို့ ထပ်မရေးလိုပါ။ ခေါင်းစဉ်ပါ အကြောင်းအရာအတွက် နိဒါန်းပျိုးခြင်းမျှသာဖြစ်သည်။ ရက်တွေကြာတော့ ရွာသားများ ဟင်းစားခက်ခဲလာသည်။ အမဲပစ်ထွက်ဖို့ ဆုံးဖြတ်လိုက်သည်။ အခြားသူများ စိတ်မချ၍ မိမိကိုယ်တိုင်သွားမည်၊ စိတ်ကြိုက်ဂျီသရီး တစ်လက်ယူ၍ စမ်းသပ်သည်။ မစမ်းသပ်၍မရ ရန်သူနယ်ထဲ မိမိတစ်ယောက်တည်းသွားရမည်။ လူများရင်ခြေများမည်(မိုင်းစိတ်မချ)၊ မိမိထောင်သည့်မိုင်းနေရာ မိမိသိသည်။ ရန်သူမိုင်းနေရာလည်းရှောင်ရမည်။ တိုက်ပွဲဝင်ရန်သွားခြင်း မဟုတ်ဘဲ မုဆိုးတစ်ယောက်လိုသွားခြင်းဖြစ်၍ လူပိုမခေါ်ပါ။ ဖိနပ်မပါ ဘောင်းဘီတိုနှင့် ရေလဲပိုင်းခါးစည်းလိုက်သည်။ နေ့ချင်းပြန်ခရီးဖြစ်၍ အပိုဘာမှမယူပါ။ အရေးအကြောင်းဖြစ်လည်း ပေါ့ပေါ့ပါးပါးလှုပ်ရှားနိုင်ဖို့ဖြစ်သည်။

စာ-၇၃၊ ၇၄ မှ

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၆၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

နေမျိုး
စုစည်းသည်
ထွန်းဦး

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၃)
## (၂၀၂၃ ခုနှစ် မေလ ၉ ရက်)
## လျှောက်လွှာခေါ်ယူခြင်း

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့/မြန်မာစာ(သတင်းအတတ်ပညာ)ဦးစားပေးမည်)
(ခ) စာပြင်(ဝိဇ္ဇာဘွဲ့/မြန်မာစာ(သတင်းအတတ်ပညာ)ဦးစားပေးမည်)
(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက် လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။
(ခ) ၂၀၂၃ ခုနှစ် မတ်လ(၃၁)ရက်နေ့တွင် အသက်(၂၈)နှစ်မကျော်လွန်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/အပျိုဖြစ်ရမည်။
(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။ လိုအပ်ပါက စစ်သည်/စစ်သမီးအဖြစ်တာဝန်ထမ်းဆောင်နိုင်ရမည်။
(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)
(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)
(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)
(ဃ) ရတနာပုံသတင်းစာတိုက်

၄။ လျှောက်လွှာများကို ၁၀-၅-၂၀၂၃ ရက်မှ ၂၄-၅-၂၀၂၃ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအားထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၃ ခုနှစ် မေလ ၂၅ ရက်နှင့် ၂၆ ရက်တို့၌ ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| နေပြည်တော် | ဖုန်း - ၀၉-၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉-၂၅၀၀၀၀၈၅၄၊ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း - ၀၉-၄၂၅၃၅၃၃၉၇၊ ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း - ၀၉-၆၈၃၂၅၉၇၇၄၊ ၀၉-၄၀၁၆၀၅၀၇၁ |

## မွန်ပြည်နယ်တွင် ယခုဘဏ္ဍာနှစ်အတွင်းတည်ဆောက်မည့် အပြည်ပြည်ဆိုင်ရာလေယာဉ်ကွင်းသစ် တည်ဆောက်ရေးစီမံကိန်း၌ ရေလွှဲမြောင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်


မွန်ပြည်နယ်ရှိ မော်လမြိုင်လေဆိပ်ကို တွေ့ရစဉ်။

**နေပြည်တော် မေ ၉**

မွန်ပြည်နယ် မုဒုံမြို့နယ် ကော့ပရံကျေးရွာအနီးတွင် ယခုဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်တည်ဆောက်သွားမည့် နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာလေယာဉ်ကွင်းသစ် တည်ဆောက်ရေးစီမံကိန်း၌ ရေလွှဲမြောင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ သတင်းများအရ သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး တည်ဆောက်ရေး(၆) ရန်ကုန်မြို့သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် မွန်ပြည်နယ် မုဒုံမြို့အနီးတွင် အကောင်အထည်ဖော်တည်ဆောက်သွားမည့် နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာလေယာဉ်ကွင်းသစ် စီမံကိန်း၌ ရေလွှဲမြောင်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါရေလွှဲမြောင်းများတွင် စီမံကိန်းနှင့်မလွတ်ကင်းသည့် ချောင်းများ၊ တူးမြောင်းများ ရေလမ်းကြောင်း လွှဲခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် လိုအပ်သည့်တည် ဆောက်ရေးပစ္စည်းများကိုလည်း ဝယ်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် လက်ရှိတွင် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များကို အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ တင်ဒါအဆိုပြုလွှာများကို မေ ၈ ရက်မှ ၁၂ ရက်ထိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး တည်ဆောက်ရေး(၆) ရန်ကုန်မြို့တွင် ရောင်းချပေးသွားမည်ဖြစ်ပြီး တင်ဒါအဆိုပြုလွှာများကို မေ ၁၇ ရက်မှ ၁၉ ရက်ထိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးသို့ ပြန်လည်တင်သွင်းရမည်ဖြစ်ကြောင်း၊ မေ ၂၆ ရက်တွင် ညွှန်ကြားရေးမှူးရုံး၊ မွန်ပြည်နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မော်လမြိုင်မြို့၌ တင်ဒါဖွင့်လှစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာလေဆိပ်ကို မွန်ပြည်နယ် မုဒုံမြို့နယ် ကော့ပရံကျေးရွာအနီးတွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ လေဆိပ်အသစ်အတွက် ပင်မလေယာဉ်ကွင်းဧရိယာကို ၃၄၄၇ ဒသမ ၄၂ ဧက သတ်မှတ်ထားပြီး လေဆိပ်အဝင်လမ်းကို ၄၄ ဒသမ ၅၁ ဧက လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။ SKL


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။


"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ


အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm








## သက်ဆိုင်သူများကန့်ကွက်နိုင်ရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြေတိုင်းရပ်ကွက် (၅၉၀)၊ မြေကွက်အမှတ်(၂-က)၊ ဧရိယာ (၃. ၉၂၅)ဧကနှင့် မြေကွက်အမှတ် (၂-ခ)၊ ဧရိယာ (၁. ၆၀၈)ဧကအကျယ်အဝန်းရှိ ဂရန်မြေပေါ်တွင် Mandalay Garden City Co.,Ltd မှ ဆောက်လုပ်ထားသော Garden City Apartment Complex ၏ တိုက်အမှတ်(၇)၊ အခန်းအမှတ်(၃)၊ အလွှာ (၅)၊ (၆၀၅) စတုရန်းပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် တိုက်ခန်းသွယ်တန်းတပ်ဆင်ထားသည့် ပစ္စည်းအားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင် လက်ဝယ်ရှိသူ ဒေါ်စိုးစိုးအောင် (ဘ) ဦးအောင်ထွန်း (၉/မရတ(နိုင်)၀၃၁၆၅၅) ထံမှ ဒေါ်နန်းတင်တင်ထွေး (ဘ) ဦးစိုင်းထွန်းမြတ် (၉/မထလ(နိုင်)၁၇၃၈၆၇)က ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက တရားဝင် ပိုင်ဆိုင်ခွင့်ရရှိစေရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နန်းတင်တင်ထွေး (ဘ) ဦးစိုင်းထွန်းမြတ်**
**(၉/မထလ(နိုင်)၁၇၃၈၆၇)၊ 09-5230450**

### ပျောက်ဆုံးကြောင်း

ရန်ကင်းတောင်ဥယျာဉ်တသင်တိုက်နေ ဦးပဏ္ဍိစ္စ(ဘ)ဦးမြအောင်(၉/မသက(သ)၀၀၀၈၀၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-052303)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၈၇၄၅၁၆၁

### ပျောက်ဆုံးကြောင်း

လားရှိုးမြို့နေ မျှော်လွှတ် (ဘ) ဦးလော်ရီဝင် (၁၃/လရန(နိုင်)၁၆၉၁၂၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-847553)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၇၆၉၂၀၀၆၀

### ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ စစ်တန်းရပ်၊ အိမ်အမှတ်(၁၉၆)နေ နိုင်ဝင်းဖော် (ခ) ဟိုမနတ် (ဘ) ဦးကူလ်ပါဆင် (၉/မကန(နိုင်)၁၀၉၈၄၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (M-470528) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေး ပါရန်။ ၀၉-၂၅၈၀၃၃၀၄၉

### ပျောက်ဆုံးကြောင်း

မြင်းခြံမြို့၊ ထိန်ပင်းရွာနေ ဇင်ကိုထက် (ဘ) ဦးစိုးနိုင် (၉/မခန(နိုင်)၂၆၇၃၃၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-103203) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၈၇၅၁၂၁၃၀

## အမည်ပြောင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်နေ (ဘ) ဦးအေးလွင် (၁၂/လမန(နိုင်)၁၂၃၄၇၄)၏သမီး မပန်ရတီသန့် အား မပန်ပြည့်ပြည့်သန့် ဟု အမည်ပြောင်းလဲခေါ် ဆိုပါရန်။

**မပန်ပြည့်ပြည့်သန့် (၉/ ခအဇ(နိုင်)၀၇၁၈၆၈)**

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းဝင်နံပါတ်-က/၁၂၀၀၄ မောင်သက်လွင်ဦး ၏ ဖခင်အမည်မှန်မှာ ဦးတင်အောင် ဖြစ်ပါကြောင်း။

**ဦးတင်အောင်**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

အမရပူရမြို့နယ်၊ ချွေကြက်ယက်ကျေးရွာ၊ မိုးကောင်းရပ်နေ ဦးဇော်မင်း-ဒေါ်နွဲ့နွဲ့ကြည် တို့၏သားဖြစ်သူ **မောင်ရှိုင်းဇော်ဦး (၉/အမရ(နိုင်)၁၄၁၀၇၃)**သည် မိဘတို့၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပြီး ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဦးဇော်မင်း(၅/ စကန(နိုင်)၀၁၄၆၅၄)**
**ဒေါ်နွဲ့နွဲ့ကြည်(၉/ အမရ(နိုင်)၀၆၉၉၆၉၂)**

### ပျောက်ဆုံးကြောင်း

ကျုံပျော်မြို့နေ ထက်ထက်အောင် (ဘ) ဦးအောင်ဆန်း (၁၄/ကပန(နိုင်)၂၂၄၅၁၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-061286)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၈၇၈၄၆၄၉၈

### ပျောက်ဆုံးကြောင်း

ကြံခင်းမြို့နေ ဒေါ်မွန်မွန်ကြည် (ဘ) ဦးလှကြည် (၇/ရတန(နိုင်)၁၀၅၀၃၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-127047)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၀၆၈၄၆၇၈

### ပျောက်ဆုံးကြောင်း

ဟသာတမြို့နေ စေစေအောင်(ဘ) ဦးအောင်ငြိမ်း (၁၄/ဟသတ(နိုင်)၁၃၁၀၃၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-129780)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၇၂၃၇၆၂၇၇

### ပျောက်ဆုံးကြောင်း

ပုသိမ်မြို့နေ ရစ်မျိုးနိုင် (ဘ) ဦးမျိုးသန့် (၁၄/ပသန(နိုင်)၂၀၈၁၂၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-704056)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၆၁၅၇၄၈၄၅

ဥတုရာသီ တောကိုမှီ

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

ရန်သူမီးဘေး တားဆီးရေး မနေးဆောင်ရွက်ကြ

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်၊ အမှတ် (၄)ရပ်ကွက်၊ ယ-၄/၉၂ (၄၀×၆၀)ပေသည် ကျွန်မ ဒေါ်အေးအေးမော် (ဘ) ဦးသောင်းရွှေ မှ ၂၃-၂-၂၀၀၈ ရက်နေ့တွင် အပြီးအပိုင် ဝယ်ယူထားသောမြေကွက်ဖြစ်ပါသည်။ ၎င်းမြေမှ (၂၀×၆၀) ပေအား ရောင်းချထားပြီးဖြစ်ပါ၍ ကျန်မြေနှင့်အဆောက်အဦးအား ကျွန်မအနေဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းထားခြင်းမရှိပါကြောင်းနှင့် ၎င်းမြေနှင့်အဆောက်အဦးအား ကျွန်မ လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးမော်**
**(၁၄/ညတန(နိုင်)၁၃၉၅၀၅)**
**၀၉-၄၄၀၀၃၆၆၉၄**

### ပျောက်ဆုံးကြောင်း

ဖြူးမြို့နယ်နေ ဆောင်ရန်နိုင်စိုး(ဘ) ဦးကျော်သန်း (၇/ဖမန(နိုင်)၁၅၂၅၀၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-381897)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၇၇၁၃၀၅၀၀

### ပျောက်ဆုံးကြောင်း

ပုသိမ်မြို့နေ မလှိုင်းစာခြည် (ဘ) ဦးအောင်မြင့် (၁၄/ပသန(နိုင်)၂၅၉၂၇၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-070643)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၇၈၇၀၁၁၅၅

မီး သတိပြု

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သည့် ကျေးလက်စီးပွားရေး တစ်နည်းအားဖြင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အားပေးဆောင်ရွက်ရန်လို...

❖ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါက ဝယ်လိုအားတက်လာမည်ဖြစ်...

❖ ငွေကြေးလည်ပတ်မှုများကောင်းမွန်လာပြီး ကုန်ထုတ်လုပ်မှုများတိုးတက်လာမည်ဖြစ်ကာ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်...

❖ MSME လုပ်ငန်းများကို ပြည်တွင်းစီးပွားရေးကို အားပေးရန်၊ ပြည်ပသွင်းကုန်အစားထိုးရန်နှင့် ပြည်ပပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရေးအတွက် အားပေးဆောင်ရွက်နေခြင်းဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ပြုလုပ်သော ကချင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

# ဆီးဂိမ်းခြင်းလုံးပြိုင်ပွဲများအပြီးတွင် မြန်မာအသင်းက ရွှေ လေးခု၊ ငွေ သုံးခု၊ ကြေး တစ်ခုဖြင့် နိုင်ငံအလိုက် ပထမရရှိ

**ကမ္ဘောဒီးယား မေ ၉**

(၃၂)ကြိမ်မြောက် ဆီးဂိမ်းခြင်းလုံးပြိုင်ပွဲနောက်ဆုံးနေ့ကို ယနေ့ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားနှစ်ခုစလုံးတွင် မြန်မာအသင်းက ရွှေတံဆိပ်ဆုများ ဆွတ်ခူးခဲ့သည်။

ဆီးဂိမ်းခြင်းလုံးပြိုင်ပွဲ နောက်ဆုံးနေ့တွင် **Event-4**ပြိုင်ပွဲနှစ်ခုထည့်သွင်းကျင်းပခဲ့ပြီး အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲ နှစ်ခုစလုံးတွင် ချန်ပီယံဆုရရှိခဲ့ခြင်းဖြစ်ကာ အမျိုးသားပြိုင်ပွဲ၌ မြန်မာအသင်းက ရမှတ် ၉၃ မှတ်ဖြင့် ရွှေတံဆိပ်၊လာအိုအသင်းက ငွေတံဆိပ်၊ အိမ်ရှင်ကမ္ဘောဒီးယားအသင်းက ကြေးတံဆိပ်ရရှိပြီး အမျိုးသမီးပြိုင်ပွဲ၌ မြန်မာအသင်းက ရမှတ် ၁၀၁ မှတ်ဖြင့် ရွှေတံဆိပ်၊ ထိုင်းအသင်းက

စာမျက်နှာ ၁၆ ကော်လံ ၄ ☆




(၃၂)ကြိမ်မြောက် ဆီးဂိမ်းခြင်းလုံးပြိုင်ပွဲတွင် မြန်မာအသင်း ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**တရားမဝင်ကိုင်ဆောင်ထားသည့် လက်နက်ခဲယမ်းများကို လိုင်စင်လျှောက်ထားရန် အသိပေးထုတ်ပြန်ချက်**

စာမျက်နှာ - ၁၇

**ပိုင်းဆတ်မြို့ အတွင်း မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်း တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် နေရာများ၌ လိုအပ်သည့်ကူညီ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်**

စာမျက်နှာ - ၂၂

**ထူးခြားသည့် နေ့အပူချိန်များ**

(၉-၅-၂၀၂၃)

| | | |
|---|---|---|
| ချောက်မြို့ | ၄၆ | ဒီဂရီစင်တီဂရိတ် |
| ဂန့်ဂေါမြို့ | ၄၅ | ဒီဂရီစင်တီဂရိတ် |
| ဆောသလဲမြို့ | ၄၅ | ဒီဂရီစင်တီဂရိတ် |
| ကလေးဝမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| ညောင်ဦးမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| တံတားဦးမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| မင်းဘူးမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| မကွေးမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| တောင်ငူမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |


အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563